မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၀၀)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

၂၀၁၄ ခုနှစ်၊ မေ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့်ဥပဒေများ ပေါ်ထွက်လာရေး အားလုံးပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၂၂

ပြည်ထောင်စုလွှတ်တော်တွင် ဆောင်ရွက်ဆဲဥပဒေများနှင့် ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ရေးဆွဲသင့်သောဥပဒေများဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ် (၅၉) ရှိ လွှတ်တော်ရုံးခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊

စာမျက်နှာ ၈ ကော်လံ ၁ ✻

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်ထောင်စုလွှတ်တော်တွင် ဆောင်ရွက်ဆဲဥပဒေများနှင့် ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ရေးဆွဲသင့်သော ဥပဒေများဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကြာအိုင်ကျေးရွာ၌ ပေ ၆၀၀ အနက်ရှိ လေးလက်မစက်ရေတွင်း တူးဖော်နေစဉ်။ (သတင်း-၉)

ဓာတ်ပုံ-မောင်ဇော်

အတတ်ပညာကျွမ်းကျင်သူ လူငယ်များ မွေးထုတ်မည်

ရန်ကုန် မေ ၂၂

သတင်း-မောင်မောင်မြင့်ဆွေ

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည့် ပြည်တွင်းမှ ကျွမ်းကျင်လုပ်သားများ၊ အတတ်ပညာကျွမ်းကျင်သူများ ရှားပါးနေခြင်းကို ဖြည့်ဆည်းပံ့ပိုးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် လူမှုအဖွဲ့အစည်းတစ်ခုတို့က ပူးပေါင်းကာ သင်တန်းများဖွင့်လှစ်ပေးရန် စီစဉ်နေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် အတတ်ပညာကျွမ်းကျင်သူ ရှားပါးလာခြင်းကို တဖြည်းဖြည်း ဖြည့်ဆည်းသွားရန် ရည်ရွယ်ကာ ရန်ကုန်၊ မန္တလေးနှင့် ပခုက္ကူမြို့များတွင် အတတ်ပညာကျွမ်းကျင်မှုသင်တန်းများ ပေးသွားရန် စီစဉ်နေခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)က အမေရိကန်ဒေါ်လာနှစ်သန်း ကူညီထောက်ပံ့မည်ဖြစ်ပြီး မြန်မာနိုင်ငံအစိုးရက အမေရိကန်ဒေါ်လာငါးသိန်း ဖြည့်ဆည်းပေးကာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

လူငယ်များအတွက် အတတ်ပညာ ကျွမ်းကျင်မှုသင်တန်းများကို ရန်ကုန်၊ မန္တလေးနှင့် ပခုက္ကူမြို့ကြီးများတွင် လာမည့်နိုဝင်ဘာလမှ စတင်ကာ သင်ကြားပေးသွားမည်ဖြစ်သည်။ အတတ်ပညာ ကျွမ်းကျင်မှုသင်တန်းများကို လောလောဆယ်တွင် သင်တန်းကာလ သုံးလတာမျှ သတ်မှတ်ထားသည်။

သင်တန်း တက်ရောက်မည့်သူများကိုလည်း ဆင်းရဲနွမ်းပါးသည့် မိသားစုများမှ လူငယ်အမျိုးသားအမျိုးသမီးများကို ဦးစားပေးရွေးချယ်သွားရန် စီစဉ်ထားသည်။ ယေဘုယျ

စာမျက်နှာ ၃ ကော်လံ ၄ ✻

ယနေ့

» မာတိကာ

ကိုရီးယားသင်္ဘောတိမ်းမှောက်မှု သေဆုံးသူ ၁၀၀ ကျော်ရှိ စာ » ၄

လီဗာပူးကို အမီလိုက်ရန် မန်စီးတီးကြိုးစား စာ » ၅

ဒီမိုကရေစီခေတ်ပြောင်းချိန် ပညာရေးအတွေးအမြင်များ ဆောင်းပါး စာ » ၆

သမိုင်းဝင်ဇေယျဝတီ မြို့ရိုးဟောင်း အချိန်မီထိန်းသိမ်းရန် လိုအပ်နေ စာ » ၁၂

ပျူမြို့ဟောင်း ဟန်လင်းသို့ တစ်ခေါက် စာ » ၁၅

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ထိရောက်စွာဖော်ဆောင်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့ ပူးပေါင်းဆောင်ရွက်သည့် စိုက်ပျိုးရေး၊မွေးမြူရေးဆိုင်ရာ မဟာဗျူဟာ စီမံချက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရေးစီမံကိန်း၊ စီမံကိန်းသဘောတူညီချက်လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။ ဝန်ကြီးဌာနနှင့် FAO တို့ ပူးပေါင်းပြီး စိုက်ပျိုးမွေးမြူရေးဆိုင်ရာ မဟာဗျူဟာ စီမံချက်ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးစီမံကိန်း (NAPA) ကို ဆောင်ရွက်ခြင်းအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်များအား မဟာဗျူဟာနည်းလမ်းများအရ ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မကြာသေးမီက ကြားသိလိုက်ရသည်။

မိမိတို့နိုင်ငံ၏ နိုင်ငံသား ၇၀ရာခိုင်နှုန်းကျော်သည့် တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း ၆၄၃၄၆ ရွာတွင် ပြန့်ကြဲနေထိုင်လျက်ရှိနေကြသည်။ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ကျေးလက်နေပြည်သူများဘဝနှင့် လူနေမှုဖွံ့ဖြိုးလာမှုက အဓိကကျလှသည်။ ထိုကျေးလက်နေ ပြည်သူအားလုံးနီးပါးသည် စိုက်ပျိုးရေးကို အခြေခံစီးပွားရေးအဖြစ် အဓိကထား အားစိုက်လုပ်ကိုင်လျက်ရှိနေကြရာ ယခုရေးဆွဲလျက်ရှိနေသော စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ မဟာဗျူဟာကအထောက်အကူရရှိစေမည် ဖြစ်သည်။

မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးသည် ရှေးရိုးအစဉ်အလာအတိုင်း လက်မှုလယ်ယာစနစ်က ရုန်းမထွက်နိုင်ရှိနေဆဲ ဖြစ်သည်။ ထွန်ယက်စိုက်ပျိုးရန် ကျွဲ၊ နွားနှင့်ဖက်ကာ ရုန်းကန်လှုပ်ရှားလျက်ရှိနေဆဲဖြစ်သည်။ စိုက်ပျိုးရိတ်သိမ်းရန် လူ့လုပ်အားကို အားကိုးနေရဆဲဖြစ်ပေသည်။ ယခုအခါလယ်ယာမြေ၏ အဓိက လုပ်အားရှင်များ ပါးလျားလာပြီဖြစ်သည်။

မွန်ပြည်နယ်တွင် လယ်ယာလုပ်သားရှားပါးလာနေမှုကို တလောကMRTV-4တွင် ရိုက်ကူးပြသသွားသည်။ သာမန် လယ်လုပ်သားတစ်ယောက်၏ တစ်နှစ်လုပ်အားခမှာ စပါးတင်း ၁၀၀ ကာလပေါက်ဈေးငွေကျပ်လေးသိန်း ပျမ်းမျှတစ်လဝင်ငွေ ၃၃၀၀၀ သာရှိသည်။ အဆိုပါ ဝင်ငွေနှင့်မိသားစုဘဝကို မထိန်းနိုင်၊ နီးစပ်ရာနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကြရသည်။

ဤသို့ဖြင့် လယ်ယာလုပ်ငန်းခွင်မှာ လုပ်အားရှင်များ ရှားပါးလာသည်။ ဒေသခံလုပ်သားမရှိ၍ အဝေးမှအာဂန္တုကို ငှားရမ်းလုပ်ကိုင်လျှင် လုပ်အားခတစ်ဆပိုပေးရသည်။ လယ်ရှင်အတွက် တွက်ခြေမကိုက်အခက်တွေ့နေရကြောင်း သိရသည်။ မိမိတို့နိုင်ငံ၏ ဦးနှောက်ယိုစီးမှု ဆိုးကျိုးသက်ရောက်မှုတစ်ခုဖြစ်သည်။

တစ်ဖန် လယ်ယာလုပ်ငန်းခွင်၌ လုပ်အားရှင်များဖြစ်သည့် ကျွဲ၊ နွားများ ရှားပါးလာနေခြင်းဖြစ်သည်။ နမူနာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မြို့နယ်တစ်ခုတွင် တစ်ဖက်နိုင်ငံသို့ တရားမဝင်နွားမှောင်ခိုရောင်းဝယ်မှု နေ့စဉ်လိုလိုရှိနေ၍ လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းနွားများရှားပါးလာမှု ကြုံလာနေရကြောင်း သိရသည်။

လောကသဘာဝ "ဖြစ်ချိန်တန်ဖြစ် ပျက်ချိန်တန်ပျက်" နိယာမဖြစ်သည်။ တားဆီးပိတ်ပင်မရစကောင်းသည့် သင်္ခါရဓမ္မ၏ အနှစ်သဘောလဲဖြစ်သည်။ ယခုမိမိတို့နိုင်ငံ၏ လက်မှုလယ်ယာစနစ် တစ်ခေတ်ပြောင်းတော့မည့် အနေအထားကို ဤဖြစ်စဉ်နှစ်ခုက ဖော်ညွှန်းပြဆိုလာနေပြီ။ ဤကား ငြင်းဆိုမရနိုင်သောအချက်ဖြစ်သည်။

ဤအပြောင်းအလဲ၏ ထိရောက်သောအောင်မြင်မှုကို စိုက်ပျိုးမွေးမြူရေးဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရေးစီမံကိန်းက စွမ်းဆောင်မှုပေးနိုင်လိမ့်မည်။ ယုံကြည်မျှော်လင့်ချက်ထား၍ ရနိုင်ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို မဟာဗျူဟာနည်းလမ်းများအရ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ယုံကြည်ပါသည်။

ပြည်တွင်းသတင်း

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပြီးစီးမှုကွင်းဆင်းကြည့်ရှု

ဟိုပန် ဧပြီ ၂၂

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်း ၁၀၀၀၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေတို့ဖြင့် အကောင်အထည်ဖော်နေသည့်လုပ်ငန်းများပြီးစီးမှု ကြည့်ရှုစစ်ဆေးရန်နှင့် လူထုတွေ့ဆုံရန် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးဌာနအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီ ၁၉ ရက် နံနက် ၁၀ နာရီက ပန်လုံမြို့နယ်ခွဲ မုန်းကွန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ဥက္ကဋ္ဌက ကျေးလက်နေပြည်သူများ လူမှုစီးပွားမြင့်မားတိုးတက်ရန်၊ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ စဉ်ဆက်မပျက် ဆောင်ရွက်ပေးနေသည်ကို သိရှိရန်နှင့် ဒေသ၌ အမှန်တကယ်လိုအပ်သည့်လုပ်ငန်းစဉ်ကို တင်ပြရန်မှာကြားသည်။ အတူလိုက်ပါလာသည့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်ပြည့်စုံနှင့် ဝန်ထမ်းများက ကျေးရွာပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသပေးခြင်း ဆောင်ရွက်ပေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဟိုပန်မြို့နယ် ပန်ကောက်ကျေးရွာအုပ်စု၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် န.တ.လ ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၉၄၀ ဖြင့် တည်ဆောက်ဆဲရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နှစ်ဆန်းတစ်ရက်နေ့တွင် ပူတာအိုး၌ ဇီဝိတဒါနငါးလွှတ်

ပူတာအို ဧပြီ ၂၂

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့ ဟိုခိုရပ်ကွက်ရှိ နမ့်ခမ်းတီတံတား နမ်ထွမ်ချောင်းတွင် ဧပြီ ၁၇ ရက် နံနက် ၁၀ နာရီ(နှစ်ဆန်းတစ်ရက်နေ့)က ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ (NGO) အဖွဲ့အစည်းများ၊ ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဘေးမဲ့လွှတ်ပေး

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက နမ်ထွမ်ချောင်းတွင်းသို့ ငါးများကို ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ပေးကြသည်။ နှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ပွဲတွင် ရွှေငါးကြင်းကောင်ရေ ၂၆၅၀၀ ကောင်၊ တီလားပီးယား ၅၀၀ စုစုပေါင်း ငါးကောင်ရေ ၃၀၀၀၀ ကို ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဖုန်းကန်(ပူတာအို)

စာပေမြင့်မှ လူမျိုးတင့်မည်

ထင်သာမြင်သာပြုပြင်စရာ

ရေမြောင်းသစ်ကြီးထဲ စည်းကမ်းမဲ့အမှိုက်တွေစွန့်ပစ်နေ

မကြာမီ မိုးရာသီကာလရောက်ပေတော့မည်၊ မိုးသည်းထန်စွာ ရွာသွန်းပြီဆိုသည်နှင့် ရေမြောင်းများပိတ်ဆို့မှုကြောင့် ရေစီးရေလာမကောင်းဘဲ လမ်းများပေါ် ရေကြီးရေလျှံဖြစ်ပေါ်နေရသည့်မြို့နယ်ရပ်ကွက်လမ်းများတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း၊ မြန်မာ့ဂုဏ်ရည်လမ်း ကန်တော်ကလေး(အရှေ့) ရပ်ကွက်တို့သည်လည်း တစ်နေရာအပါအဝင်ဖြစ်သည်။ ယင်းအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏လမ်းညွှန်မှု၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်အင်ဂျင်နီယာဌာန လမ်း/တံတားမှ အကျယ်ငါးပေ အနက်ငါးပေရှိ ကွန်ကရစ်အုတ်စီ ရေစီးမြောင်းကျယ်ကြီးတစ်ခုကို သိမ်ဖြူလမ်းမှအထက်ပန်းဆိုးတန်းလမ်းအထိ အရှည်ပေ ၉၅၀ ကို ဇန်နဝါရီ ၂၄ ရက်မှစတင်၍ စက်ယန္တရား၊လူအင်အားတို့ဖြင့် တူးဖော်တည်ဆောက်ခဲ့သည်။ ရေစီးမြောင်းကြီးတူးဖော်ပြီး ကွန်ကရစ်အုတ်စီ၍ မြောင်းဖုံးများ၊ မဖုံးပိတ်သေးမီမှာပင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူများကြောင့် မြောင်းအတွင်း ပလတ်စတစ်အိတ်များ၊ ဖော့ဘူးခွံများ၊ အမှိုက်များကကြိုတင်ရောက်ရှိနေပြီကို ဧပြီ ၂၂ ရက် နံနက်က ပုံပါအတိုင်း တွေ့မြင်ရသည်။ စည်ပင်ဝန်ထမ်းများက ဒီကနေ့ ဆယ်ယူရှင်းလင်းသော်လည်း မနက်ဖြန် ထပ်မံစွန့်ပစ်ကြပြန်သည်။

ယခုအခါ ပြင်ပကန်ထရိုက်များဖြင့် နေ့ရောညပါ အမှိုက်သိမ်းလှည်းများဖြင့် နေရာအနှံ့လိုက်လံသိမ်းဆည်းပေးနေသည့်အပြင် စွန့်ပစ်အမှိုက်ပုံးများကိုလည်း နေရာအနှံ့ထားရှိပေးနေပြီ ဖြစ်သော်လည်း စည်းကမ်းမဲ့အမှိုက်ပစ်သူများက ရှိနေမြဲပင်ဖြစ်သည်။ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်။ ရှေ့ကပြင် နောက်က ဖျက်နေသည်ဆိုလျှင် အိတ်ပေါက်နှင့်ဖားကောက်သကဲ့သို့ အရာမထင် ဖြစ်မည်သာဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦးက ဆိုသည်။ စည်းကမ်းမဲ့လမ်းဘေးဈေးရောင်းသူအချို့နှင့် စည်းကမ်းမဲ့သူအချို့တို့၏ အလွယ်တကူစွန့်ပစ်မှုကြောင့် ရေစီးမြောင်းသစ်ကြီးရေမစီးဆင်းရသေးခင်မှာပင် စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များ စတင်ရောက်ရှိနေရာယူနေပြီဖြစ်ရာ "ရေစီးမြောင်းလား၊ အမှိုက်ပစ်ကန်လား" ဆိုရမလို ဖြစ်နေသည်ကို ဓာတ်ပုံရိုက်တင်ပြလိုက်ရပါသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဝင်ခွင့်ရရေးသေချာမှုအတွက် အင်္ဂလိပ်စာသေချာရမှတ်မြင့်မားရန် အကောင်းဆုံးသင်ကြားလေ့ကျင့်ပြင်ဆင်ပေးသည့်
ကော်ကော်ရစ် ၁၀၊ နွေစာသင်လပေးမှုလတန်းပြ
၄ရက်ပြတ် စာမေးပွဲပြင်ဆင်မှုသင်တန်းများ
မြို့ထဲ(ပန်းဆိုးတန်း)၊လှည်းတန်း၊ တာမွေ | ဧပြီလ (၂၇) ရက်နေ့စမည်။

April 27,28,29,30 (4 days)	မြို့ထဲ/လှည်းတန်း	(A)	နံနက် - ၈း၀၀ - ၁၁း၀၀	သင်ကြားမှုနှင့် စာအုပ်စာတမ်း အပြည့်အစုံ သင်တန်းကြေး ၂၀၀၀၀ - ကျပ် အင်္ဂလိပ်စာသချာ် အထွေထွေဗဟုသုတ
	တာမွေ/လှည်းတန်း	(B)	နေ့လည် - ၁၁း၃၀ - ၂း၃၀	
	လှည်းတန်း	(C)	ညနေ - ၃း၀၀ - ၆း၀၀	
May 1,2,3,4 (4 days)	မြို့ထဲ/လှည်းတန်း	(D)	နံနက် - ၈း၀၀ - ၁၁း၀၀	
	တာမွေ/လှည်းတန်း	(E)	နေ့လည် - ၁၁း၃၀ - ၂း၃၀	
	လှည်းတန်း	(F)	ညနေ - ၃း၀၀ - ၆း၀၀	

၃၆၅၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ပန်းဆိုးတန်းမှတ်တိုင်အနီး။ 0931340284
တိုက်(၁)၊ တ-ထပ်၊ ဦးထွန်းလင်းချမ်းလမ်းထိပ်၊ လှည်းတန်းလမ်းဆုံ၊ အင်းစိန်လမ်းမကြီး။ 0949276521
အမှတ်(၂၉၈)၊ တ-ထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေယာယီဈေးရှေ့၊ 0931340284

ဒီဇဝါဥယျာဉ်ရေကူးကန်
ပျော်ပျော်ပါးပါး ရေကူးသင်ကြရအောင်
သင်တန်း(၂၈) ၂၂-၄-၂၀၁၄ မှ ၂၉-၅-၂၀၁၄ ထိ
ကြိုတင်စာရင်း ပေးသွင်းနိုင်ပါပြီ
မိုးရာသီသင်တန်း ဇွန်လ (၁၀)ရက်နေ့စတင်မည်
ဝါရင့်ဆရာများဦးစီးသည် | သင်တန်းသူ - နည်းပြ ဆရာမ သင်သည်။
ကလေးငယ် - ကန်သီးသန့်ရှိသည်။ | နေပူဒဏ်ကာ ကွယ်ရန် သစ်ခွစိမ်း အမိုးရှိသည်၊
ရေကူးတတ်ရန် အာမခံသည်။ | သင်တန်းသားဦးရေကန့်သတ်ထားသည်။
သံသုမာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (ဘောလီတံတားအနီး)
☎ ၀၁ - ၅၆၄၅၇၇(လိုင်းခွဲ) ၂၀၀ ၀၉-၇၃၀၆၃၃၉၂၊ ၀၉-၅၀၈၁၅၃၂၊ ၀၉-၄၃၁ ၂၈၆၁၃၊ ၀၉-၄၂၀၀၀ ၂၆၀၁၊ ၀၉-၄၄၈၅၄၅၈၈၈

ပြည်တွင်းသတင်း

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးညှိနှိုင်း

ကန်ပက်လက် ဧပြီ ၂၂

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ချင်းပြည်နယ်အစိုးရ လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်နှင့်အတူ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများအား မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် ဧပြီ ၁၉ ရက်က တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေး

ဧပြီ ၂၀ ရက်က အမျိုးသမီးသက်မွေးသင်တန်းကျောင်း၊ ဘုန်းတော်ကြီးသင်မူလတန်းလွန်ကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့လည်းကောင်း၊ နတ်မတောင်အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးနှင့် ဝဥစိုက်ပျိုးရေးလုပ်ငန်းတို့ကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်း ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၂

ရခိုင်ပြည်နယ်အတွင်း ၂၀၁၄ ခုနှစ် ဧပြီလဆန်းမှစတင်၍ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) အသီးသီး ပြန်လည်ဝင်ရောက် လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ ရက်အထိ စစ်တွေမြို့ပေါ်တွင် အဖွဲ့ ၁၀ ဖွဲ့နှင့် မောင်တောမြို့ပေါ်တွင် အဖွဲ့လေးဖွဲ့ ရောက်ရှိလျက်ရှိကြောင်း သိရှိရသည်။

လက်ရှိအချိန်တွင် ရခိုင်ပြည်နယ်တွင် လုပ်ငန်းဆောင်ရွက်နေသည့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းစုစုပေါင်း ၂၃ ဖွဲ့အနက် အဖွဲ့ ၁၁ ဖွဲ့မှ နိုင်ငံခြားသား ၃၃ ဦး ရောက်ရှိလုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်သည်။ ဧပြီ ၂၂ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် စစ်တွေမြို့တွင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၁ ဦး၊ မောင်တောမြို့တွင် အမျိုးသား ခြောက်ဦး၊ အမျိုးသမီးငါးဦးတို့ ဖြစ်ကြသည်။

အဆိုပါအဖွဲ့အစည်းများ လုပ်ငန်းများစတင်ရာတွင် ICRC အဖွဲ့သည် ပေါက်တောမြို့နယ်ရှိ အနောက်ရဲကျေးရွာ၊ ငှက်ချောင်းကျေးရွာ၊ ကြိမ်နီပြင်ကျေးရွာတို့ရှိ ဒုက္ခသည်စခန်းများသို့ စက်သုံးဆီထောက်ပံ့ခြင်း စတင်ဆောင်ရွက်နေသကဲ့သို့ အခြားသော အဖွဲ့အစည်းများကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ယင်း အဖွဲ့အစည်းများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် MoU များ လက်မှတ်ရေးထိုးပြီး ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ၊ အရေးပေါ်လူနာသယ်ပို့ရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သောက်သုံးရေရရှိရေးတို့အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေခြင်းဖြစ်သည်။

ထိုအဖွဲ့အစည်းများမှ နိုင်ငံခြားသားများသည် စစ်တွေမြို့နယ်တွင် စစ်တွေဟိုတယ်၌ အခြေပြု၍လည်းကောင်း၊ မောင်တောမြို့နယ်တွင် သက်ဆိုင်ရာရုံးအသီးသီး၌ အခြေပြု၍လည်းကောင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အနီးကပ်လုံခြုံရေး ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း ပြည်ပ ဝန်ထမ်းများအားလုံး အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်နယ်အဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာသို့ ခရီးစဉ်များ ကြိုတင်တင်ပြစေပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အိမ်ထောင်စု ၁၁ သန်းခန့် စာရင်းကောက်ယူပြီးစီးခဲ့

နေပြည်တော် ဧပြီ ၂၂

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို မတ် ၃၀ ရက်မှ စတင်၍ ၁၂ ရက်ကြာ ဆောင်ရွက်ခဲ့ရာ ဧပြီ ၁၀ ရက် ညနေ ၆ နာရီအထိ အိမ်ထောင်စု ၁၀၇၁၉၈၈၇ စုကို ကောက်ယူပြီးစီးခဲ့ကြောင်း သိရှိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကောက်ယူပြီးစီးမှုမှာ ကချင်ပြည်နယ်တွင် အိမ်ထောင်စု ၂၅၁၈၂၄ စု၊ ကယားပြည်နယ်တွင် ၅၇၈၆၆ စု၊ ကရင်ပြည်နယ်တွင် ၃၀၄၂၅၁ စု၊ ချင်းပြည်နယ်တွင် ၈၃၆၂၁ စု၊ စစ်ကိုင်းတိုင်း ဒေသကြီးတွင် ၁၁၀၀၄၈၂ စု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၈၃၆၆၈ စု၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)တွင် ၆၃၁၇၀၃ စု၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တွင် ၅၀၆၂၁၃ စု၊ မကွေးတိုင်းဒေသကြီးတွင် ၉၂၁၉၈၂ စု၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၃၂၇၂၄၄ စု၊ မွန်ပြည်နယ်တွင် ၄၁၄၆၆၀ စု၊ ရခိုင်ပြည်နယ်တွင် ၄၅၉၂၁၇ စု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၅၉၁၈၇၈ စု၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၁၂၆၂၇၃ စု၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၅၁၄၈၀၉ စု၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၃၉၈၄၂၂ စု၊ ဧရာဝတီတိုင်း ဒေသကြီးတွင် ၁၄၈၃၁၃၁ စု၊ နေပြည်တော်ကောင်စီတွင် ၂၆၂၆၄၂ စုတို့ ဖြစ်ကြသည်။

ကေအိုင်အေတပ်ဖွဲ့ဝင်များ၏ ခြိမ်းခြောက်တားမြစ်မှုကြောင့် သန်းခေါင်စာရင်းမကောက်ယူနိုင်ခဲ့သော ကချင်ပြည်နယ်ရှိ ကျေးရွာ ၂၃၁ ရွာအနက် ဧပြီ ၂ ရက်မှ ၁၀ ရက်အထိ တပ်မတော်လုံခြုံရေး အစောင့်အရှောက်ဖြင့် သန်းခေါင်စာရင်းကောက်ယူခဲ့ရာ ကျေးရွာ ၁၁၀ သာ စာရင်းကောက်ယူရန် ကျန်ရှိခဲ့သည်။

ရခိုင်ပြည်နယ်တွင် စာရင်းကောက်ယူရန် ကျန်ရှိသောကျေးရွာများရှိ အိမ်ထောင်စုအချို့အား Technical Delay အဖြစ် စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကောက်ယူရရှိသော လူဦးရေစာရင်းချုပ်အတိအကျအား ပြုစုပြီးစီးပါက ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ (၉)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ပထမထပ်၊ အမှတ် (၄၇) တွင် ပါတီရုံးချုပ် တည်ရှိသော **အမျိုးသားဒီမိုကရေစီအင်အားစုပါတီ**သည် ယင်းပါတီ၏တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၏ တံဆိပ်ပုံစံ

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီတံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ် ကျောက်ချောလမ်းအဆင့်ထိ ဆောင်ရွက်ပေးသွားမည်

ပင်လောင်း ဧပြီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်း နိုင်ငံတော်မှ တည်ဆောက်လျက်ရှိသော အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းရေဝပ်ဧရိယာအတွင်း ကျနေသော ထိန်ပင်နှင့်သပြေကုန်းကျေးရွာအုပ်စုအတွင်းမှ ကျေးရွာပေါင်း ၂၃ ရွာတို့သည် ယခုအခါ နိုင်ငံတော်က စီစဉ်ပေးသည့် အိုးသစ် အိမ်သစ်မြေနေရာအသစ်များ၌ အိမ်ရာသစ်များဆောက်လုပ် နေထိုင်လျက်ရှိကြရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက လိုအပ်သော ကူညီမှုများ ပေးလျက်ရှိသည်။

ယင်းသို့ ကူညီမှုများပေးလျက်ရှိရာတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေး၌ ကျေးရွာဟောင်းများမှ ကျေးရွာသစ်များသို့ ဆက်သွယ်သည့်လမ်းများ၊ ကျေးရွာသစ် အချင်းချင်း ဆက်သွယ်သည့်လမ်းများနှင့် ကျေးရွာတွင်းလမ်းများဟု ခေါင်းစဉ်သုံးခုနှင့် အကောင်အထည်ဖော်ဆောက်လုပ်ပေးလျက်ရှိသည်။

ကျေးရွာချင်းဆက်လမ်းကို လမ်းသားအကျယ်ပေ ၃၀ နှင့် ၂၆ မိုင်၊ ထို့အပြင် ကျေးရွာတွင်းလမ်း ၂၆ မိုင်၊ ၅ ဖာလုံ၊ ဓာတ်အားရုံသွားလမ်း ၁၂ မိုင် စုစုပေါင်း ၆၄ မိုင် ၅ ဖာလုံကို ရေအားလျှပ်စစ်ဦးစီးဌာန တည်ဆောက်ရေး(၁)မှ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)** ယင်းသို့ဆောင်ရွက်ရာတွင် မြေသားလုပ်ငန်းပြီးစီးပါက လမ်းမျက်နှာပြင် ကျောက်ခင်းခြင်းလုပ်ငန်းကို မိုးမကျမီ အပြီးဆောင်ရွက်သွားမည်ဟု သိရသည်။

သတင်းနှင့်ဓာတ်ပုံ – ခရမ်းစိုးမြင့်

✳ ***ရှေ့ဖုံးမှ***

သတ်မှတ်ထားသည့် သုံးလသင်တန်းကာလတစ်ခုတွင် လူငယ်ဦးရေ ၁၀၀၀ ခန့် သင်ကြားပေးနိုင်မည်ဟု ခန့်မှန်းထားသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာလျက်ရှိရာ လုပ်ငန်းကဏ္ဍအလိုက် အတတ်ပညာကျွမ်းကျင်သူများ ရှားပါးနေခြင်းကြောင့် လူငယ်အများအပြား အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးလျက်ရှိသည်။ အလုပ်အကိုင် ရရှိသော်လည်း ထိုက်တန်သည့် လုပ်ခလစာမရရှိဘဲဖြစ်လျက်ရှိသလို လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအတွက် အတတ်ပညာကျွမ်းကျင်သော လူငယ်များခန့်ထားတာဝန်ပေးရေး၌ ခက်ခဲလျက်ရှိနေသည်။

(မြန်မာ့အလင်း)

✳ ***ကျောဖုံးမှ***

ယနေ့နံနက် ၅ နာရီတွင် မန်ယူအသင်း၏ ကာရင်းတန်လေ့ကျင့်ရေးကွင်းသို့ ကားမောင်းရောက်ရှိလာပြီး ၎င်း၏ရုံးခန်းကို ရှင်းလင်းရေးလုပ်ခဲ့ကြောင်းနှင့် မန်ယူအမှုဆောင်အရာရှိချုပ် အက်ဒ်ဝုဒ်ဝပ်ဒ်က ၎င်းအား အလုပ်မှထုတ်ပယ်ကြောင်း သတင်းစကားကို မျက်နှာချင်းဆိုင်ပြောကြားရန် နံနက် ၈ နာရီတွင် ရောက်လာကြောင်းဖြင့်လည်း သတင်းတွင် ဖော်ပြထားသည်။

မန်ချက်စတာ ယူနိုက်တက်အသင်း ပရီမီယာလိဂ်ဆုဖလားကို ရယူခဲ့သည့် တစ်နှစ်တိတိ နှစ်ပတ်လည်သည့်ကာလတွင် မိုယက်စ်အနေဖြင့် ယခုကဲ့သို့ အဖြစ်ဆိုးကို ကြုံလိုက်ရခြင်းဖြစ်ပြီး ၁၉၂၇ ခုနှစ်နောက်ပိုင်း မန်ယူ၏ သက်တမ်းအတိုဆုံး အမြဲခန့်မန်နေဂျာဟူ၍လည်း စာရင်းပေါက်သွားခဲ့ရပြီဖြစ်သည်။

ပရီမီယာလိဂ်တွင် နောက်ဆုံးကောက်ရိုးတစ်မျှင်အဖြစ် မိုယက်စ် မျှော်လင့်ထားခဲ့သော ပွဲဖြစ်သည့် တနင်္ဂနွေနေ့က ကစားခဲ့သော ၎င်း၏ အသင်းဟောင်း အဲဗာတန်နှင့်ပွဲတွင် ၂-၀ ဖြင့် အရေးနိမ့်ခဲ့ရာ လက်ရှိချန်ပီယံမန်ယူမှာ တန်းစီဇယားအဆင့် (၇) သို့ ရောက်ရှိခဲ့ရသည်။ ချန်ပီယံလိဂ်ဝင်ခွင့်တွင်လည်း ဆယ်စုနှစ် နှစ်ခုစာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် လက်လွှတ်ဆုံးရှုံးခဲ့ရခြင်းကြောင့် အသင်း၏မှတ်တမ်းတွင် ယခုရာသီသည် မန်ချက်စတာယူနိုက်တက်အဖို့ ၁၉၇၈ ခုနှစ် နောက်ပိုင်း အဆိုးရွားဆုံး ဖြစ်ခဲ့သည်။

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

❁ ***ကျောဖုံးမှ***

နှစ်သင်းစလုံးမှာ အုပ်စုတက်ပြီဖြစ်သောကြောင့် နိုင်ပွဲရရှိရေးအတွက် အားထည့်ကစားခဲ့သည်။ ရန်ကုန်အသင်းမှာ ခင်မောင်လွင်၊ အီမာဆင်၊ ကျော်ကိုကိုစသည့် အမာခံကစားသမားအချို့ကို အနားပေးထားပြီး ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ခံစစ်နှင့်ဂိုးသမားအမှားကြောင့် ဂိုးပြတ်သွားရခြင်းဖြစ်သည်။

တက်ရောက်သွား

စင်ကာပူတွင် ယှဉ်ပြိုင်ကစားသောပွဲတွင် နေပြည်တော်အသင်းက အိမ်ရှင်ကလပ် တမ်ယိုစ်ဂိုဗာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူပြီး နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။

ရန်ကုန်အသင်းမှာ ရှုံး/ထွက်အဆင့်တွင် အင်ဒိုနီးရှားကလပ် ဂျာရာပူရာအသင်းနှင့် ကစားရမည်ဖြစ်သည်။

မြောက်ကိုရီးယား နျူကလီးယား စမ်းသပ်မှုအရှိန်မြှင့်

ပြုံယမ်း ဧပြီ ၂၂

မြောက်ကိုရီးယားတို့ဘက်မှ နျူကလီးယားစမ်းသပ်မှု အရှိန်မြှင့်လျက်ရှိကြောင်း တောင်ကိုရီးယားသမ္မတက ပြောကြားလိုက်သည်။

Punggye-riနျူကလီးယားစမ်းသပ်ရာနေရာတစ်ဝိုက်နှင့် ၎င်းဒေသတွင် လတ်တလောစမ်းသပ်မှုအများအပြားကို တွေ့နေရကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ဆိုသည်။

မြောက်ကိုရီးယားသည် ပြီးခဲ့သည့်ကာလ နျူကလီးယားစမ်းသပ်မှု သုံးကြိမ်တိုင်ပြုလုပ်ခဲ့ပြီးဖြစ်သည်။

နောက်ဆုံးစမ်းသပ်မှုမှာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလကတည်းကဖြစ်ပြီး ယင်းအချိန်က ကိုရီးယားကျွန်းဆွယ်အရေး လများစွာကြာတင်းမာနေချိန်ဖြစ်သည်။ လွန်ခဲ့သည့် ၂၀၀၆ ခုနှစ်၊ ၂၀၀၉ ခုနှစ်ကလည်း အလားတူစမ်းသပ်မှုပြုလုပ်ခဲ့သည်ဟု သိရသည်။

ပြီးခဲ့သည့်လကလည်း မြောက်ကိုရီးယားတို့သည် နျူကလီးယားစမ်းသပ်မှု ပုံစံသစ်တစ်မျိုးဖြင့် ခြိမ်းခြောက်မှုများပြုလုပ်ခဲ့ပြီး မည်သည့်အဓိပ္ပာယ်ကြောင့်ဟု ရှင်းရှင်းလင်းလင်းမသိရပေ။ **(ဘီဘီစီ)**

ကန်ဒုတိယသမ္မတဂျိုးဘိုင်ဒင် ယူကရိန်းခေါင်းဆောင်များနှင့်တွေ့မည် ယူကရိန်းကို အမေရိကန်ထောက်ခံခြင်းကိုပြသခြင်းဖြစ်

ဒုတိယသမ္မတဂျိုးဘိုင်ဒင်နှင့် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးတို့ကို တွေ့ရစဉ်။

ကီယက်ဗ် ဧပြီ ၂၂

အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်သည် အနောက်လိုလားသော အစိုးရအတွက် ထောက်ခံမှုကို ပြသသည့်အနေဖြင့် ယူကရိန်းခေါင်းဆောင်သစ်များနှင့် တွေ့ဆုံမည်ဟု ဆိုသည်။

မစ္စတာဂျိုးဘိုင်ဒင်သည် ကီယက်ဗ်သို့ သွားရောက်လည်ပတ်စဉ်အတွင်း ယူကရိန်းယာယီ ဝန်ကြီးချုပ်နှင့် သမ္မတတို့ကို တွေ့ဆုံကာ လာမည့်ရွေးကောက်ပွဲကိစ္စ ဆွေးနွေးလိမ့်မည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့သည် ယူကရိန်းအကျပ်အတည်းအပေါ် ဖုန်းဖြင့်အပြန်အလှန် အပြစ်တင် ပြောဆိုခဲ့ကြသည်ဟု ဆိုသည်။ ထိုအတောအတွင်း တနင်္ဂနွေနေ့က သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးသွားသော အမျိုးသားသုံးဦး၏ ဈာပနအခမ်းအနား ကျင်းပလျက်ရှိသည်။ ယင်းအမျိုးသားများသည် ယူကရိန်းအရှေ့ပိုင်း ဆလိုဗီယမ်မြို့အနီး ရုရှားလိုလားသော ခွဲထွက်ရေးသမားများက စစ်ဆေးရေးဂိတ်ကို ဝင်စီးစဉ် ပစ်ခတ်ခံရခြင်းဖြစ်သည်။ ယင်းပစ်ခတ်မှုကို ရှင်းရှင်းလင်းလင်းမသိရသေးဟု ဆိုသည်။ ယင်းလက်ချက်မှာ ရုရှားလိုလားသူ ခွဲထွက်ရေးသမား စစ်သွေးကြွများ၏ လက်ချက်ဟုဆိုသည်။ ကီယက်ဗ်က ရုရှားအထူးတပ်ဖွဲ့များ၏ လက်ချက်ဟု စွပ်စွဲထားသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဘေးလက်ရော့ဗ်ကလည်း ကီယက်ဗ်အာဏာပိုင်များအနေဖြင့် ယူကရိန်းအရေး ဖြေရှင်းရေး ပြီးခဲ့သည့် သီတင်းပတ်က ဂျီနီဗာသဘောတူညီချက်ကို ချိုးဖောက်နေကြောင်း စွပ်စွဲလိုက်သည်။ လက်ရှိကီယက်ဗ် အစိုးရကို မော်စကိုက အသိအမှတ်မပြုနိုင်ကြောင်း ၎င်းကပြောကြားလိုက်သည်။ ကီယက်ဗ်အာဏာပိုင်များကလည်း မစ္စတာလက်ရော့ဗ်၏မှတ်ချက်ကို အပြစ်တင်ပြောဆိုသည်။ ရုရှားသည် ယူကရိန်းကို မငြိမ်မသက်ဖြစ်အောင် လုပ်နေကြောင်းဖြင့်လည်း ပြောကြားလိုက်သည်။ **(ဘီဘီစီ)**

ကိုရီးယားသင်္ဘောတိမ်းမှောက်မှု သေဆုံးသူ ၁၀၀ကျော်ရှိ

ဆိုးလ် ဧပြီ ၂၂

လွန်ခဲ့သော သီတင်းပတ်က တိမ်းမှောက်ခဲ့သော တောင်ကိုရီးယားကူးတို့သင်္ဘောမှ လူပေါင်း ၁၀၀ ကျော်သေဆုံးသွားပြီဖြစ်ကြောင်း၊ ရေငုပ်သမားများက နစ်မြုပ်သင်္ဘောမှ ရုပ်အလောင်းများကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း သက်ဆိုင်ရာက အတည်ပြုပြောကြားသည်။

သေဆုံးသူ စုစုပေါင်း ၁၀၄ ဦးရှိသွားပြီဖြစ်ကြောင်း၊ ၁၉၈ ဦးပျောက်ဆုံးနေကြောင်းနှင့် သင်္ဘောအတွင်းပိတ်မိနေကြောင်း ပြောကြားသည်။ ၎င်းဖယ်ရီသည် လှည့်စဉ်နစ်မြုပ်ခဲ့ကြောင်း၊ မည်သည့်အတွက်ကြောင့် တိမ်းမှောက်ရသည်ကို ရှင်းရှင်းလင်းလင်းမသိရသေးကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သင်္ဘောဝန်ထမ်း ခုနစ်ဦးကို ဖမ်းဆီးထားသည်။ ၎င်းသင်္ဘောပေါ်မှ ခရီးသည် ၁၇၄ ဦးအား ဆေဝေါကယ်ဆယ်ရေးအဖွဲ့မှ ကယ်တင်ပေးနိုင်ခဲ့သည်။ **(ဘီဘီစီ)**

အပြည်ပြည်ဆိုင်ရာ လုံခြုံရေးဆွေးနွေးပွဲရုရှား၌ ကျင်းပမည်

မော်စကို ဧပြီ ၂၂

ယူကရိန်းအရေးနှင့်ပတ်သက်၍ ရုရှားနှင့်အနောက်နိုင်ငံများ အကြား ဆက်ဆံရေးတင်းမာမှုများရှိနေသော်လည်း အပြည်ပြည်ဆိုင်ရာ လုံခြုံရေးဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပမည်ဖြစ်ကြောင်း မော်စကိုက ပြောကြားခဲ့သည်။

မည်သည့်အခြေအနေမျိုးမှာမဆို ဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း ရုရှားဒုတိယကာကွယ်ရေးဝန်ကြီး အန်တိုနော့ဗ် ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ယခင်ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံနယ်စပ်ရှိ ယူကရိန်းအပါအဝင် ရောင်စုံတော်လှန်ရေးစီမံကိန်းများအပြင် အရှေ့အလယ်ပိုင်း၊ အာဖရိကမြောက်ပိုင်းနှင့် အာဖဂန်နစ္စတန်ရှိ ဖွံ့ဖြိုးတိုးတက်မှုနောက်ဆုံးရလဒ်အခြေအနေများကို ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

အာရှနှင့်အရှေ့အလယ်ပိုင်းနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်မှ ကိုယ်စားလှယ်များနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများပါဝင်သော ဆွေးနွေးပွဲကို မကြာတော့မည့် အနာဂတ်ကာလတွင် ကျင်းပနိုင်တော့မည်ဖြစ်သည်။

၎င်းဆွေးနွေးပွဲသို့ သတင်းထောက် ၂၀၀ ကျော် တက်ရောက်မည်ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုအပါအဝင် အနောက်နိုင်ငံအချို့က လက်ရှိယူကရိန်းအရေးအခင်းကြောင့် ၎င်းဆွေးနွေးပွဲကို တက်ရောက်ရန် ငြင်းဆန်မှုများ ပြုလုပ်ခဲ့ကြောင်း ဒုတိယကာကွယ်ရေးဝန်ကြီးက ဆိုသည်။ **(ပရက်စ်တီဗွီ)**

ဂျပန်ဥပဒေပြုအမတ်များ ယာဆူကူနီဗိမာန်သို့သွားရောက်လည်ပတ်မှု အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတွင် ပိုမို၍မပြေမလည်ဖြစ်လာ

ဂျပန်ဥပဒေပြုလွှတ်တော်အမတ်များ ယာဆူကူနီဗိမာန်သို့ လာရောက်စဉ်။

တိုကျို ဧပြီ ၂၂

ဒုတိယကမ္ဘာစစ်ကာလ စစ်ရာဇဝတ်မှုများဖြင့် ပြစ်ဒဏ်စီရင်ခံရသူများအပါအဝင် ကျဆုံးဂျပန်စစ်သည်များ အမှတ်တရ ယာဆူကူနီဗိမာန်သို့ ဂျပန်ဥပဒေပြုလွှတ်တော်အမတ် ၁၅၀ ခန့်အထိ သွားရောက်ဂါရဝပြုခဲ့ကြရာ ဒေသတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတွင် ပို၍အမြင်မကြည်လင်စရာ အခြေအနေဖြစ်ခဲ့သည်။

အဆိုပါ ဂါရဝပြုအလည်အပတ်ခရီးသည် နွေဦးပွဲတော်အထိမ်းအမှတ်ဖြစ်သည့်အပြင် အမေရိကန်သမ္မတဘားရက်အိုဘားမား တိုကျိုသို့ ရောက်မလာမီတစ်ရက်အလိုတွင် လည်ပတ်ကြခြင်းဖြစ်ပြီး ပထဝီနိုင်ငံရေးနှင့် သမိုင်းရေးရာ တင်းမာမှုများရှိခဲ့သည့်ဂျပန်နှင့် အိမ်နီးချင်းနိုင်ငံများအကြား ဆက်ဆံရေးတွင် မပြေလည်မှုများ အထွတ်အထိပ်ရောက်လာရသည်။

ယာဆူကူနီဗိမာန်သို့ လာရောက်ဂါရဝပြုကြသည့် ဥပဒေပြုလွှတ်တော်အမတ်များတွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးပါဝင်ခြင်းမရှိသော်လည်း ဓလေ့ထုံးတမ်းအစဉ်အလာအရ ပစ္စည်းပေးပို့ခဲ့သည်။

မစ္စတာအာဘေး၏ လှူဖွယ်ပစ္စည်းသည် ဂျပန်နိုင်ငံအတွက် မကောင်းကျိုးသာပေးလိမ့်မည်ဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ရှုတ်ချပြောကြားလိုက်ပြီး တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း မစ္စတာအာဘေးသည် ဂူဗိမာန်ကို အရိုအသေပြုခြင်းအားဖြင့် ဂျပန်ကိုလိုနီဝါဒနှင့် စစ်အတွင်းကျူးကျော်မှုများကို တသသဖြစ်နေကြောင်း ပြောကြားလိုက်သည်။ **(ဘီဘီစီ)**

ဘိုးရင်းကုမ္ပဏီသည် တရုတ်နိုင်ငံ ရှန်ဒေါင်းလေကြောင်းလိုင်းမှ တန်ဖိုး အမေရိကန်ဒေါ်လာ လေးဘီလီယံကျော် အမှာရရှိ

ပေကျင်း ဧပြီ ၂၂

ဘိုးရင်းလေယာဉ်ကုမ္ပဏီသည်တရုတ်နိုင်ငံ ရှန်ဒေါင်းလေကြောင်းလိုင်းမှ တန်ဖိုးငွေ အမေရိကန် ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံရှိ ဘိုးရင်း- ၇၃၇ လေယာဉ် အမှာစာရရှိထားသည်ဟု သိရသည်။

ပြည်တွင်းလေကြောင်းသွားလာမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုဖန်တီးနိုင်ရေးအတွက် တရုတ်တို့သည် ယင်းကဲ့သို့ လေယာဉ်ဝယ်ယူမှု မြှင့်တင်ခြင်းပင် ဖြစ်သည်။

ဘိုးရင်းကုမ္ပဏီဘက်ကမူ တရုတ်လေကြောင်းလိုင်းမှ လေယာဉ်ဝယ် ယူရေးအမှာ လက်ခံရရှိထားပါသည်ဟု ဘီဘီစီသတင်းဌာနနှင့် တွေ့ဆုံစဉ်ပြောကြားထားပြီး အမှာလေယာဉ်စင်းရေကိုမူ အတည်ပြုပြောကြားရန် ငြင်းဆန်ခဲ့သည်။ သို့သော် ဝယ်ယူမှုအမှာသည် တရုတ်အစိုးရ၏ သဘောတူထောက်ခံချက် ရရှိထားရန်လိုသေးသည်ဖြစ်သည်။

"ဘိုးရင်း- ၇၃၇ လေယာဉ်က ရှန်ဒေါင်းလေကြောင်းလိုင်းအပေါ် အကျိုးပြုပေးနိုင်မှုနဲ့အတူ ဘိုးရင်းကုမ္ပဏီအတွက်လည်း ကျေနပ်ပျော်ရွှင်စေပါတယ်။ ကျွန်တော်တို့ သူတို့နဲ့ဆက်ပြီး အလုပ်လုပ်ဖို့ရှိပါ တယ်။ တရုတ်အစိုးရကလည်း သူတို့ရဲ့ လိုအပ်ချက်တွေနဲ့ အကောင်းဆုံးနည်းကို ဆုံးဖြတ်ပါလိမ့်မယ်" ဟု လေယာဉ်ထုတ်လုပ်သူက ဆိုသည်။

လောင်စာအသုံးပြု လေယာဉ်ဝယ်ယူမှုလေကြောင်းလိုင်းများ များပြားလာခြင်းသည် လေယာဉ် ထုတ်လုပ်သူများအကြား အပြိုင်အဆိုင်ယှဉ်ပြိုင်မှုစတင်လာခဲ့သည်။ ယခုကဲ့သို့ တရုတ်နိုင်ငံမှ ဘိုးရင်း ကုမ္ပဏီသို့ လေယာဉ်အမှာသည် ဘိုးရင်းကုမ္ပဏီအဖို့ တရုတ်နိုင်ငံ ပိုင် (Comac) ကော်ပိုရေးရှင်းနှင့် ယှဉ်ပြိုင်ကာ အကြီးအကျယ် အနိုင်ရလိုက်ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

စပိန်ကလပ်တွေထိပ်တိုက်ဆုံတဲ့ ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ

မိုးမြင့်လင်းလက်

ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်တွေကို ဧပြီ ၂၅ ရက် နံနက်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ကမ္ဘာ့ဘောလုံးစင်မြင့်မှာ နေရာယူလာကြတဲ့ စပိန်ကလပ်တွေကတော့ ချန်ပီယံလိဂ်မှာရော ယူရိုပါလိဂ်မှာပါ ခြေစွမ်းတွေပြပြီး ပြိုင်ဘက်တွေစိတ်ချောက်ချားအောင် ခြိမ်းခြောက်နိုင်စွမ်း ရှိနေကြပြီဖြစ်ပါတယ်။ အခု ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့မှာ စပိန်နှစ်သင်း ထိပ်တိုက်ဆုံတွေ့နေမှုကလည်း စိတ်ဝင်စားစရာ ကောင်းနေတာ အမှန်ပါပဲ။

ဆီဗီလာနှင့် ဗလင်စီယာ

လင်းနို့လူသားတွေဖြစ်တဲ့ ဗလင်စီယာတို့ကတော့ ဆီဗီလာရဲ့ ပရိသတ် ၄၅၅၀၀ ဆံ့တဲ့ ရေမွန်ဆန်ချက်စ်ကွင်းမှာ အသက်ရှုမှားအောင် ရုန်းကန်ရတော့မှာ ဖြစ်ပါတယ်။ စပိန်ကလပ်တွေဖြစ်ပြီး တစ်မြို့တည်းအသင်းတွေ ဖြစ်တာမို့ ဒီပွဲက စိတ်လှုပ်ရှားစရာကောင်းနေပါတယ်။ ဆီဗီလာအသင်းဟာ ယူအီးအက်ဖ်အေဖလားကို နှစ်ကြိမ်ရရှိဖူးတဲ့အသင်းဖြစ်လို့ အစဉ်အလာကောင်းရှိတဲ့ အသင်းဖြစ်ပါတယ်။ ပေါ်တူဂီထိပ်သီး ပေါ်တိုကလပ်ကို ကွာတားဖိုင်နယ်မှာ အပြတ်ဖြိုလှဲပြီး အကြိုဗိုလ်လုပွဲကို ထိုက်ထိုက်တန်တန် တက်ရောက်လာတာ ဖြစ်ပါတယ်။

ဗလင်စီယာတို့ကလည်း ဆွစ်ဇာလန်ထိပ်သီးကလပ် ဘေဆယ်ကို ကွာတားဖိုင်နယ် ပထမအကျော့မှာ သုံးဂိုးပြတ်ရှုံးခဲ့ပေမယ့် ဒုတိယအကျော့အိမ်ကွင်းမှာ ငါးဂိုးပြတ်ပြန်သွင်းပြီး မယုံကြည်နိုင်တဲ့ ခြေစွမ်းတွေပြခဲ့လို့ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေအံ့အားသင့်စရာဖြစ်ခဲ့ပါတယ်။

ဒါကြောင့် ခြေစွမ်းပြနေတဲ့ စပိန်မြို့ခံနှစ်သင်းရဲ့ ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲကတော့ ရင်သပ်ရှုမောစရာပွဲစဉ်ဖြစ်လာမှာ သေချာနေပါတယ်။

ဘင်ဖီကာနှင့် ဂျူဗင်တပ်

ယူရိုပါလိဂ်ဖလားကို နှစ်ကြိမ်ရရှိခဲ့ဖူးတဲ့ ပေါ်တူဂီကလပ်ဘင်ဖီကာကို ဂျူဗင်တပ်တို့ အဝေးကွင်းမှာ ခက်ခက်ခဲခဲ ရင်ဆိုင်ရပါတော့မယ်။ ပေါ်တူဂီလိဂ်ဖလားကို ၃၂ ကြိမ် ရယူထားတဲ့ ဘင်ဖီကာရဲ့ ခြေစွမ်းဟာ လွီဆာအို၊ အော်စကာကာဒို၊ ဂိုင်တန်တို့ရဲ့ အားထုတ်မှုတွေကြောင့် အရောင်တောက်ပနေတာမို့ အီတလီထိပ်သီးကလပ် ဂျူဗင်တပ် ပရိသတ်တွေ ရင်မောရမယ့်ကိန်းပါပဲ။ အယို၊ အစိမ့်မရှိတဲ့ ဘင်ဖီကာရဲ့ ခံစစ်ကြောင်းကို ဂျူဗင်တပ်ရဲ့ သူရဲကောင်းတွေဖြစ်တဲ့ ဘိုနူချီ၊ ပီယာလို၊ မာချီဆီယိုတို့ ဘယ်လိုထိုးဖောက်ဂိုးသွင်းနိုင်မလဲဆိုတာ ကြည့်ရမှာပါ။ ဒီနှစ်သင်းရဲ့တွေ့ဆုံမှုတွေမှာ တစ်လှည့်စီ အနိုင်ရယူမှုတွေ၊ သရေပွဲတွေနဲ့ ဖြတ်သန်းခဲ့ကြတာမို့ အခုပွဲမှာ ဘယ်အသင်းကစွမ်းဆောင်မှု ပိုကောင်းမလဲကြည့်ရမှာပါ။ ။

လီဗာပူးကို အမီလိုက်ရန် မန်စီးတီး ကြိုးစား

ပရီမီယာလိဂ်ပွဲစဉ် (၃၅) အဖြစ် မန်စီးတီးနှင့် ဝက်စ်ဘရွန်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ထိပ်ဆုံးရောက် လီဗာပူးနောက်မှခြောက်မှတ်အကွာ ရှိနေသည်။ ပွဲစပြီး နှစ်မိနစ်အကြာမှာပင် ဇာဘလက်တာက အိမ်ရှင်မန်စီးတီးအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၁၀ မိနစ်တွင် အဂူရိုက ကိုက် ၂၀ အကွာမှ ဒုတိယဂိုးသွင်းယူခဲ့သည်။ ဂရာဟမ်ဒိုရမ်းက ဝက်စ်ဘရွန်းတို့အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သို့သော်လည်း မန်စီးတီးမှ ဒီမီချီလစ်က ၃၆ မိနစ်တွင် ဂိုးသွင်းယူခဲ့သဖြင့် မန်စီးတီးတို့ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် မန်စီးတီး တောင်ပံကစားသမား ဒေးဗစ်ဆေးလ်ဗား ထမ်းစင်ဖြင့် ထွက်သွားခဲ့ရသည်။

ဘန်လေ ပရီမီယာလိဂ်သို့တက်လာနိုင်

ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဘန်လေက ဝီဂန်ကို နှစ်ဂိုးပြတ်ဖြင့် နိုင်ပြီး ပရီမီယာလိဂ်သို့တက်ရန်နီးလာသည်။ အက်ရှ်လေဘန်းက မာနေး၏ ဖြတ်တင်ဘောမှ တစ်ဆင့် ဦးဆောင်ဂိုးသွင်းကာ ဝီဂန်ကို အသာစီးဖြင့် ကစားခဲ့သည်။ ဝီဂန်တိုက်စစ်မှူး ဖော်ကျွန်း ခေါင်းတိုက်သွင်းယူသောဘောလုံးမှာ ဂိုးဘားတန်းထိမှန် ပြန်ထွက်ခဲ့သည်။

သို့သော်လည်း မိုက်ကယ်နိုက်တလေက ဘန်လေအတွက် ဒုတိယအနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ဘန်လေအသင်းသည် ယင်းပွဲအနိုင်ရလိုက်သဖြင့် လက်စတာနှင့်အတူ လာမည့်ရာသီတွင် ပရီမီယာလိဂ်သို့ တက်လာနိုင်တော့မည်ဖြစ်သည်။

အဝေးကွင်းမှာနော်တင်ဟမ်က လိဒ်ကိုနိုင်

ချန်ပီယံရှစ်ပွဲစဉ် (၄၄) ဖြစ်သည့် လိဒ်ယူနိုက်တက်နှင့် နော်တင်ဟမ် တို့ပွဲတွင် နော်တင်ဟမ်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နော်တင်ဟမ်အတွက် ဂိုးများကို ဒါဘီရှိုင်းယားက ပွဲစဉ် နှစ်မိနစ်နှင့် ၁၆မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။ ယခုပွဲအနိုင်ရလိုက်၍ နော်တင်ဟမ်တို့ အဆင့်ခြောက်မှ ဘရိုက်တန်နှင့် တစ်မှတ်သာကွာပြီး ၆၅မှတ် ရရှိထားသည်။

ချန်ပီယံရှစ်မှ ပရီမီယာလိဂ်သို့တက်ရန် အဆင့်ခြောက်အတွင်းဝင်ရန် လိုအပ်သဖြင့် နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၄၆)တွင် နော်တင်ဟမ်နှင့် ဘရိုက်တန်တို့ တွေ့ဆုံနေ၍ ယင်းပွဲမှာ အလွန်ကြည့်ကောင်းမည့်ပွဲဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ချန်ပီယံလိဂ်နှင့် လီဂူး ပွဲစဉ်များ

သီဟ

ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် (ပကျော့)		ဧပြီ ၂၄
ရီးရဲမက်ဒရစ်	- ဘိုင်ယန်မြူးနစ်	နံနက် ၁း၁၅
ပြင်သစ်လီဂူး ပွဲစဉ်(၃၄)		**ဧပြီ ၂၃**
တူးလော့စ်	- လိုင်ယွန်	ည ၁၁း၀၀
ပီအက်စ်ဂျီ	- အီဗီယန်	ည ၁၁း၀၀

ရီးရဲမက်ဒရစ် Vs ဘိုင်ယန်မြူးနစ်

ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပကျော့ကို စပိန်မြေမှာ ကစားရမှာဖြစ်ပြီး စပိန်ကလပ်ရီးရဲကလာလီဂါမှာတစ်ပွဲလျော့ဖြင့်အဆင့်သုံးမှာရပ်တည်နေကာ အဆင့်တစ် အက်သလက်တီကိုအား ဖိအားပေးနေတဲ့အသင်းဖြစ်ပါတယ်။ ဧည့်သည်အသင်း ဂျာမန်ဘီလူး ဘိုင်ယန်အသင်းမှာလည်း ဘွန်ဒက်စ်လီဂါဖလားကို စောစောစီးစီး သိမ်းပိုက်ထားပြီး ဖိအားမရှိတော့ဘဲ ချန်ပီယံလိဂ်ကို အာရုံစိုက်ထားတဲ့အသင်းပါ။ နှစ်သင်းစလုံးက အင်အားတောင့်တင်းကာ ကစားအားကောင်းပြီး တိုက်စစ်ပိုင်းအသားပေးတဲ့အသင်းတွေဖြစ်လို့ ပရိသတ်အကြိုက် ကြည့်ကောင်းမယ့် ပွဲဖြစ်ပါတယ်။ ဒီပွဲမှာ ရီးရဲက လူစုံပြန်ပါဝင်မှာဖြစ်ပြီး တိုက်စစ်ပိုင်းက ဘိုင်ယန်ထက် အတွဲညီနေကာ အိမ်ကွင်းကစားအားကောင်းတဲ့ အသင်းဖြစ်လို့ အိမ်ရှင်တို့ ကပ်နိုင်သွားနိုင်မှာပါ။

နှစ်သင်းတွေ့ဆုံမှုရလဒ်

(ချန်ပီယံလိဂ် ၂၉-၂-၂၀၀၀)	ရီးရဲမက်ဒရစ်	၂-၄	ဘိုင်ယန်မြူးနစ်
(ချန်ပီယံလိဂ် ၈-၃-၂၀၀၀)	ဘိုင်ယန်မြူးနစ်	၄-၁	ရီးရဲမက်ဒရစ်
(ချန်ပီယံလိဂ် ၃-၅-၂၀၀၀)	ရီးရဲမက်ဒရစ်	၂-၀	ဘိုင်ယန်မြူးနစ်
(ချန်ပီယံလိဂ် ၉-၅-၂၀၀၀)	ဘိုင်ယန်မြူးနစ်	၂-၁	ရီးရဲမက်ဒရစ်
(ချန်ပီယံလိဂ် ၁-၅-၂၀၀၁)	ရီးရဲမက်ဒရစ်	၀-၁	ဘိုင်ယန်မြူးနစ်
(ချန်ပီယံလိဂ် ၉-၅-၂၀၀၁)	ဘိုင်ယန်မြူးနစ်	၂-၁	ရီးရဲမက်ဒရစ်
(ချန်ပီယံလိဂ် ၂-၄-၂၀၀၂)	ဘိုင်ယန်မြူးနစ်	၂-၁	ရီးရဲမက်ဒရစ်
(ချန်ပီယံလိဂ် ၁၀-၄-၂၀၀၂)	ရီးရဲမက်ဒရစ်	၂-၀	ဘိုင်ယန်မြူးနစ်
(ချန်ပီယံလိဂ် ၂၄-၂-၂၀၀၄)	ဘိုင်ယန်မြူးနစ်	၁-၁	ရီးရဲမက်ဒရစ်
(ချန်ပီယံလိဂ် ၁၀-၃-၂၀၀၄)	ရီးရဲမက်ဒရစ်	၁-၀	ဘိုင်ယန်မြူးနစ်
(ချန်ပီယံလိဂ် ၂၀-၂-၂၀၀၇)	ရီးရဲမက်ဒရစ်	၃-၂	ဘိုင်ယန်မြူးနစ်
(ချန်ပီယံလိဂ် ၇-၃-၂၀၀၇)	ဘိုင်ယန်မြူးနစ်	၂-၁	ရီးရဲမက်ဒရစ်
(ချန်ပီယံလိဂ် ၁၇-၄-၂၀၁၂)	ဘိုင်ယန်မြူးနစ်	၂-၁	ရီးရဲမက်ဒရစ်
(ချန်ပီယံလိဂ် ၂၅-၄-၂၀၁၂)	ရီးရဲမက်ဒရစ်	၃-၄	ဘိုင်ယန်မြူးနစ်
(ခြေစမ်းပွဲ ၁၃-၈-၂၀၁၀)	ဘိုင်ယန်မြူးနစ်	၂-၄	ရီးရဲမက်ဒရစ်

တူးလော့စ် Vs လိုင်ယွန်

ပြင်သစ်လီဂူး ပွဲစဉ်(၃၃)အပြီးမှာ တူးလော့စ်က ရမှတ်၄၄မှတ်နဲ့ အဆင့် ၉မှာ ရပ်တည်နေပြီး နောက်ဆုံးအိမ်ကွင်းလေးပွဲမှာ နှစ်ပွဲရှုံး၊ တစ်ပွဲသရေ၊ တစ်ပွဲနိုင်ထားပါတယ်။ ဧည့်သည်လိုင်ယွန်အသင်းက ရမှတ် ၅၄မှတ်နဲ့ အဆင့်ငါးမှာ ရပ်တည်နေပြီး နောက်ဆုံးအဝေးကွင်း လေးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေကျထားပါတယ်။ လိုင်ယွန်အသင်းက ရာသီအစမှာတုန်းက ကစားကွက်တည်ငြိမ်မှုမရှိဘဲ ဖရိုဖရဲဖြစ်ကာ လက်ရှိခြေစွမ်းမှာတော့ ပုံမှန်အနေအထားပြန်ရောက်နေပါတယ်။ ပြင်သစ်ရှုံးထွက်ဖလားမှာ ပီအက်စ်ဂျီကို ရှုံးနိမ့်ခဲ့ရပြီး ယူရိုပါလိဂ်မှာလည်း ဂျူဗင်တပ်စ်ကို ရှုံးနိမ့်ခဲ့လို့ ဖိအားမရှိတော့ဘဲ ပြည်တွင်းလိဂ်ကို အာရုံစိုက်နေပါတယ်။ ဒီပွဲနိုင်ရင် အဆင့်လေး စိန့်အက်တီယန်နဲ့ အမှတ်တူမှာဖြစ်ပြီး အရှုံးကို လက်ခံမှာမဟုတ်လို့ ဧည့်သည်လိုင်ယွန်ကို အားပေးတာ အသင့်တော်ဆုံးပါပဲ။

ဧပြီ ၂၁/၂၂ ဂိုးရလဒ်များ

ယီအိုဗွီး	၁-၂	ဟက်ဒါဖီးလ်
ရှက်ဖီးဝမ်းနက်စ်ဒေး	၂-၃	ချာလ်တန်
ဒါဘီ	၂-၁	ဘန်စလေ
အစ်ဆွစ်	၂-၂	ဘုန်းမောက်
ဘာမင်ဂမ်	၂-၄	ဘလက်ဘန်း
ဘရိုက်တန်	၁-၁	ဘလက်ပူး
မီဝေါလ်	၀-၀	ဒွန်ကတ်စတာ
ကျူပီအာ	၂-၁	ဝက်ဖို့ဒ်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဒီမိုကရေစီခေတ်ပြောင်းချိန် ပညာရေးအတွေးအမြင်များ

ဒေါက်တာမြင့်သိန်း

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ပညာရေးကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းနေချိန်တွင် ကျွန်တော်ကိုယ်တိုင် ဖြတ်သန်းခဲ့သော အတွေ့အကြုံများ **(Lived Experiences)** အပေါ် အခြေခံလျက် ပညာရေးစနစ်၏ အားသာချက် အားနည်းချက်များကို သင်ခန်းစာယူပြီး ကျရာနေရာမှ တိုင်းပြည်၏ပညာရေးကို မြှင့်တင်ပေးခြင်းသည် တိုင်းပြည်၏တာဝန်ကို ကျေပွန်ရာရောက်ရုံမက တိုင်းပြည်၏ ကျေးဇူးကိုလည်း ဆပ်ရာရောက်မည်ဟု ကျွန်တော်သုံးသပ်ထင်မြင်မိသည်။

ကျွန်တော်တို့မြန်မာနိုင်ငံ၏ ခေတ်ပြောင်းချိန်တိုင်းတွင် ပညာရေးအပြောင်းအလဲများ ဖြစ်ပေါ်လေ့ရှိစမြဲ။ အဆိုပါအပြောင်းအလဲများအနက် ဂျပန်ခေတ်ကိုလေ့လာကြည့်လျှင် ဒုတိယကမ္ဘာစစ်ကာလဖြစ်သဖြင့် ရည်မှန်းထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်ခဲ့သော်လည်း အင်္ဂလိပ်လက်အောက်တွင် တွေ့ကြုံခံစားခဲ့ရသော ကိုလိုနီပညာရေးစနစ်၏အားနည်းချက်များကို ကုစားရန် အလို့ငှာ အခွင့်အရေးရသည်နှင့်ပညာရေးအပြောင်းအလဲလုပ်ရန်ကြိုးစားပြီး အားနည်းချက်တို့ကို ပြုပြင်အားထုတ်ခဲ့ကြသည်ကို တွေ့ရပါသည်။ ဥပမာအားဖြင့် ကိုလိုနီခေတ်တစ်လျှောက်လုံး မြန်မာစာ၊ မြန်မာစကားသည် နေရာမှန်မရခဲ့သဖြင့် အခွင့်ရသည်နှင့် မြန်မာစာကိုသင်ကြားမှုသုံးဘာသာစကား (Medium of Instruction)အဖြစ် သတ်မှတ်ခြင်း၊ ဘာသာရပ်အသီးသီးကို မြန်မာဘာသာဖြင့်သင်ကြားခြင်း၊ ဗြိတိသျှကိုလိုနီခေတ်အတွင်း ကျောင်းသုံးမျိုးသုံးစားရှိခဲ့သည်ကို ကျောင်းတစ်မျိုးတစ်စားတည်းအဖြစ် သတ်မှတ်ဖွင့်လှစ်စေခြင်းတို့ ပြုလုပ်ခဲ့သည်ကိုတွေ့ရသည်။

ထို့နောက် လွတ်လပ်ရေးရပြီးကာလ ပညာရေးအပြောင်းအလဲများကို ကြည့်လျှင် Education Policy ထုတ်ပြန်ကြေညာခြင်း၊ ယူနက်စကိုမစ်ရှင်နှစ်ကြိမ်တိုင်တိုင်လာရောက်ပြီး မြန်မာနိုင်ငံပညာရေးအခြေအနေကို ကွင်းဆင်းလေ့လာကာ အစီရင်ခံစာများ တင်သွင်းခြင်း၊ မြန်မာနိုင်ငံ ပညာစုံစမ်းလေ့လာရေးမစ်ရှင်(The Burma Educational Observation and Study Mission)ကို ဖွဲ့စည်းခဲ့ပြီး အင်္ဂလန်၊ အမေရိကန်၊ ကနေဒါ၊ မက္ကဆီကိုနှင့် ပါကစ္စတန် စုစုပေါင်းငါးနိုင်ငံကို ခြောက်လတာအတွင်း သွားရောက်ပြီး ပညာရေးကဏ္ဍအသီးသီးကို လေ့လာခြင်း၊ ထိုခြောက်ဦးအဖွဲ့ ပြန်လည်ရောက်ရှိလာသည့်အခါ ထင်ရှားသောပညာရှင်နှင့် ပညာရေးပါရဂူ ၁၅ ဦးတို့ဖြင့် အင်အားဖြည့်တင်းကာ စုစုပေါင်းအဖွဲ့ဝင် ၂၁ ဦးပါရှိသည့် ပညာရေးပြန်လည်ဖွဲ့စည်းရေးကော်မတီ (Education Reorganization Committee)တစ်ရပ်ကိုဖွဲ့စည်းပြီး ပညာရေးစီမံကိန်းတစ်ရပ်ရေးဆွဲခဲ့စေခြင်း၊ အဆိုပါစီမံကိန်းကို ပြည်တော်သာညီလာခံတွင် 'ဘဝသစ်ဖန်တီးမှု ပြည်တော်သာပညာရေးစီမံကိန်း (Pyidawtha Educational Plan for Welfare State)အဖြစ် တင်သွင်းဆွေးနွေးကာ အတည်ပြုချက်ရယူခဲ့ခြင်း၊ ဤစီမံကိန်းတွင် ရည်ရွယ်ချက်(၅)ရပ်ကို ပထမဦးဆုံးအကြိမ်အဖြစ် ချမှတ်နိုင်ခဲ့ခြင်းဟူသည့် ထူးခြားသောပညာရေးဖြစ်စဉ်တို့ကို ပေါ်ပေါက်ခဲ့သည်။

အဆိုပါခေတ်ပြောင်းကာလနှစ်ရပ်အတွင်း ဖြစ်ထွန်းခဲ့သော ပညာရေးအပြောင်းအလဲတို့၏ အနှစ်သာရမှာ အခွင့်ရသည်နှင့်တိုင်းပြည်၏ ပညာရေးတိုးတက်အောင် အစွမ်းရှိသရွေ့ ကြိုးစားခဲ့သည့် တိုင်းကျိုးပြည်ပြုသမိုင်းဝင်အားထုတ်မှုများဖြစ်နေခြင်းပင်။ ဤသို့ သူ့ခေတ် သူ့အခါအလျောက် ပညာရေးတာဝန်ကျေခဲ့ပုံကို အတုယူလျက် ယခုကဲ့သို့ ဒီမိုကရေစီခေတ်ဆန်းချိန်တွင် ကျွန်တော်တို့အားလုံး တက်ညီလက်ညီဖြင့် တိုင်းကျိုးပြည်ပြု ပညာရေးပြောင်းလဲမှုများတွင် ကျရာနေရာမှ စည်းစည်းလုံးလုံး ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကျွန်တော်တို့တိုင်းပြည်၏ ပညာရေးမြင့်မားလာသည်နှင့်အမျှ တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည့်အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက်ပါ အထောက်အကူပြုမည်ဟု ကျွန်တော်ယုံကြည်မိသည်။

ထို့ပြင် ကျွန်တော်တို့နိုင်ငံ၏သမိုင်းကြောင်းအရ ၁၉၆၂ ခုနှစ် မတ်လမှစ၍ တော်လှန်ရေးကောင်စီခေတ်၊ ထို့နောက် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ခေတ်ကာလများတွင် အထွေထွေပညာရေးနှီးနှောဖလှယ်ပွဲ(၁၉၆၄ ခုနှစ်)၊ အခြေခံပညာရေးနှီးနှောဖလှယ်ပွဲ (၁၉၆၈ ခုနှစ်)၊ စာမေးပွဲနှင့် စစ်ဆေးမှုဆိုင်ရာနှီးနှောဖလှယ်ပွဲ (၁၉၇၀ ပြည့်နှစ်) စသည့် ပညာရေးနှီးနှောဖလှယ်ပွဲများကျင်းပပြီး ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲခဲ့ကြသည်ကို တွေ့ရသည်။

ကျွန်တော်ကိုယ်တိုင် ဤပညာရေးစနစ်ကာလများအတွင်း ကျောင်းသားဘဝဖြင့် ကြီးပြင်းလာခဲ့ပြီး ဝန်ထမ်းဘဝဖြင့် ပညာရေးတာဝန်တို့ကို အဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။ အဆိုပါပညာရေးစနစ်များ၏ အားသာချက် အားနည်းချက်တို့ကို ကျွန်တော်ကိုယ်တိုင်ကြုံတွေ့ခဲ့သည့်နည်းတူ အခြားကိုယ်တွေ့ကြုံသူတိုင်းမှာလည်း ခံစားချက်များ၊ သုံးသပ်ချက်များကို ကိုယ်စီရှိကြမည်ဟု ကျွန်တော်မျှော်လင့်သည်။

မြန်မာနိုင်ငံပညာရေးလေ့လာရေးလုပ်ငန်းဆိုင်ရာ သမိုင်းနောက်ခံနှင့်သုံးသပ်ချက်

ကျွန်တော်တို့နိုင်ငံ၏ ပညာရေးသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် ယူနက်စကိုအဖွဲ့ကြီးမှစေလွှတ်လိုက်သည့် လေ့လာရေးမစ်ရှင်အဖွဲ့တစ်ဖွဲ့သည် ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး နှစ်လခန့် ကွင်းဆင်းလေ့လာခဲ့ကြောင်း၊ လေ့လာတွေ့ရှိချက်တို့ကို ယူနစ်စကိုအဖွဲ့ချုပ်ထံ အစီရင်ခံစာတင်သွင်းခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။ ထို့နောက် ၁၉၅၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ယူနက်စကို ပညာရေးအတိုင်ပင်ခံ မစ်ရှင်အဖွဲ့တစ်ဖွဲ့ နောက်ထပ်ရောက်ရှိလာခဲ့ပြီး သုံးလခွဲကြာကွင်းဆင်းလေ့လာရေးခရီးအပြီး ၁၉၅၁ ခုနှစ် မေလ ၁၁ ရက်နေ့တွင် မစ်ရှင်အဖွဲ့၏အစီရင်ခံစာ " Report of the Mission to Burma "ကို အဖွဲ့ခေါင်းဆောင် Dr. Richard M. Tisinger ကိုယ်တိုင် မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသားကောမစ်ရှင်ဥက္ကဋ္ဌဖြစ်သူ ပညာရေးဝန်ကြီးထံ တင်သွင်းခဲ့သည်။ အဆိုပါ ကွင်းဆင်းလေ့လာသည့်လုပ်ငန်းနှင့် အစီရင်ခံစာသည် မြန်မာနိုင်ငံအတွက် ပထမဆုံးသော ပညာရေးကဏ္ဍလေ့လာရေးလုပ်ငန်း (The First Education Sector Study of Myanmar)ဟု ကျွန်တော်ထင်မြင်ယူဆမိပါသည်။ ခြွင်းချက်အနေဖြင့် ဤပညာရေးလေ့လာမှုလုပ်ငန်းကို နိုင်ငံခြားသားများကသာ အဓိကဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

> **ပညာရေးစနစ်၏ အားသာချက် အားနည်းချက်များကို သင်ခန်းစာယူပြီး ကျရာနေရာမှ တိုင်းပြည်၏ ပညာရေးကို မြှင့်တင်ပေးခြင်းသည် တိုင်းပြည်၏ တာဝန်ကို ကျေပွန်ရာရောက်ရုံမက တိုင်းပြည်၏ ကျေးဇူးကိုလည်း ဆပ်ရာရောက်မည် . . . . . .**

ထို့နောက် ၁၉၉၀ ပြည့်နှစ် နှစ်လယ်ပိုင်းမှစ၍ ပညာရေးဝန်ကြီးဌာန UNDPနှင့် UNESCO တို့ပူးပေါင်း၍ ပညာရေးကဏ္ဍလေ့လာရေးလုပ်ငန်း (ESS Education Sector Study) ကို စီမံချက်အသွင်ဖြင့် ဆောင်ရွက်ခဲ့ရာတွင် မြန်မာ့ပညာရေးကဏ္ဍနှင့်ပတ်သက်၍ အတွေ့အကြုံရှိပြီး ပညာရေးလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်နေသူ ၄၇ ဦးနှင့် နိုင်ငံတကာကျွမ်းကျင်သူပညာရှင်ခြောက်ဦးတို့သည် National Project Director ဖြစ်သူ ဆရာကြီးဒေါက်တာခင်မောင်ကြွယ် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပညာရေးသုတေသနဗျူရို)နှင့် Mr.Antoine Schwartz (UNESCO Chief Technical Adviser) တို့၏ဦးဆောင်မှုဖြင့် ကွင်းဆင်းသုတေသနစာတမ်း ၃၀ နှင့် Education Sector Study Phase 1(Final Report) တို့ကို ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုစုပြီးစီးခဲ့သည်။

ထို့နောက် ESS Phase Two ကိုဆက်လက်ဆောင်ရွက်ခဲ့ရာ ၁၉၉၃ ခုနှစ် ဧပြီလတွင် Draft Proposal for Education Sector Development Vol I Strategy Development (1993-2002) and Vol II Project Profiles တို့ကို ပြုစုပြီးစီးခဲ့သည်။ သို့သော် အဆိုပါစီမံချက်များသည် အကောင်အထည်ဖော်သည့်အဆင့်သို့မရောက်ခဲ့ဘဲ ပြီးဆုံးခဲ့သည်။ ဤသို့ ၁၉၉၀ ပြည့်နှစ် နှစ်လယ်မှ ၁၉၉၃ ခုနှစ် ဧပြီလအထိ ကြာမြင့်ခဲ့သော လုပ်ငန်းကို မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်ပညာရေးကဏ္ဍလေ့လာရေးလုပ်ငန်းဟု ကျွန်တော်ဆိုချင်သည်။

ယခုတစ်ဖန် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာရေးလုပ်ငန်း (CESR-Comprehensive Education Sector Review) ကို ၂၀၁၂ ခုနှစ် ဩဂုတ်လမှစ၍ အဆင့်(၃)ဆင့်ဖြင့် အကောင်အထည်ဖော်လျက်ရှိရာ အဆင့်(၁) အချိန်တိုအတွင်း အကဲဖြတ်ခြင်း (Rapid Assessment) ပြီးဆုံးပြီးနောက် အဆင့် (၂) အသေးစိတ်လေ့လာဆန်းစစ်ခြင်း၊ (In-depth Analysis) ၏ နောက်ဆုံးအပိုင်းဖြစ်သော လေ့လာတွေ့ရှိချက် အစီရင်ခံစာများအပေါ် အစည်းအဝေးများကျင်းပ၍ အကြံဉာဏ်များရယူကာ အပြီးသတ်ပြုစုလျက်ရှိနေကြသည်။ ထို့နောက် အဆင့် (၃) ကုန်ကျစရိတ်လျာထားချက်ပါဝင်သည့် ပညာရေးကဏ္ဍစီမံကိန်းများရေးဆွဲတင်ပြကြမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပညာရေးသမိုင်းစဉ်အရ CESR ကို တတိယအကြိမ်မြောက် ပညာရေးကဏ္ဍလေ့လာရေးလုပ်ငန်းဟု ကျွန်တော်သတ်မှတ်ချင်ပါသည်။

အဆိုပါ CESR ၏သုတေသနတွေ့ရှိချက်များအပေါ် အခြေပြုလျက် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရန် စီမံစိုင်းပြင်းမှုများ ရှိလာသည်။ အထူးသဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပခဲ့သည့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အဖွင့်အမှာစကားပြောကြားပြီးချိန်မှစ၍ အရှိန်ရလာခဲ့ပါသည်။ ယခုအခါ ရန်ကုန်တက္ကသိုလ်နယ်မြေ စိန်ရတုခန်းမသည် အဆိုပါလက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ၏ ဗဟိုချက်ချာဒေသသဖွယ်ဖြစ်တည်လာသည်။ လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့သည် အဖွဲ့အလိုက်ရည်မှန်းချက်များ ချမှတ်ခြင်း၊ လိုအပ်သောမူဝါဒများချမှတ်ခြင်းနှင့် မူဝါဒအလိုက် အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ်များကို ပထမမူကြမ်းအဖြစ် ရေးဆွဲခြင်း၊ ဒေသန္တရအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ e-mail ဖြင့်သော်လည်းကောင်း ရရှိလာသော ဝေဖန်အကြံပြုချက်များကို ထည့်သွင်းစဉ်းစားကာ လုပ်ငန်းအဖွဲ့အလိုက် ချမှတ်ထားသော ရည်မှန်းချက်များ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ပြန်လည်မွမ်းမံကြသည်။

ကျွန်တော့်အမြင်အရ မြန်မာနိုင်ငံ၏ပညာရေးသမိုင်းတွင် သုံးကြိမ်တိုင်တိုင် ဆောင်ရွက်သည့် ပညာရေးကဏ္ဍလေ့လာရေး (Education Sector Study) လုပ်ငန်းတို့တွင် ပါဝင်သည့် အကြောင်းအရာတို့ကို လေ့လာသည့်အခါ အောက်ပါအကြောင်းရပ်တို့သည် ဘုံပါဝင်နေကြောင်း တွေ့ရှိရသည်။

- ပညာရေးဖွဲ့စည်းတည်ဆောက်မှု (Education Structure)
- သင်ရိုးပြုပြင်ပြောင်းလဲရေး
- ဆရာအတတ်ပညာရေးနှင့်သင်ပြမှုအရည်အသွေးမြင့်မားရေး
- စာမေးပွဲစနစ်ပြုပြင်ရေး
- ကျောင်းစစ်ဆေးရေး
- မသင်မနေရမူလတန်းပညာရေး
- သူငယ်တန်း (Kindergarten)
- ဘာသာစကားဆိုင်ရာမူဝါဒ
- ကျောင်းအဆောက်အအုံ၊ ပရိဘောဂနှင့်သင်ထောက်ကူပစ္စည်းလိုအပ်ချက်များ
- ဘဏ္ဍာရေးအခြေအနေ
- ပညာရေးစီမံခန့်ခွဲမှုအခြေအနေ
- ကိုယ်ပိုင်ကျောင်းများ
- စက်မှုလက်မှုနှင့်သက်မွေးပညာရေး

အဆင့်မြင့်ပညာရေးနှင့်ပတ်သက်၍ ၁၉၅၀ ပြည့်နှစ် မေလတွင် တင်သွင်းခဲ့သည့် ယူနက်စကိုမစ်ရှင်၏ အစီရင်ခံစာတွင် မတွေ့ရသော်လည်း ၁၉၉၀ ပြည့်နှစ် နှစ်လယ်မှစတင်ဆောင်ရွက်ခဲ့သော ESS(Education Sector Study) နှင့် ၂၀၀၃ ခုနှစ် ဩဂုတ်လမှစတင်ခဲ့သော CESR (Comprehensive Education Sector Review) တို့တွင် ပါဝင်လာသည်ကို တွေ့ရှိရသည်။

စာမျက်နှာ (၁၀) သို့

ယာဉ်တိုက်မှုများလျော့နည်းစေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်၏ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်တွင် နေ့စဉ်နှင့်အမျှ ယာဉ်အသုံးပြုအစီးရေများပြားလျက်ရှိရာ ယာဉ်မတော်တဆဖြစ်ပွားမှုများလည်း နေ့စဉ်နှင့်အမျှဖြစ်ပေါ်လျက်ရှိသည်ကို တွေ့မြင်နေရသည်။

ယာဉ်တိုက်မှု ဖြစ်ပွားရသည့် အဓိက အကြောင်းအရင်းများမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားမလည်သောကြောင့် လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်သော်လည်း လိုက်နာမှုမရှိခြင်းကြောင့် ယာဉ်တိုက်မှုများဖြစ်ပွားလျက်ရှိကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၏ စိစစ်ချက်အရ သိရသည်။

သက်ဆိုင်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့ အရာထမ်းများမှ ယာဉ်တိုက်မှု မဖြစ်ပွားစေရေးအတွက် ယာဉ်မောင်းသူများနှင့် ယာဉ်စီးနင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်သဘောပေါက်စေရန် နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်တွင် မြို့နယ်အပိုင်းအခြားအလိုက် ဟောပြောပွဲများပြုလုပ်ပြီး ယာဉ်တိုက်မှုဖြစ်ပွားရသော ဖြစ်စဉ်များကို ပရိုဂျက်တာပါဝါပွိုင့်များဖြင့်ပြသ၍ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဝေငှ၍အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

တစ်ဖက်မှလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိ၊ မရှိ ရှောင်တခင်စစ်ဆေးလျက်ရှိရာ ဧပြီ ၂၁ ရက် နံနက် ၉ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ယာဉ်စစ်ဆေးရေးတာဝန်ခံ ဒုရဲမှူးတင်မောင်လတ်ဦးစီးသော ဇမ္ဗူသီရိယာဉ်စစ်ဆေးရေးအဖွဲ့သည် ပျဉ်းမနား-တောင်ညိုလမ်းမကြီး၏ နေပြည်တော်စည်ပင်သာယာညှော်ရိပ်သာအနီးတွင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်၍ လိုက်နာမှုမရှိသောယာဉ်မောင်းများကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရုပ်ဗေဒ)

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ဓိဝိတဒါန သက်လွှတ်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်နေ့က ဗဟန်းမြို့နယ် ကြေးသွန်းဘုရားကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ငြေနှင့် နာယကများ၊ တိုင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဗဟန်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ငါးကျည်း၊ ရွှေဝါငါးကြင်းကောင်ရေ စုစုပေါင်း ၁၆၀၀ နှင့် ၄က်မျိုးစုံကောင်ရေ ၁၂၀ ကို လွှတ်ပေးကြစဉ်။

(အမျိုးသမီးရေးရာအဖွဲ့)

သတင်းစာဆရာကြီး၊ စာရေးဆရာကြီး ဦးဝင်းတင်ကွယ်လွန်

သတင်းစာဆရာကြီး၊ စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင် (အသက် ၈၅ နှစ်)သည် ဧပြီလ ၂၁ ရက် နံနက် ၆ နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

ဆရာကြီး၏ သတင်းစာသမားဘဝကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ဆရာကြီးသည် ၁၉၄၇ ခုနှစ်တွင် ဒဂုံမဂ္ဂဇင်း၌ ကဗျာစတင်ရေးသားခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် အကျိုးဆောင်ဂျာနယ်၌ လက်ထောက်အယ်ဒီတာအဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် နိုင်ငံခြားသတင်းဌာန အေအက်ဖ်ပီတွင် ညအယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၄ ခုနှစ်အထိ စာပေဗိမာန်တွင် လက်ထောက်အယ်ဒီတာအဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။

ထို့နောက် ၁၉၅၄ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ ဂျမ်ဘာတန်စာအုပ်ထုတ်ဝေရေးကုမ္ပဏီတွင် စာအုပ်ထုတ်ဝေမှုပညာနှင့် စာနယ်ဇင်းပညာဆည်းပူးရင်း တစ်ဖက်ကလည်းမြန်မာဘာသာပြန်စာအုပ်စာတမ်းများ ထုတ်ဝေရေးတွင် အကြံပေးအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။

မော်စကို ရင်ပြင်နီ ဘာဆေလီကာ ဘုရားကျောင်း အနီး မြန်မာသတင်းစာဆရာ ငါးဦး (ဝဲမှယာ) ဦးသန်းဆွေ (ဗိုလ်တထောင်)၊ ဦး ကြည် ညွှန့် (မြန်မာ့အလင်း)၊ ဦးမြတ်သူ(ကြေးမုံ)၊ ဦးစိုးမင်း(လုပ်သားပြည်သူ့ နေ့စဉ်) နှင့် ဦးဝင်းတင် (ဟံ သာ ဝတီ)တို့ ၁၉၇၃ ခုနှစ်၊ ပိုလန်နိုင်ငံ လေ့လာရေး ခရီးစဉ်အတွင်း မော်စကိုသို့ ရောက်ခဲ့စဉ် ရိုက်ကူးသည့်မှတ်တမ်းတင် ဓာတ်ပုံကို တွေ့ရစဉ်။

၁၉၅၇ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် စတင်ထွက်ရှိခဲ့သော ကြေးမုံသတင်းစာ စတင်တည်ထောင်သူများတွင် ပါဝင်ခဲ့ပြီး ကြေးမုံသတင်းစာတွင် အမှုဆောင်အယ်ဒီတာအဖြစ် ဆရာဇဝန၊ အောင်ဗလ (ကြေးမုံ ဦးသောင်း)၊ စိန်ခင်မောင်ရီတို့နှင့်အတူ သတင်းစာအလုပ်ကိုလုပ်ကိုင်ခဲ့ကြသည်။ ကြေးမုံသတင်းစာပြည်သူပိုင်ပြုလုပ်ချိန်တွင် ပြည်သူ့အိုးဝေတွင် သွားရောက်လုပ်ကိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကြေးမုံသတင်းစာတွင် ပြန်လည်လုပ်ကိုင်ခဲ့သည်။ ၁၉၅၉ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ စာနယ်ဇင်းကောင်စီတွင် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဆရာကြီးသည် မန္တလေးမြို့၌ထုတ်ဝေသည့် ဟံသာဝတီသတင်းစာတွင် စတင်ဖွင့်လှစ်သည့် ၁၉၆၉ ခုနှစ်မှ ၁၉၇၈ ခုနှစ်(သတင်းစာတိုက် ပိတ်သိမ်းချိန်)အထိ အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဆရာကြီး၏သတင်းစာဆရာဘဝနှင့်ပတ်သက်၍ ကြေးမုံသတင်းစာတိုက်တွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးမြတ်သူ (စာရေးဆရာတက္ကသိုလ်မြတ်သူ)က အမှတ်တရ စကားပြောကြားရာ၌ "ကိုဝင်းတင်က ၁၉၆၉ ခုနှစ်မှာ မန္တလေးမှာ ထုတ်ဝေခဲ့တဲ့ နိုင်ငံပိုင် ဟံသာဝတီ သတင်းစာတိုက်ရဲ့ပထမဆုံးနဲ့ နောက်ဆုံး အယ်ဒီတာချုပ်ဖြစ်ပါတယ်။ ဦးဝင်းတင်ဆိုရင် တခြားဦးဝင်းတင်တွေနဲ့ ကွဲပြားအောင် ဟံသာဝတီ ဦးဝင်းတင်လို့ အမည်တွင်ခဲ့တာ ဖြစ်ပါတယ်။ သူက စာပေဗိမာန်မှာ စာတည်းအဖြစ်လုပ်ရင်း ၁၉၅၇ ခုနှစ် ဧပြီလ ၁၇ ရက်နေ့မှာ စထုတ်တဲ့ ကြေးမုံသတင်းစာမှာနေ့ခင်း (နယ်သတင်း) တာဝန်ခံအယ်ဒီတာ လုပ်ခဲ့ပါတယ်။ ကျွန်တော်က ကြေးမုံ၊ အထောက်တော်၊ ပြည်တော်စိုးသတင်းစာတိုက်တို့မှာ သတင်းထောက်အဖြစ် လုပ်ခဲ့ပါတယ်။ သူက ကြေးမုံသတင်းစာကို နိုင်ငံပိုင်သိမ်းပြီးတဲ့ ၁၉၆၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့ကစပြီး ညတာဝန်ခံ အယ်ဒီတာဖြစ်လာပါတယ်။ ၁၉၆၆ ခုနှစ်မှာ ကျွန်တော် ဗိုလ်တထောင်သတင်းစာကနေ ကြေးမုံသတင်းစာကို ပြောင်းရတော့ ကိုဝင်းတင်၊ အယ်ဒီတာချုပ် ဆရာဇဝန၊ ဆောင်းပါးအယ်ဒီတာ ဦးကြီးမောင် (ငွေဥဒေါင်း)၊ ကိုတင်ထွေးတို့နဲ့ တွဲလုပ်ခဲ့ဖူးပါတယ်။

ဟံသာဝတီသတင်းစာကို မန္တလေးမှာ ထုတ်ဝေဖို့ အယ်ဒီတာချုပ်တစ်ဦး ခန့်ထားရေး စဉ်းစားတဲ့အခါ ဆရာဇဝန၊ ဆရာတက်တိုး၊ ပြန်ကြားရေးအတွင်းဝန် ဒုတိယဗိုလ်မှူးကြီး တင်ထွန်းတို့ရဲ့ ထောက်ခံမှုနဲ့ ကိုဝင်းတင်က သွားရောက်ထမ်းဆောင်ရပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ၁၉၇၇ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့ကနေ ၁၉၇၈ ခုနှစ် မေလ ၂၀ ရက်နေ့အထိ ဟံသာဝတီသတင်းစာတိုက်ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်တော့ ကိုဝင်းတင်နဲ့တွဲလိုက်ရပါသေးတယ်။ ၁၉၇၃ ခုနှစ် ဇူလိုင်လမှာ ပိုလန်နိုင်ငံကို ကိုဝင်းတင်ရယ်၊ ချစ်ကြည်ရေးကြည်ညွှန့်ရယ်၊ ကျွန်တော်တို့ စုစုပေါင်း ငါးဦး ရက်သတ္တပတ်သုံးပတ်လောက် သတင်းစာလေ့လာရေး ခရီးအတူသွားခဲ့ဖူးပါတယ်။

ကိုဝင်းတင်က သတင်းအတွေ့အကြုံအများကြီး ကြွယ်ဝသူဖြစ်ပါတယ်။ သတင်းတည်းဖြတ်ရာမှာလည်း အလွန်သွက်ပါတယ်။ ထက်မြက်ပါတယ်။ စာရေးရာမှာလည်း ညက်ပါတယ်။ စာရေးကောင်းသူတစ်ဦးဖြစ်ပါတယ်။ ပန်းချီ၊ အနုပညာဝေဖန်ရေးကိုလည်း ကျွမ်းကျင်သူလို့ ဆိုနိုင်ပါတယ်" ဟု သတိတရ ပြောပြခဲ့သည်။

ဆက်လက်၍ ၎င်းက "အဲဒီတုန်းက ဟံသာဝတီသတင်းစာတိုက်မှာ စနေနေ့တိုင်း စာတမ်းဖတ်ပွဲတွေ ကျင်းပခဲ့တယ်။ ဟံသာဝတီခြံဝင်းထဲမှာ ရှိတဲ့ ဘိုးဝဇီရခန်းမထဲမှာ ပြည်သူတွေနဲ့အမြဲပြည့်လျှံနေခဲ့ပါတယ်။ နယ်စုံ၊ အလွှာစုံ၊ လောကစုံက ပညာစုံစာပေစာနယ်ဇင်းသမားတွေ၊ ပညာရှင်တွေက ကိုယ်ကျွမ်းကျင်ရာ ဘာသာရပ်အကြောင်း စာတမ်းတွေရေးလာကြ၊ ဖတ်ကြတယ်။ ပရိသတ်တွေက ဆွေးနွေးကြတယ်ပေါ့။ ၁၉၇၇ ခုနှစ် ဒီဇင်ဘာလမှာ စာရေးဆရာ၊ သတင်းစာဆရာကြီး ဦးသိန်းဖေမြင့် မန္တလေးကိုလာရင်း ညဘက်မှာ ဟံသာဝတီသတင်းစာတိုက်ကို ရောက်လာပါတယ်။ ကိုဝင်းတင်နဲ့ နှုတ်ဆက်စကားပြော၊ ကျွန်တော်တို့နဲ့ စကားလက်ဆုံကျပြီး ညဥ့်နက်မှ ပြန်သွားပါတယ်။ မန္တလေးက ပြန်သွားပြီး မကြာပါဘူး။ ဆရာကြီးဦးသိန်းဖေမြင့် ကွယ်လွန်ပါတယ်။ အဲဒါကြောင့် ဟံသာဝတီ စနေစကားဝိုင်းမှာ ဆရာကြီး ဦးသိန်းဖေမြင့်နဲ့ ပတ်သက်တဲ့ စာတမ်းတွေ ဖတ်ကြပါတယ်။ သဘာပတိလုပ်တဲ့ ကိုဝင်းတင်က သတင်းစာဆရာသိန်းဖေမြင့်စာတမ်း၊ ချင်းတွင်းချစ်ထွေးက ဝတ္ထုရေးဆရာ သိန်းဖေမြင့်စာတမ်း၊ သခင်ကျော်စိန်က နိုင်ငံရေးသမား သိန်းဖေမြင့် စာတမ်းတွေ ဖတ်ကြပါတယ်။

သခင်ကျော်စိန်ရဲ့ စာတမ်းထဲမှာ လျှို့ဝှက်အဆင့်ထားရှိတဲ့ ဦးသိန်းဖေမြင့်ရဲ့ ပါတီကို အကြံပြုဝေဖန်စာပါသွားတယ်။ ပါတီစည်းကမ်းအရ အဲဒီအကြံပြုစာတမ်းက ပြင်ပကိုပေါက်ကြားလို့ မရတဲ့ဟာဖြစ်တယ်။ အဲဒါကို ပါတီဌာနချုပ်က သိသွားတော့ ပါတီဥက္ကဋ္ဌဖြစ်တဲ့ နိုင်ငံတော်သမ္မတက ဟံသာဝတီသတင်းစာတိုက်ကို ပိတ်ဖို့အမိန့်ထုတ်တာမို့ ကိုဝင်းတင်လည်း အယ်ဒီတာချုပ်အဖြစ်ကနေ အငြိမ်းစားယူလိုက်ရတယ်။ ပါတီကလည်း ကိုဝင်းတင်နဲ့သခင်ကျော်စိန်ကို ပါတီစည်းကမ်းအရ အရေးယူခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ ဦးဝင်းတင်နဲ့ပတ်သက်လို့ မှတ်ချက်ပြု မပြောကြားခင် ဝန်ကြီးချုပ်ဟောင်း ဦးနု(သခင်နု)က ဦးသိန်းဖေမြင့်ကို စစ်ကြီးကာလတုန်းက ဘာပြောခဲ့ဖူးသလဲဆိုရင် နိုင်ငံရေးမလုပ်ပါနဲ့၊ စာရေးပါ၊ ကမ္ဘာကျော် စာရေးဆရာဖြစ်မယ်လို့ ပြောခဲ့ဖူး၊ နားချတိုက်တွန်းခဲ့ဖူးတယ်လို့ ဆိုပါတယ်။ ဆရာသိန်းဖေမြင့်က စာလည်းရေး၊ နိုင်ငံရေးကိုလည်း သေသည်အထိ လုပ်သွားပါတယ်။ သူယုံကြည်တဲ့ မာ့က်စ်ဝါဒကိုလည်း အပြောင်းအလဲမရှိ စွဲမြဲစွာ ခံယူသွားပါတယ်။

ကိုဝင်းတင်က နိုင်ငံရေးသမားအဖြစ်ထက် သတင်းစာဆရာအဖြစ် ပိုတော်တယ်လို့ ကျွန်တော်မြင်ပါတယ်။ သူက သတင်းစာလောကကို ကျောခိုင်းပြီး နိုင်ငံရေးသမားဘဝကို သေသည်အထိ ခံယူသွားပါတယ်။ သူ့ရဲ့နောက်ပိုင်းအရေးအသား၊ အပြောအဆိုတွေက သတင်းစာဆရာတစ်ယောက်ထက် နိုင်ငံရေးသမားတစ်ယောက်ရဲ့ ဟန်က ပိုကျသွားခဲ့တယ်။ ကျွန်တော့်အမြင်ကို ပြောရရင် သတင်းအသိ ကြွယ်ဝတဲ့၊ သတင်းမှန်ပေးပြီး ပြည်သူကို သတင်းအလုပ်အကျွေးပြုရာမှာ ထူးချွန်တဲ့ သတင်းစာဆရာကောင်းတစ်ယောက် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅ နှစ်ကျော်လောက်ကတည်းက ဆုံးရှုံးခဲ့တယ်လို့ ရှုမြင်ခံစားရတယ်။ သတင်းလုပ်ငန်း လုပ်ဖော်ကိုင်ဖက်တစ်ဦးအနေနဲ့ ကိုဝင်းတင်ကို ကျွန်တော်အမြဲ သတိရနေမှာပါ"ဟု ပြောပြသည်။

အလားတူ ကြေးမုံသတင်းစာ အယ်ဒီတာချုပ် (အငြိမ်းစား) ဦးရဲတင့်ကလည်း "ကျွန်တော်လေးစားတဲ့ သတင်းစာဆရာကြီး ဦးဝင်းတင်ကွယ်လွန်သွားတဲ့အတွက် အများကြီးနှမြောတသ ဝမ်းနည်းကြေကွဲရပါတယ်။ ဦးဝင်းတင်ကို ကျွန်တော့်အနေနဲ့ ကြေးမုံသတင်းစာ အမှုဆောင်အယ်ဒီတာအဖြစ်၊ စာနယ်ဇင်းကောင်စီအတွင်းရေးမှူးအဖြစ်နဲ့ နောက်မန္တလေးမြို့မှာ ထုတ်ဝေတဲ့ ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ်အဖြစ်နဲ့ရှိနေတုန်းတွေမှာ ရင်းနှီးစွာ ဆက်ဆံခွင့်ရခဲ့ဖူးပါတယ်။

ဆရာဟာ သတင်းစာသမားရဲ့ ဂုဏ်သိက္ခာနဲ့သမာဓိကို အလွန်အလေးထားသူဖြစ်တယ်လို့ ကျွန်တော့်အတွေ့အကြုံအရ နားလည်သဘောပေါက်ခဲ့ရပါတယ်။ သူကိုယ်တိုင် အဲဒီလို အလေးထားသူဖြစ်တဲ့အပြင် အခြားလုပ်ဖော်ကိုင်ဖက်သတင်းစာဆရာတွေကိုလည်း အလားတူ တန်ဖိုးထားတတ်စေဖို့ အာသာပြင်းပြသူ ဖြစ်တယ်လို့ လေ့လာအကဲခတ်မိပါတယ်။ သူ့ရဲ့ ထူးခြားချက်က သတင်းစာပညာဘက်မှာ သာမကဘဲ စာပေ၊ သဘင်၊ ဂီတ၊ ပန်းချီ ပညာရပ်တွေကိုလည်း ကျွမ်းကျင်သူတစ်ဦးဖြစ်တယ်ဆိုတာ အံ့သြ ဖွယ်တွေ့ရပါတယ်။ ဆရာကွယ်လွန်တာဟာ သတင်းစာလောကအတွက် ဆုံးရှုံးမှုကြီးဖြစ်တယ်လို့ ခံစားရပါတယ်" ဟု သူ၏အမြင်ကို ပြောပြခဲ့သည်။

သတင်းစာဆရာကြီး ဦးဝင်းတင် ကွယ်လွန်သွားခြင်းသည် သတင်းစာလောကအတွက် ထူးချွန်သည့်၊ အတတ်ပညာ ပြည့်ဝသည့်၊ အတွေ့အကြုံဗဟုသုတကြွယ်ဝသည့် သတင်းစာဆရာကြီးတစ်ဦး ဆုံးရှုံးခြင်းဖြစ်သည်ဟု မှတ်ယူပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

(မြန်မာ့အလင်းစာတည်းအဖွဲ့)

သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ
ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဧပြီ ၂၂

ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး MSF (Holland) နှင့် MSF (Switzerland) အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ **(ယာပုံ)** အစည်းအဝေးသို့ ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာ စိုးလွင်ငြိမ်းနှင့် တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းဖြစ်သည့် MSF (Holland) နှင့် MSF(Switzerland) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် သဘာဝဘေးသင့်နိုင်သည့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ စီမံခန့်ခွဲရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုအောက်တွင် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့မှ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်တွင်းပြည်ပမှအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်မည့် ဝန်ထမ်းအင်အား၊ ဆေးနှင့်ဆေးပစ္စည်းများ ကူညီပံ့ပိုးနိုင်မည့် အခြေအနေအသေးစိတ်ကို ညှိနှိုင်းဆွေးနွေးခဲ့သည်။ ရခိုင်ပြည်နယ်အတွင်း လူမှုရေးအဖွဲ့အစည်းများမှ ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ၂၀၁၄ ခုနှစ် မေလမှ စတင်၍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ ဖွဲ့စည်း၍ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အခြား ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များအား အဖွဲ့အစည်းအလိုက် တွေ့ဆုံ၍ အသေးစိတ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

❊ ရှေ့ဖုံးမှ

ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်နှင့် အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တို့မှ အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကား ပြောကြားရာတွင် နှစ်သစ်တွင် ပထမဆုံးကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ လွှတ်တော်များက တာဝန်ယူဆောင်ရွက်သည့် ဥပဒေပြုရေးကိစ္စများနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများထဲမှ ပြင်ဆင်၊ ပယ်ဖျက်ရန်လိုအပ်သည့် ကိစ္စရပ်များကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ပြီးပြတ်အောင်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ရက်တွင် လွှတ်တော်များ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်၍ သက်တမ်းအားဖြင့် သုံးနှစ်နှင့် နှစ်လကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ ယင်းသက်တမ်းကာလအတွင်း ဥပဒေပေါင်း ၉၈ ခု ပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ ဥပဒေပေါင်း ၅၄ ခုကို ဆွေးနွေးဆဲဖြစ်ပါကြောင်း။

လွှတ်တော် ကော်မတီ/ ကော်မရှင်များနှင့် ညှိနှိုင်းပြီး တည်ဆဲဥပဒေများ ပြင်ဆင်၊ အတည်ပြုရန်အတွက် အစိုးရအဖွဲ့သို့ ပေးပို့ထားသည့် ဥပဒေ ၁၃၄ ခု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပေးပို့ထားသည့် ဥပဒေ နှစ်ခု၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ထားသည့် ဥပဒေတစ်ခုရှိပါကြောင်း၊ သို့ဖြစ်၍ အကြမ်းအားဖြင့် ဥပဒေပေါင်း ၂၀၀ ခန့် ပြင်ဆင်၊ ပြဋ္ဌာန်း အတည်ပြုပေးရန်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမတိုင်မီ ဆောင်ရွက်နိုင်မှသာ အဆင်ပြေမည်ဖြစ်ပါကြောင်း၊ လာမည့် ၂၀၁၅ အောက်တိုဘာ အထိဆိုလျှင် တစ်နှစ်နှင့်ခြောက်လ အချိန်ကြာမြင့်မည် ဖြစ်ပါကြောင်း၊ အဆိုပါကာလအတွင်း ဥပဒေပေါင်း ၂၀၀ ခန့် အတည်ပြုပေးရန်မှာ များပြားသောကိစ္စ ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်သက်တမ်း ငါးနှစ်အတွင်း၌ ဥပဒေများကို ပြင်ဆင်၊ ပယ်ဖျက်ခြင်း မပြုနိုင်လျှင် တာဝန်ကျေမည်မဟုတ်ပါကြောင်း၊ ဥပဒေများ ပြင်ဆင်၊ ပယ်ဖျက်၊ ပြဋ္ဌာန်းနိုင်မှသာ ခေတ်ပြောင်းစနစ်ပြောင်းနှင့် လိုက်လျောညီထွေ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် လွှတ်တော်သက်တမ်းအတွင်း ဥပဒေပေါင်း ၉၈ ခု ပြဋ္ဌာန်းနိုင်ခဲ့ခြင်းအတွက် အခြားနိုင်ငံများမှ လွှတ်တော်များကပင် အသိအမှတ်ပြုခြင်းခံရပါကြောင်း၊ မိမိတို့ မည်မျှကြိုးပမ်းစွမ်းဆောင်ခဲ့သည်ကို မိမိတို့ အသိဆုံးပင်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များ၌ စတင်ဆွေးနွေးကြပြီး သဘောထားကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့၍ ဆွေးနွေးရသဖြင့် အချိန်များစွာယူရပါကြောင်း ၊ မိမိတို့အနေဖြင့် Procedure အရ မည်သည့်အချက်များ ပြင်ဆင်ရန်လိုအပ်မည်ကို ပြန်လည်သုံးသပ်ရန်လိုပါကြောင်း၊ မိမိတို့ ဆောင်ရွက်နေသော Procedure များသည် ဥပဒေပြုရေး၌ နှောင့်နှေးမှုများဖြစ်နေပါက ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

ယနေ့ တက်ရောက်လာကြသူများသည် ပညာရှင်များ၊ အတွေ့အကြုံရှိသူများဖြစ်၍ အကြံဉာဏ်ကောင်းများပေးနိုင်သူများ ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးမှ ပေါ်ထွက်လာမည့် သုံးသပ်ချက်များအရ လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်ရမည်ဖြစ်၍ ဝိုင်းဝန်း အကြံပြုဆွေးနွေးပေးရန် လိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ဆောင်ရွက်ဆဲဥပဒေဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းတို့က ဆောင်ရွက်ဆဲ ဥပဒေများနှင့် ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပြည်သူ့လွှတ်တော် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်သန်းသန်းရီ၊ ဦးညီညီ၊ ဦးထင်ဇော်၊ ဦးဝင်းသိမ်းနှင့် ဦးသန်းမောင်တို့က အသစ်ရေးဆွဲမည့် ဥပဒေများအနက် ဦးစားပေးသင့်သည့် ဥပဒေများကို ဦးစားပေးဆောင်ရွက်ရန်၊ ကော်မတီ/ကော်မရှင်နှင့် လွှတ်တော်တို့၌ ဆွေးနွေးသည့်အခါ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ဥပဒေပြုရေးနှင့် စပ်လျဉ်း၍ Procedure ပြင်သင့်၊ မပြင်သင့် စဉ်းစားသုံးသပ်ရန်၊ လွှတ်တော်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ရှေ့နေချုပ်ရုံးတို့ ပူးပေါင်း၍ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့သည့် ဥပဒေကြမ်းကို ထပ်မံ၍ မှတ်ချက်ပြုစရာမလိုအောင် ပူးပေါင်းဆောင်ရွက်ရန်၊ ရှေ့နေချုပ်ရုံး ဥပဒေများပြဋ္ဌာန်းရာတွင် မြန်ဆန်ပြီးမြောက်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့ အပြန်အလှန်သိရှိဆောင်ရွက်နိုင်ရန်၊ အချိန်ကန့်သတ်ချက်အရ ဥပဒေများပြဋ္ဌာန်းရာတွင် မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ရန် ဦးစားပေးလုပ်ငန်းအစီအစဉ်များ ရေးဆွဲရန်၊ အတည်ပြု ပြဋ္ဌာန်းပြီးသည့် ဥပဒေများကို ဖော်ပြရာ၌ စာမူများ ကွဲလွဲမှုမရှိစေရေး စိစစ်ဆောင်ရွက်ရန်နှင့် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရန် ကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

အကြံပြုဆွေးနွေး

ထို့အတူ အမျိုးသားလွှတ်တော် ကော်မရှင် အဖွဲ့ဝင်များဖြစ်သော ဦးစိန်လှ၊ ဦးစန်းလွင်နှင့် ဦးကျော်စိန်တို့က လွှတ်တော်တွင်ဆုံးဖြတ်ပြီးသော ဥပဒေများနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများသည် မဖြစ်သင့်သောကိစ္စရပ်ဖြစ်၍ ဥပဒေများ ပြဋ္ဌာန်းရာတွင် နည်းလမ်းများရှာဖွေလုပ်ဆောင်သွားရန်၊ လက်ရှိဥပဒေများတွင် ရုပ်သိမ်းသင့်သည့် ဥပဒေများရှိပြီး မရှိသေးသောဥပဒေများကို အသစ်ရေးဆွဲ ပြဋ္ဌာန်းပေးရန်၊ ပြင်ဆင်ပြဋ္ဌာန်းမည့် ဥပဒေ ၂၀၀ ခန့်ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာစာရေးထုံးများနှင့် ညီညွတ်စေရန်လည်း စိစစ်ဆောင်ရွက်ရန်လိုအပ်ကြောင်း အကြံပြုဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးတင်ပြချက်များသည် ဥပဒေများ ပြင်ဆင်၊ ပယ်ဖျက်ရေးဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုပါကြောင်း၊ လာမည့် ၁၈ လ ကာလအတွင်း၌ ပြဋ္ဌာန်းရမည့် ဥပဒေများ အပြီးပြဋ္ဌာန်းနိုင်ရန် ယနေ့ဆွေးနွေးချက်များသည် အရေးပါပါကြောင်း၊ ကောင်းမွန်သောဥပဒေများ ဖြစ်ပေါ်လာရေးအတွက် ကော်မရှင်၊ ကော်မတီများမှ ပညာရှင်များနှင့် ရှေ့နေချုပ်ရုံးတို့မှ ပညာရှင်များက မှန်မှန်ကန်ကန်အကြံဉာဏ်များပေးရန် လိုအပ်ပါကြောင်း၊ ဥပဒေများကို ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းရန် ကိစ္စရပ်များတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် အတူ ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းရေးကိစ္စသည် မိမိတို့လွှတ်တော်တွင်သာ အဓိက တာဝန်ရှိပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် လွှတ်တော်ကော်မတီများမှ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ အကောင်းဆုံး ဥပဒေများ ဖြစ်ပေါ်လာမည်ဖြစ်ပြီး လွှတ်တော်အစည်းအဝေးကျင်းပချိန်တွင် အချိန်ကုန်သက်သာမည်ဖြစ်ကြောင်း၊ ဥပဒေပြုရာတွင် တာထွက်သည်မှ ပန်းဝင်သည်အထိ အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သို့မှသာ လွှတ်တော်၊ အစိုးရအဖွဲ့နှင့် နိုင်ငံတော်လည်း ဂုဏ်သိက္ခာရှိမည်ဖြစ်ကြောင်း၊ ဥပဒေများ ပြဋ္ဌာန်းပြီးသော်လည်း လုပ်ထုံးလုပ်နည်းများ ပေါ်ထွက်လာခြင်းမရှိသေးသည့် ကိစ္စရပ်များကိုလည်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်သက်တမ်း ငါးနှစ်အတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများ ပေါ်ထွက်လာရေးအတွက် အားလုံးပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

အမုန်းတရားကိုပွားများစေသည့် ရေးသားဟောပြောချက်များ (Hate Speech)နှင့်ပတ်သက်သည့် ရှင်းလင်းပွဲကျင်းပမည်

နေပြည်တော် မေ ၂၂

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Friedrich Ebert Stiftung(FES) တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် Friedrich Ebert Stiftung(FES) မှ Media Law Consultant ဖြစ်သူ Senior Lecturer, School of Law, University of Ulster မှ Dr.Venkatlyer(B.Sc.Hons,LLB,LLM,Ph.D,BL) ၏ အမုန်းတရားကိုပွားများစေသည့် ရေးသားဟောပြောချက်များ (Hate Speech) နှင့်ပတ်သက်သည့် ရှင်းလင်းပွဲကို မေ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star Hotel ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကမ်းထိုးဖျက်သိမ်းရေယာဉ်မီးလောင်မှု ဒလမြို့ ရန်ကုန်မြစ်ကမ်းစပ်၌ဖြစ်ပွား

ရန်ကုန် မေ ၂၂

ရန်ကုန်မြစ်ကမ်းစပ် ဒလမြို့ ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန်လမ်း ကိုအောင်မင်း အုတ်၊ သဲ၊ ကျောက်အနီး သဲကွင်းမြစ်ကမ်းပေါ်ရှိ ကမ်းထိုး ဖျက်သိမ်းရေယာဉ်တစ်စင်းသည် မေ ၂၂ ရက် ညနေ ၄ နာရီ ၁၀ မိနစ်က သင်္ဘောသံကိုယ်ထည် ဖြတ်လုပ်ငန်းများ ဆောင်ရွက်နေစဉ် မီးလောင်မှုဖြစ်ပွားခဲ့သည်။

(အောက်ပုံ)

ဖြစ်စဉ်မှာ အဆိုပါနေရာ မြစ်ကမ်းပေါ်၌ ရွှေရတနာဝင်းဝင်း အမည်ရှိ အရှည် ၁၃၄ ပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ၁၆ ပေရှိသည့် သံခွံအမျိုးအစား ဖျက်သိမ်းသင်္ဘောရေယာဉ်ကို ကတ်တာဖြတ်လုပ်သား ဖြိုးဝေ(ခ) လက်ဟင်း(၁၈နှစ်) တောင်ဒဂုံမြို့နေသူနှင့် ဦးထွန်း(၄၂နှစ်) သာကေတမြို့နယ်နေသူတို့နှင့်အတူ အကူလုပ်သား ဖိုးသာထူး(၂၈နှစ်) ဒလမြို့နေသူ သုံးဦးတို့က သင်္ဘောပေါ်တွင် ရေခဲထည့်အအေးခန်းနံရံကပ်ဖော့တုံးများကို ခွာချဖျက်သိမ်းစုပုံထားကြပြီး သင်္ဘောပဲ့ပိုင်းတွင် သံနံရံများကို ကတ်တာဖြတ်လုပ်ကိုင်ဆောင်ရွက်နေခဲ့ရာမှ တစ်ဆင့် မီးပွားများ လွင့်စဉ်ကျရောက်ပြီး မီးစတင်လောင်ကျွမ်းခြင်းဖြစ်သည်။

ဖျက်သိမ်းသင်္ဘော မီးလောင်ရာသို့ ဒလမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ကျော်သူအောင်နှင့် သန္ဓေကိုးဦး၊ အရန်မီးသတ် ၁၃ ဦးတို့အဖွဲ့က မီးသတ်ယာဉ်နှစ်စီးဖြင့် ရောက်ရှိလာကြပြီး အခေါက်ခေါက်အခါခါ ရေများသယ်ယူကာ သင်္ဘောဝမ်းဗိုက်အတွင်း မီးသတ်ရေပိုက်လုံးကြီးများဖြင့် စွမ်းစွမ်းတမံကြိုးစားငြိမ်းသတ်မှုကြောင့် ၄ နာရီ ၂၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ရာ ၄ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

သန်းဋ္ဌေး(ဒလ)

❊ ကျောဖုံးမှ

၂၀၀၀၀ ဆံ့ရေစုကန်ကြီး ၂၃ လုံးနှင့် ရယူစုဆောင်းသိုလှောင်ပြီး ကျေးရွာအလိုက် ဂါလန် ၂၅၀၀၊ ၅၀၀၀ ဆံ့ အုတ်ရေကန်အလုံးပေါင်း ၁၁၄ လုံး တည်ဆောက်၍ အများသုံးရေကန်များအဖြစ် ရွာတွင်းအသုံးပြုရန်ခွင့်ပြုထားသဖြင့် ကျေးရွာသစ်များ၌ သန့်ရှင်းသောသောက်သုံးရေများ အဆင်ပြေလျက်ရှိသည်ဟု သိရသည်။

ပြောင်းရွှေ့ကျေးရွာများအတွက် သန့်ရှင်းသော သောက်သုံးရေ သိုလှောင်ဖြန့်ဝေပေးနေသည့် ဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်ကြီးကို တွေ့ရစဉ်။

ဖောင်းပြင်မြို့နယ် ဝေ့ကြိုင်းကျေးရွာအနီး၌ တောမီးလောင်မှုဖြစ်ပွား

ဖောင်းပြင် မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ပင်သာအုပ်စု ဝေ့ကြိုင်းကျေးရွာအနီး ရွာမြောက်ဘက်တောစပ်၌ မေ ၂၂ ရက် မွန်းတည့် ၁၂ နာရီခန့်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကျေးရွာနေပြည်သူတစ်ဦးက "တောမီးက ဝေ့ကြိုင်းရွာရဲ့မြောက်ဘက် တောစပ်ကနေစလောင်တာပေါ့။ အဲဒီအချိန်က လေအလွန်တိုက်တော့ မီးတောက်ကကြီးပြီး မီးပွားတွေလွင့်ကာ အိမ်တွေပေါ်ကျပြီး ရွာသူရွာသားတွေက ရေပုံးတွေနဲ့ ဝိုင်းငြိမ်းသတ်ရပါတယ်။ ဖြစ်ဖြစ်ချင်းမြို့နယ်မီးသတ်တပ်ဖွဲ့နဲ့ တင်ဝင်းထွန်းကုမ္ပဏီကို အကြောင်းကြားထားတော့ မီးသတ်ကားရေဘောက်ဆာကားကြီးတွေရောက်လာပြီး ငြိမ်းသတ်လိုက်တော့မှ မီးညွန့်ကျိုးပြီး နိုင်သွားပါတယ်။ ဆုံးရှုံးမှုက သိပ်မရှိပါဘူး။ ရွာရဲ့အနောက်ဘက်ဆုံး ဝက်၊ ကျွဲ၊ နွားတွေထားတဲ့ လူမနေတဲ့အိမ်ဟောင်းပေါ် မီးပွားတွေကျပြီး လောင်ကျွမ်းသွားတာလောက်ပါပဲ။ ကျွန်တော်တို့ရွာနဲ့ အလွန်နီးတော့ စိုးရိမ်ရပါတယ်။ အခုအချိန်နွေရာသီက အလွန်ပူပြင်းတော့ မီးဘေးကြိုတင်ကာကွယ်ရေးကို သက်ဆိုင်ရာတာဝန်ရှိသူများက အသိပညာပေးဟောပြောတာတွေလည်း ပြုလုပ်စေချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဟန်ထွန်း

အပြုံးပန်းများ ကူးစက်ပျံ့နှံ့ပါစေ . . . .

သတင်းဆောင်းပါး - မောင်ဇော်(သတင်းစဉ်)

ဓာတ်ပုံ - မောင်ဇော်နှင့် မန္တလေးတိုင်းဒေသကြီးကျေးလက်ဦးစီးဌာန

"ငါ့ကို ရေတွေရှဲ့ကုန်ပြီ၊ ဖြည်းဖြည်းခပ်ပါအေ၊ မရမှာ ကျနေတာပဲ၊ တကတည်းကို ဖြစ်နေလိုက်တာလွန်ပါရောအေ"

"အေးပါဟာ၊ နင်ကလဲ၊ ရေအတွက် အရင်တုန်းကလို မပူပင်ရတော့ပါဘူးဟ။ အခုဟာကမတော် တဆမို့ပါအေ။ ခပ်ခပ် အေးအေး ဆေးဆေးသာခပ်၊ ရေအတွက်ဆိုတို့ကမပူ ရေးချမပူ" ဟူသည့် အချင်းချင်း စနောက်နေကြသည့် ကျေးလက်လုံမပျိုတစ်သိုက်၏အသံက သူတို့ဘဝ တစ်စိတ်တစ်ပိုင်းအားဖော်ပြနေသယောင်။

နေရာဒေသကား မန္တလေးမြို့ အရှေ့တောင်ဘက် မိုင် ၅၀ ကျော်ခန့်အကွာ ရှမ်းရိုးမတောင်ခြေ အနီးရှိ ကျောက်ဆည်မြို့နယ် ကလေးကျေးရွာစက်ရေတွင်းတွင် သောက်ရေသုံးရေ ခပ်ယူနေကြသည့် ပီတိအပြုံးတို့၏ မြင်ကွင်းပင်ဖြစ်ပါသည်။

မန္တလေးတိုင်း ဒေသကြီး၏ တောင်ဘက်ခြမ်းသည် မြောက်ဘက်ခြမ်းထက်ပို၍ မိုးရေရရှိမှုနည်းပါးသည်။ ထိုဒေသများရှိ ကျေးလက်နေ ပြည်သူတို့သည် ရေသည်သာလျှင် ဘဝအတွက် အလိုအပ်ဆုံးသော အရာဖြစ်ခဲ့သည်။

ရွှေကိုမလို၊ ငွေကိုမလို၊ သန့်ရှင်းသည့် သောက်သုံးရေနှင့် ရာသီတိုင်း စိုက်ပျိုးနိုင်သည့် စိုက်ပျိုးရေရရှိရေးသည် သောက်သုံးရေရှားပါးသည့် ကျေးလက်နေ ပြည်သူတို့၏ အလိုအပ်ဆုံးသော၊ အတောင့်တဆုံးသော၊ အပြင်းပြဆုံးသော ဆန္ဒများဖြစ်သည်။

မန္တလေးတိုင်း ဒေသကြီး တောင်ဘက်ခြမ်းရှိ မြင်းခြံခရိုင်၊ ပုဂံ-ညောင်ဦးခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြောက်ဘက်ခြမ်းရှိ မတ္တရာ၊ စဉ့်ကူးစသည့် မိုးခေါင်မိုးနည်း ရေရှားရပ်ဝန်းဒေသများတွင် ၂၀၁၃ ခုနှစ်က သောက်သုံးရေရှားပါးပြတ်လပ်ခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဆည်မြောင်းတာတမံပြုပြင်ခြင်း၊ စက်ရေတွင်းများတူးဖော်ခြင်း၊ ဆည်ကန်များတည်ဆောက်ပြုပြင်ခြင်းတို့ဖြင့် မိုးခေါင်ရေရှားဒဏ်ကို ကျော်လွှားနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ရသည်။

"၂၀၁၃ ခုနှစ်တုန်းက ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးမှာ သောက်ရေ သုံးရေရှားပါးခဲ့တယ်ဆိုတာနဲ့ပတ်သက်လို့ ၂၀၁၁ ခုနှစ် စတင်တာဝန်ယူတဲ့ နှစ်ကစပြီး နည်းနည်း ပြောပြချင်ပါတယ်။ ဒါဘာလဲဆိုတော့ ၂၀၁၁ ခုနှစ်တုန်းက မိုးအင်မတန်များခဲ့ပါတယ်။ မိုးများတော့ တချို့နေရာတွေမှာ ရေလွှမ်းသွားတယ်။ တချို့ဆည်ကန်တွေပေါက်သွားတယ်၊ ဆည်တွေပေါက်သွားတယ်ဆိုတဲ့ နေရာမှာ ဆည်ကန်တွေခံနိုင်တဲ့ အားနည်းသွားတဲ့အပြင် ဆည်တွေကောလာတဲ့အတွက် ပေါက်တယ်ဆိုတာတွေ့ရပါတယ်။ ဒီဆည်ပေါက်သွားတာတွေအားလုံး ပြန်လည်ပြင်ဆင်မှုတွေ လုပ်ခဲ့ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ရှင်းပြသည်။

"၂၀၁၂ ခုနှစ်ကျတော့ မိုးခေါင်တယ်။ မိုးခေါင်တော့ ပြီးခဲ့တဲ့နှစ်က ဆည်ကန်တွေမှာ လှောင်ထားတဲ့ ရေတွေ အကုန်ခန်းသွားပါတယ်။ အဲဒီလို ခန်းခြောက်သွားတဲ့အတွက် ၂၀၁၂ ခုနှစ်ထဲမှာလည်း သောက်ရေသုံးရေနဲ့ စိုက်ပျိုးရေ တော်တော်နည်းသွားခဲ့ပါတယ်။ အဲဒီနှစ်မှာ ဆည်ကန်တွေကို လေ့လာကြည့်တဲ့

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်အား တွေ့ဆုံမေးမြန်းစဉ်။

အခါ နှစ်ပေါင်းများစွာ မပြုပြင်နိုင်လို့ နုန်းတွေပို့နေလို့ဆိုတဲ့ အခြေအနေတွေကို တွေ့ရပါတယ်။ ဒီနုန်းတွေကိုသာ ဖယ်ရှားပြုပြင်နိုင်မယ်ဆိုရင် ဒီဆည်ကန်တွေဟာ ကျိန်းသေရေအများကြီး လှောင်နိုင်မယ်ဆိုတာ သွားတွေ့ရပါတယ်။ ဒါကြောင့် တတ်နိုင်သမျှ တိုင်းဒေသကြီးအစိုးရက အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီလိုလုပ်ပေမယ့် တကယ်လိုအပ်ချက်က အများကြီးဖြစ်နေတော့ ကျွန်တော်လည်း ၂၀၁၂ ခုနှစ်အကုန် ၂၀၁၃ ခုနှစ်ဆန်းပိုင်းမှာ သမ္မတကြီးကို တင်ပြခဲ့ပါတယ်။ ဒီလိုတင်ပြတဲ့အခါမှာ သမ္မတကြီးက ချက်ချင်းပဲ ဆည်ကန်တွေကို တူးဖို့ အစီအစဉ်လုပ်ပါဆိုပြီး မှာကြားပါတယ်။ ဒါကြောင့် ကျွန်တော်လည်း အားလုံးကို ပြန်စုစည်းပြီး အလိုအပ်ဆုံးနေရာတွေကို ဦးစားပေးရွေးထုတ်ကာ ၂၀၆ ကန်ကို တူးဖော်ဖို့ စီစဉ်လိုက်ပါတယ်။

အဲဒီ ၂၀၆ ကန်က ၂၀၁၃ ခုနှစ် မိုးကာလမှာ ရေပြည့်သွားပါပြီ။ ၂၀၆ ကန်စလုံး ရေပြည့်သွားပါတယ်။ ဥပမာပြောရရင် ဒီအနီးအနား နွားထိုးကြီးမြို့နယ်က ကန်နားကန်ဆိုရင် ရေပြည့်နေလို့ ပင်လယ်ပြင်ကြီးလို ဖြစ်သွားပါတယ်။ ကျွန်တော်တို့အနေနဲ့ ကန်ပေါင်ရိုးတွေကို ခိုင်ခံ့အောင် ပြုပြင်လိုက်ပါတယ်။ နုန်းတွေကိုလည်း ဖယ်ထုတ်လိုက်တော့ ရေပမာဏ များများလှောင်လို့ရသွားပါတယ်" ဟု ဝန်ကြီးချုပ်က ဆက်လက်ပြောပြသည်။

"သောက်သုံးရေလှူဒါန်းမှုသည် အလှူပေးအပ်သူနှင့် အလှူခံယူသူတို့ နှစ်ဦးနှစ်ဖက် စိတ်နှလုံးကြည်သာချမ်းမြေ့ကြရသည့် အလှူဒါနတစ်ခုဟု ဆိုနိုင်"

"အဲဒီမှာ စိုက်ပျိုးရေ၊ သောက်သုံးရေ အကုန်လုံးပြည့်စုံသွားပါတယ်။ ဒါက ပထမအကြိမ်တူးတဲ့ ၂၀၆ ကန်ပေါ့။ ၂၀၁၃ ခုနှစ် မိုးကာလကိုပြန်ကြည့်ရင် ပထမမိုးခေါင်ခဲ့ပါတယ်။ ဒုတိယပိုင်းကျမှ မိုးကောင်းလိုက်ပါတယ်။ အဲဒီတော့ ဒုတိယမိုးကြောင့် ပထမတူးတဲ့ ၂၀၆ ကန်စလုံး ရေပြည့်သွားတာဖြစ်ပါတယ်။

"ဒါပေမယ့် တချို့တချို့နေရာတွေမှာ လုပ်ပေးစရာတွေ အများကြီးကျန်ပါသေးတယ်။ ဒီမှာကြည့်ရင် နိုင်ငံတော်အစိုးရက ထိန်းသိမ်းစောင့်ရှောက်တဲ့ ဆည်ကန်တွေရှိသလို ကျေးလက်က ကိုယ့်အားကိုယ်ကိုး ဖွံ့ဖြိုးရေးကန်အဖြစ် လုပ်ပေးခဲ့တဲ့ ပုဂ္ဂလိကဆည်ကန်တွေ အများကြီးပဲရှိပါတယ်။ ဒါတွေက ကျေးရွာတွေအတွက် တော်တော်ထိရောက်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့က အကုန်လုံးကို လိုက်ပြင်နေတာ ဖြစ်ပါတယ်။ မနှစ်က ၂၁၈ ကန် လိုအပ်ချက်ရှိလာလို့ ၂၁၈ ကန်ပြင်ဆင်ပါတယ်။ အခုအားလုံး ၄၂၄ ကန် ဖြစ်သွားတာပေါ့။

"စက်ရေတွင်းတွေကတော့ ရွာအလိုက် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ မနှစ်က အမှန်တကယ် စက်ရေတွင်း လိုအပ်နေတဲ့ ရွာပေါင်း ၂၃၀ မှာ တစ်ကြိမ်တည်း တစ်ပြိုင်တည်း တူးလိုက်ပါတယ်။ တွင်းနက်တွေရော တွင်းတိမ်တွေရော ပါဝင်ပါတယ်။ အဲဒီမှာ ထူးခြားမှုလေးတွေက ဘာလဲဆိုတော့ အရင်က အဲဒီနေရာတွေမှာ စက်ရေတွင်းတွေ တူးလို့မရခဲ့ပါဘူး။ ရေချို မထွက်ဘူး။ ရေငန်ပဲထွက်တာရှိပါတယ်။ ဒါပေမယ့် အခုအကြိမ်တူးတော့ ရေချိုတွေရသွားပါတယ်။ ဒါထူးခြားမှုဖြစ်ပါတယ်။ ဒါကသောက်သုံးရေအတွက်ဖြစ်တယ်။

"၂၀၁၂ ခုနှစ်မှာ စက်ရေတွင်းတူးပေးခဲ့တာရှိပါတယ်။ ဘာလို့လဲဆိုတော့ မိုးမရတဲ့အခါ စိုက်ပျိုးရေးက ဒီအတိုင်း ပစ်ထားလိုက်ရတော့ ကျွန်တော်တို့နယ်မြေကွင်းဆင်းရင်း တောင်သူတွေနဲ့ ထိတွေ့တဲ့အခါ သူတို့က ရေရရင်စိုက်ပျိုးလို့ရတယ်ဆိုလို့ စိုက်ပျိုးရေအတွက် စက်ရေတွင်းတွေ တူးပေးလိုက်ပါတယ်။ ပျော်ဘွယ်ဘက်မှာ တူးပေးလိုက်တာမှာ တော်တော်အဆင်ပြေသွားပါတယ်။ မိုးကိုပဲ အားထားစရာမလိုတော့ဘူးပေါ့။ မနှစ်က စက်ရေတွင်းပေါင်း ၃၉၂၄ တွင်း တစ်ပြိုင်တည်းတူးပေးခဲ့ပါတယ်။ ဒီတွင်းတွေက ရတဲ့ရေတွေနဲ့ တောင်သူတွေ စိုက်ပျိုးရေအဖြစ် ကောင်းကောင်း သုံးလို့ရသွားပါပြီ" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

မည်သည့်နည်းဖြင့် ရေရရှိသည်ဖြစ်ပါစေ၊ ယခုကျောက်ဆည်မြို့နယ် အတွင်းရှိ ကလေးကျေးရွာသူ ကျေးရွာသားများကတော့ ဝမ်းသာကြည်နူးလျက်ရှိနေကြသည်။

ကလေးကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်မွေးက "ကျွန်တော်တို့ရွာမှာ ယခင်တုန်းက သောက်သုံးရေ တော်တော်လေး ခက်ခဲပါတယ်။ ကိုယ့်အားကိုယ်ကိုး ရေတွင်းတွေ တူးခဲ့ပေမယ့် ထွက်တဲ့ရေတွေက အဝါရောင်တွေဖြစ်နေပါတယ်။ မသန့်ဘူးပေါ့။ ရေချိုးရင်လည်း စေးကပ်နေတယ်။ ရေနွေးကျိုသောက်လို့လည်းမကောင်း၊ တော်တော်လေး အခက်တွေ့ခဲ့ကြပါတယ်။ အခုဆို တိုင်းဒေသကြီးအစိုးရအစီအစဉ်နဲ့ ကျေးလက်ဦးစီးဌာနကနေ ပေ ၆၀၀ နက်ပြီး လေးလက်မကျယ်တဲ့စက်ရေတွင်းတူးပေးထားတော့ သန့်ရှင်းတဲ့ သောက်သုံးရေအတွက် မပူရတော့ဘူးပေါ့။ ရေစက်နဲ့အတူ ဒိုင်နမိုပါ တွဲတပ်ထားတော့ ညဘက်ရေကန်ထဲ ရေတင်ရင် ကျေးရွာအတွက် မီးပါရတယ်ဗျ။ အခုရွာအတွက် ရေရော မီးရောမပူရတော့ဘူးဗျာ" ဟု ဝမ်းသာစကားဆိုသည်။

"ကျွန်တော်တို့ရွာ စိုက်ပျိုးရေးက ဆည်ရေသောက်စနစ်ဗျ။ ဇော်ဂျီကနေ ရှစ်မိုင်လောက်ဝေးတဲ့ ငပြောင်မြောင်းလက်တံကရေကို အားကိုးပြီး စိုက်ရတာပေါ့။ အရင်တုန်းကဆို မြောင်းလက်တံထဲမှာ အမှိုက်တွေ ဒိုက်တွေက ပိတ်ဆို့၊ နုန်းတွေပို့လို့ မြောင်းကတိမ်၊ ရေထုတ်မြောင်းတွေကိုလည်း စည်းကမ်းမဲ့ချဲ့ထားကြတော့ ရေကအောက်ဘက်ကို တော်တော်နဲ့မရောက်နိုင်တော့ဘူး။

"ဒါတွေကြောင့် စိုက်ပျိုးချိန်မှာ စိုက်ပျိုးရေလုံလုံလောက်လောက်မရခဲ့ဘူး။ အခုတော့ တိုင်းဒေသကြီးအစိုးရက ၂၀၁၂ခုနှစ်အကုန်လောက်မှာ စက်ယန္တရားကြီးတွေနဲ့ အကြီးစားပြင်ဆင်မှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ တောင်သူအချင်းချင်း စိုက်ပျိုးရေအတွက် အငြင်းပွားစရာ မလိုတော့ဘူးပေါ့။ အခုဆိုနွေစပါး တောင်မကဘူး ရေသွင်းနှမ်းတောင် စိုက်နေကြပြီ" ဟု အရှေ့သာဂရကျေးရွာမှ တောင်သူဦးလှမြင့်က ရင်တွင်းစကား ဆိုသည်။

ပြည်သူအကျိုးပြုဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်တိုင်းသည် ရေရှည်တည်တံ့ရန် လိုအပ်သည်။ ထာဝစဉ်ခိုင်မြဲစွာ အသုံးပြုနိုင်သည်အထိ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်မည်ဟု ထင်မြင်မိသည်။

"ရေကန်က ၄၂၄ကန်ပဲ ပြင်နိုင်ပါသေးတယ်။ ကျွန်တော်တို့ဆီမှာ ရှိတာ ၂၀၀၀ ကျော်ရှိတယ်။ လိုအပ်တဲ့ကန်တွေကို ဆက်တူးပေးနေဦးမှာပါ။ တူးပေးပြီးတဲ့ ဆည်ကန်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့လိုအပ်ပါတယ်၊ တစ်ဖက်ကရပြီးသားဟာတွေကို အကောင်းဆုံးဖြစ်အောင် ထိန်းသိမ်း၊

ရွာသစ်ကျေးရွာမှ တောင်သူ ဦးသန်းလှိုင်

တစ်ဖက်က ထပ်လုပ်ပေးရမယ့်ဟာတွေကို လုပ်ပေးရပါဦးမယ်၊ ထိန်းသိမ်း စောင့်ရှောက်ဖို့ဆိုတာ ကျွန်တော်တို့နဲ့တင် မပြီးပါဘူး။ နယ်မြေလူထုတွေကို ဒီရေတွင်း၊ ရေကန်တွေကို စောင့်ရှောက်ဖို့ သေသေချာချာလေး ပြန်အပ်ပြီး စနစ်တကျစီမံဖို့ ဆောင်ရွက်နေပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောပြသည်။

တစ်ထောင့်တစ်နေရာ ရှုမြင်သော် သောက်ရေ၊ သုံးရေနှင့်စိုက်ပျိုးရေရရှိရေးနည်းလမ်းမျိုးစုံကြိုးပမ်းရုံ၊ ထိန်းသိမ်းစောင့်ရှောက်ရုံမျှသာမက ရေနှင့် အတူယှဉ်တွဲဖြစ်ပွားလာမည့် ကျန်းမာရေးကဏ္ဍကိုလည်း အထူးလေးထားကြရမည်ဖြစ်သည်။

သောက်သုံးရေ လုံလုံလောက်လောက် မရရှိသေးသော၊ ရေတွင်းရေကန် တူးဖော်မှုမှာ ၎င်းတို့ရွာဘက်သို့ ရောက်မလာသေးသော ရှမ်းရိုးမတောင်ခြေ ရွာလေးတစ်ရွာဖြစ်သည့် ရွာသစ်ကျေးရွာ (တောင်လှ)ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးအောင်က "မိုးတွင်းဆို ကျွန်တော်တို့ရွာမှာ တောင်ကျချောင်းရေ နောက်ကျိကျိကို သောက်သုံးကြရပါတယ်။ နွေရာသီမှာ တောင်ကျချောင်းကလေးက ရေခန်းစပြုနေပြီး ဒီရေလေးကိုပဲ ကျွဲတွေ၊ နွားတွေ၊ ဆိတ်တွေနဲ့ ကျွန်တော်တို့ ကျေးရွာသူ ကျေးရွာသားတွေ ထွေးရော ယှက်တင်သောက်သုံးနေကြတယ်ဗျ။ ရွာထိပ်မှာ ပုဂ္ဂလိက စက်ရေတွင်းရှိတယ်ဆိုပေမယ့် ရေလုံလောက်အောင်မရဘူး။ သုံးအိမ်လေးအိမ်လောက်ပဲ သုံးလို့ရတယ်လေ။ မှတ်မှတ်ရရ ၂၀၁၀ ပြည့်နှစ်ဧပြီလောက်တုန်းက ကျွန်တော်တို့ ရွာသူရွာသားအယောက် ၆၀ လောက် ဝမ်းရောဂါဖြစ်လို့ ကျောက်ဆည်ဆေးရုံတင်လိုက်ရတယ်။ တော်သေးတာပေါ့၊ အသေအပျောက်မရှိခဲ့လို့။ သန့်ရှင်းတဲ့ သောက်သုံးရေလေး ရချင်လိုက်တာဗျာ၊ တကယ်ပါ။ ဘယ်လိုနည်းလမ်းနဲ့ပဲဖြစ်ဖြစ် သောက်သုံးရေ၊ စိုက်ပျိုးရေ လုံလုံလောက်လောက် ရချင်နေကြတာက ကျွန်တော်တို့ ရွာသားအားလုံးရဲ့ ဆန္ဒတွေပါ" ဟု တမ်းတမ်းတတလေး ပြောပြသည်။

အလားတူ ရွာသစ်ကျေးရွာမှ တောင်သူ ဦးသန်းလှိုင်က "ကျွန်တော်တို့ ရွာမှာ နွေရာသီပူပြင်းရင် ရေကို ခက်ခက်ခဲခဲသုံးကြရတယ်။ အခုဒီလထဲမှာတောင် ကလေးငယ်တစ်ဦး ဝမ်းရောဂါနဲ့သေဆုံးခဲ့တယ်ဗျ။ သန့်ရှင်းတဲ့သောက်ရေ ရွာအတွက် လုံလုံလောက်လောက်လေး ရအောင် စက်ရေတွင်းတစ်တွင်းလောက် တူးပေးစေချင်လိုက်တာဗျာ။ စိုက်ပျိုးရေအတွက်ကတော့ ဒုတိယပေါ့။ ဇော်ဂျီဆည်ကနေ နည်းလမ်းတစ်ခုခုနဲ့ ရေသွယ်ပေးရင် ကျွန်တော်တို့ရွာသာမက ကျောက်ဆည် အရှေ့ခြမ်းက လယ်ယာမြေဧက ၁၀၀၀၀ လောက်ကို အကျိုးပြုနိုင်မှာဗျ"ဟု ဆိုသည်။

တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် လူဦးရေတိုးပွားလာမှုကြောင့် မြို့ပြစီမံကိန်းများရေးဆွဲရာ၌ပင် ကျန်းမာရေးကဏ္ဍအတွက် သန့်ရှင်းသည့် သောက်သုံးရေရရှိရေး စီမံကိန်းများ မဖြစ်မနေထည့်သွင်းရေးဆွဲလာကြသည်။

"ရေရရှိရေးမှာ ပထမဆုံး သောက်သုံးရေကိစ္စကို ကျွန်တော်ရှင်းပြပါ့မယ်။ သောက်သုံးရေဆိုတာက ကျွန်တော်တို့မြို့တွေ၊ကျေးလက်ဒေသတွေကို အခြေခံရပါတယ်။ အခုကျွန်တော်တို့က မြို့တွေမှာရော ကျေးလက်တွေမှာပါ Town Plan ဆိုတာ ရေးဆွဲနေတယ်။ မြို့ရွာ စီမံချက်တွေကို နှစ် ၃၀ မှန်းပြီး ရေးဆွဲပါတယ်။ အဲဒီအထဲမှာ သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေးကို ထည့်သွင်းထားရပါတယ်။ မဖြစ်မနေထည့်ထားတဲ့ အစီအစဉ်ဖြစ်တဲ့အတွက် သဘာဝဘေးအန္တရာယ်ဖြစ်ခဲ့ရင်လည်း ကျွန်တော်တို့ရေးဆွဲတဲ့ သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေး အစီအစဉ်တွေမှာ အကျုံးဝင်သွားမှာပဲ ဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ် ဦးရဲမြင့်က ပြောပြသည်။

သောက်သုံးရေလှူဒါန်းမှုသည် အလှူပေးအပ်သူနှင့် အလှူခံယူသူတို့ နှစ်ဦးနှစ်ဖက် စိတ်နှလုံးကြည်သာချမ်းမြေ့ကြရသည့် အလှူဒါနတစ်ခုဟု ဆိုနိုင်သည်။ အမှန်တကယ် လိုအပ်လျက်ရှိသည့် သန့်ရှင်းသည့် သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေရရှိရေး လှူဒါန်းကူညီ ဆောင်ရွက်သူများသည် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးမားခြင်း၊ ဉာဏ်ပညာကြီးမားခြင်းစသည့် ရေအကျိုး (၁၀)ပါး မတောင်းဘဲ ပြည့်စုံကြမည်ဟု မှတ်ယူမိသည်။

ဤဆောင်းပါးကို နိဂုံးချုပ်ရင်း မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ကလေးကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများကဲ့သို့ ကျေးရွာပေါင်းများစွာမှ သောက်သုံးရေပြည့်စုံ၍ ပျော်ရွှင်ပီတိ အပြုံးများသည် အခြားသော ရေအခက်အခဲရှိနေသေးသည့် ဒေသများသို့ပါ အမြန်ဆုံးကူးစက်ပျံ့နှံ့ရောက် ရှိပါစေဟု ဆန္ဒပြုမိပါသတည်း။ ။

ကလေးကျေးရွာ စက်ရေတွင်းမှ သန့်ရှင်းသော သောက်သုံးရေများ ခပ်ယူနေကြစဉ်။

ပြည်တွင်းနှင့် နိုင်ငံတကာသတင်း

မောင်းသူမဲ့ရေငုပ်သင်္ဘောဖြင့် ပျောက်ဆုံးလေယာဉ်ရှာဖွေမှုဆက်လက်ပြုလုပ်မည်

ဘာသာပြန်-ထန်နိုး

အမေရိကန် မောင်းသူမဲ့ရေငုပ်သင်္ဘောသည် အိန္ဒိယသမုဒ္ဒရာကြမ်းပြင်၌ လက်ရှိ အဓိကထားရှာဖွေမှုလုပ်ငန်းကို အဆုံးသတ်ပြီးနောက်ပိုင်းတွင်လည်း မလေးရှားပျောက်ဆုံးလေယာဉ်၏ သဲလွန်စများ ပိုက်စိပ်တိုက်ရှာဖွေမှုဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အပူပိုင်းဒေသဆိုင်ကလုန်းမုန်တိုင်းကြောင့် လေကြောင်းမှ ရှာဖွေမှုကို ရပ်ဆိုင်းခဲ့ရကြောင်း ဩစတြေးလျတာဝန်ရှိသူများက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

မောင်းသူမဲ့ ရေငုပ်သင်္ဘော Bluefin-21 သည် မလေးရှား ပျောက်ဆုံးလေယာဉ်ပျက်ကျသည့် နေရာဟုယူဆရသည့် အိန္ဒိယသမုဒ္ဒရာကြမ်းပြင်၌ ရှာဖွေမှုလုပ်ငန်း အဆုံးသတ်တော့မည့် အချိန်တွင် တာဝန်ရှိသူများသည် နောက်ထပ်ရှာဖွေရေး နယ်နိမိတ် သတ်မှတ်ဆုံးဖြတ်ရေးနှင့် ပတ်သက်၍ ဖိအားပေးခြင်းခံနေရသည်။

Bluefin-21 သည် ပျောက်ဆုံးလေယာဉ်၏ Black Box မှလာသည်ဟုယူဆရသော အချက်ပြမှုထောက်လှမ်းရရှိခဲ့သည့် ၁၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းသော အိန္ဒိယသမုဒ္ဒရာကြမ်းပြင်၌ အဓိကထားရှာဖွေမှုကို ဗုဒ္ဓဟူးနေ့တွင်အဆုံးသတ်တော့မည်ဟုမျှော်လင့်ရပြီး ယခုအထိ လေယာဉ်အပိုင်းအစ တစ်ခုမျှတွေ့ရှိခြင်းမရှိသေးပေ။

Bluefin-21 သည် ယခုအခါ သမုဒ္ဒရာကြမ်းပြင်၌ အဓိကထားရှာဖွေမှု၏ ၈၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း၊ နောက်ထပ်ရှာဖွေမှုများ ပြုလုပ်ရန်စီစဉ်ထားကြောင်း ပတ်သ်မြို့အခြေစိုက်ပူးတွဲအေဂျင်စီညှိနှိုင်းရေးစင်တာ JACC က ရိုက်တာသတင်းဌာနသို့ အီးမေးလ်ဖြင့် အကြောင်းကြားခဲ့သည်။ **ရိုက်တာ**

စစ်ကျန် ၈၂ မမ ဗုံးသီးတောင်းခြောက်လုံးတွေ့ရှိ

ရေတာရှည် ဧပြီ ၂၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၂၀၀/၅)နှင့် (၂၀၀/၆)အကြား တံတားအမှတ် ၂/၂၀၁၏ အနောက်ဘက်ခြမ်းအောက်တွင် ဧပြီ ၂၂ ရက် နံနက် ၉ နာရီခွဲခန့်က ပလတ်စတစ်နှင့်သံဘူးခွံများကောက်ယူသည့် ကလေးငယ်များက ဗုံးသီးများ စတင်တွေ့ရှိခဲ့ပြီးနောက် ဆွာတောင်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်ရှိန်ကို သတင်းပို့ခဲ့သည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ဆွာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်သောင်းစံနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အရှည် ၁၂ လက်မ၊ လုံးပတ် ၁၀ လက်မခွဲ(နောက်ဒလက်ပါ) စစ်ကျန် ၈၂ မမ ဗုံးသီးတောင်းခြောက်လုံး **(အောက်ပုံ)**ကို တွေ့ရှိခဲ့သဖြင့် နယ်မြေခံတပ်ရင်းသို့ ဆက်သွယ်သတင်းပို့ကာ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **ကိုလွင်(ဆွာ)**

စွယ်တော်စေတီကန်ပေါင်လမ်းအတိုင်း မောင်းနှင်လာသည့်အငှားယာဉ် ပြန်ကွေ့စဉ် အရှိန်လွန်ကာ ကန်အတွင်းသို့ကျ

ရန်ကုန် ဧပြီ ၂၂

မရမ်းကုန်းမြို့နယ်အတွင်း ဧပြီ ၂၁ ရက် ညနေ ၄ နာရီခွဲက အမှတ် (၅)ရပ်ကွက် စွယ်တော်စေတီ ကန်ပေါင်မြေနီလမ်းအတိုင်း တောင်မှ မြောက်သို့ ယာဉ်မောင်း ကျော်မင်းလွင်(၃၃နှစ်) ရန်ကင်းမြို့နယ်နေသူ မောင်းနှင်လာသော AA------- Probox အပြာရောင်အငှားယာဉ်သည် ကန်ပေါင်လမ်းအလယ်အရောက် နောက်ဘက်သို့ “ဂ”ကွေ့ ပြန်ကွေ့စဉ် အရှိန်လွန်ကာ စွယ်တော်မင်္ဂလာကန်ထဲသို့ ကျသွားခဲ့သည်။ **(အောက်ဝဲပုံ)**

ထိုသို့ကျသွားချိန်တွင် ယာဉ်ပေါ်၌ ခရီးသည်များမပါရှိကြောင်း၊ ယာဉ်မောင်းမှာလည်း ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်းနှင့် ယာဉ်ကို ညနေ ၆ နာရီတွင် ပြန်လည်ဆယ်ယူခဲ့ပြီးကြောင်း သိရှိရပြီး အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကို ပေါ့ဆစွာ မောင်းနှင်သူ ယာဉ်မောင်း ကျော်မင်းလွင်အား မရမ်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **စိုးဝင်း(SP)**

သင်္ကြန်အကြိုနေ့တွင် ခါးပိုက်နှိုက်များ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နယ်မြေတွင် သင်္ကြန်ကာလအတွင်း ခိုးမှု၊ လုယက်မှု၊ ခါးပိုက်နှိုက်မှု၊ ဂိုဏ်းဖွဲ့ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ လုံခြုံရေး တပ်ခွဲ (၂)မှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၅ ရက် (သင်္ကြန်အကြိုနေ့) တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းရှိ ရေကစားမဏ္ဍပ်များတွင် အသွင်ယူစောင့်ကြည့်ခဲ့ရာ ရွှေပိတောက် ရေကစားမဏ္ဍပ်တွင် ခါးပိုက်နှိုက် သက်နိုင်ထွန်း(ခ) အာပြဲနှင့် မျိုးဇော်တို့အားလည်းကောင်း၊ ပိတောက်ဦး ရေကစားမဏ္ဍပ်တွင် ခါးပိုက်နှိုက် အောင်ကျော်သူနှင့် မျိုးသန့်တို့အားလည်းကောင်း၊ X_2O ရေကစားမဏ္ဍပ်ရှေ့တွင် ခါးပိုက်နှိုက် အုန်းရွှေ(ခ) ရန်နိုင်ထွန်း၊ တင်မြင့်နှင့် ဇော်မျိုးနိုင်တို့အားလည်းကောင်း သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ခါးပိုက်နှိုက် ခုနစ်ဦးတို့ကို မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောဖုံးမှ

“ကျွန်တော်တို့ MAI လေကြောင်းလိုင်းဟာ နှစ်ပေါင်း ၂၀ ကျော်ပါပြီ၊ မတော်တဆမှုတစ်ကြိမ်မှမဖြစ်ပွားခဲ့ပါဘူး။ အခုလေယာဉ်ထိခိုက်ပျက်စီးမှုဘယ်လောက်ရှိတယ်။ အစိတ်အပိုင်းတစ်ခုချင်း ပြင်ဆင်မှုဘယ်လောက်ကုန်ကျမယ်။ ပြင်ဆင်ပြီးရင်လည်း ဒီလေယာဉ်ကိုဘေးကင်းလုံခြုံစွာနဲ့ သုံးလို့ရမှာလား၊ ဒါတွေအားလုံးက အခုစစ်ဆေးရေးအဖွဲ့က စစ်ဆေးပြီးမှ တိကျတဲ့ အဖြေထွက်မှာပါ” ဟု MAI လေကြောင်းလိုင်းဥက္ကဋ္ဌ ဦးခင်မောင်လတ်က ပြောသည်။

MAI လေကြောင်းလိုင်းအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ အာမခံဌာနများနှင့် ဆက်သွယ်မှုများ ပြုလုပ်လျက်ရှိသည်။ လေယာဉ်တစ်စင်းအတွက် အာမခံငွေကျပ်သန်း ၅၀၀ ထားရှိရကြောင်း၊ ယခုထိခိုက်ပျက်စီးသွားသော MAI မှ လေယာဉ်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅ သန်းခန့်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“ကျွန်တော်တို့ လေယာဉ်ရောသူတို့လေယာဉ်ပါ အာမခံထားရှိတော့ ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းဆိုရမှာပါ။ ရွှေမြန်မာ လေကြောင်းလိုင်းကိုလည်း ကျွန်တော်တို့ ထိခိုက်ပျက်စီးမှုအတွက် တောင်းဆိုသွားမှာပါ။ လေကြောင်းလိုင်းအချင်းချင်းဆိုတော့ နားလည်မှုရှိရှိနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်” ဟု ဦးခင်မောင်လတ်က ပြောသည်။

သုံးသပ်ပြောကြား

ရွှေမြန်မာလေကြောင်းလိုင်းမှ လေယာဉ်ရွှေ့ပြောင်းချိန်တွင် လေယာဉ်၏ စက်ခန်းထဲတွင် လေယာဉ်မောင်းသူမရှိဘဲ လေယာဉ်အင်ဂျင်နီယာနှစ်ဦးရှိနေရာ အစီအစဉ်တကျဆောင်ရွက်ခဲ့မှုမရှိကြောင်း၊ ကျွမ်းကျင်မှုနှင့် လေယာဉ်ရွှေ့လျားလာချိန်အချိန် ၂ မိနစ်၊ ၃ မိနစ်ခန့်အတွင်း လုပ်သင့်လုပ်ထိုက်သည့် အလုပ်များကိုအချိန်မီ မဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ယခုကဲ့သို့ မတော်တဆဖြစ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း MAIမှ တာဝန်ရှိသူများက သုံးသပ်ပြောကြားသည်။

ပုံမှန်အတိုင်းပျံသန်း

ရွှေမြန်မာလေကြောင်းလိုင်းမှ XY-AGT လေယာဉ်လည်းထိခိုက်ပျက်စီးမှုနှင့် မတော်တဆထိခိုက်မှုဖြစ်စဉ်ကို စစ်ဆေးလျက်ရှိသည်။ MAI လေကြောင်းလိုင်းတွင် လေယာဉ်ကိုးစင်းရှိရာ လေယာဉ်ခရီးစဉ်များကို ပုံမှန်အတိုင်း ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စာမျက်နှာ ၆ မှ

အထက်ဖော်ပြပါ ဘုံပါဝင်နေသည့်အကြောင်းအရာတို့နှင့်ပတ်သက်၍ သူ့ခေတ်သူ့အခါအလိုက် အကောင်းဆုံးဖြစ်လာအောင် အကြံပြုခဲ့သည်ကို တွေ့ရသည့်အပြင် အဆိုပါနယ်ပယ်များသည် ပြောင်းလဲနေသည့်ခေတ်ကာလလိုအင်၊ တိုင်းပြည်လိုအင်၊ ကျောင်းသားကျောင်းသူတို့၏ လိုအင်များနှင့်အညီ အမြဲပြုပြင်ပြင်ဆင်နေရမည့် နယ်ပယ်များ ဖြစ်လာပြီး ကျွန်တော့်အမြင်အရ ဤနယ်ပယ်များ အကြောင်းရပ်များသည် မြန်မာ့ပညာရေး၏မပြီးသေးသော ပန်းချီကားများဟု ကျွန်တော်တင်စားချင်ပါသည်။

ဤမပြီးသေးသော ပန်းချီကားများအတွင်းမှ ပထမတစ်ချပ်ကို ကျွန်တော် နမူနာသဘောဆွေးနွေးလိုပါသည်။ ထိုမပြီးသေးသော ပန်းချီကားမှာ အခြေခံပညာရေးဖွဲ့စည်းတည်ဆောက်မှု(Basic Education Structure)ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ပထမဆုံးသော ပညာရေးလေ့လာမှုအဖြစ် ကျွန်တော်သတ်မှတ်ချင်သော ၁၉၅၁ ခုနှစ် မေလတွင် တင်သွင်းခဲ့သည့် ယူနက်စကို ပညာရေးမစ်ရှင်အဖွဲ့၏ အစီရင်ခံစာတွင် အောက်ပါအတိုင်း တစ်နှစ်တိုးရန် အကြံပြုထားခဲ့ပါသည်။

“Most countries have established 12 years of school as necessary for proper preparation, either for life or university work, Burma should consider extending the present 9 years to 10. ”

ထို့နောက် ၁၉၈၀-၈၁ ခုနှစ်မှစ၍ အခြေခံပညာအဆင့်တွင် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေချိန်တွင် ဧကာဒသမတန်း အထိထားရှိပြီး သင်ရိုးများရေးဆွဲရန်လမ်းညွှန်ချက်နှင့်အညီ ကျောင်းသုံးစာအုပ်(တည်းဖြတ်ပြီးစာမူ)များကို ၁၁ တန်းအထိ ရေးသားပြုစုပြီးဖြစ်ခဲ့ဖူးပါသည်။ သို့သော် ၁၁ တန်းအထိ တိုးချဲ့ရန်နှင့်ပတ်သက်၍ အထက်မှထပ်မံ လမ်းညွှန်ပြန်သဖြင့် ရပ်ဆိုင်းခဲ့ရပြန်ပါသည်။

ထို့နောက် ၁၉၉၀ ပြည့်နှစ် နှစ်လယ်မှစခဲ့သော ESS (Education Sector Study)၏ Phase 1,Final Report တွင် ပညာရေးဖွဲ့စည်းတည်ဆောက်မှုကို အောက်ပါအတိုင်း သုံးသပ်ထားပါသည်။

“Under the present structure , KG is treated both as preparatory to formal primary education and as the first grade of the primary cycle. This dual function is a burden for KG classes.

Moreover,the primary cycle is limited to five years, including KG. Relatively young Myanmar children thus have to master the primary curriculum in a shorter period than in most countries.”

ယခုတစ်ဖန် CESR ၏ တွေ့ရှိချက်ထောက်ခံတင်ပြချက်များအရ အာဆီယံနိုင်ငံအများစု၏ စံ၊ နိုင်ငံတကာစံများနှင့်အညီ ကျွန်တော်တို့ နိုင်ငံ၏အခြေခံပညာရေးဖွဲ့စည်းတည်ဆောက်မှုကို KG+12 နှစ်ထားရန် အဆိုပြုလာပါသည်။ နိုင်ငံတကာ ကျင့်သုံးမှုများကို လေ့လာလျှင် အခြေခံပညာအဆင့် စာသင်နှစ်စုစုပေါင်း (Total years of schooling)သည် အများအားဖြင့် ၁၂ နှစ်(KG နှစ်မပါ) ရှိပါသည်။ အထက်တွင် တင်ပြခဲ့သည့် UNESCO အစီအရင်ခံစာအရပင် ၁၉၅၀ ပြည့်နှစ်တစ်ဝိုက်ကစ၍ စာသင်နှစ်စုစုပေါင်း ၁၂ နှစ်ကို တိုင်းပြည်အများစုတွင် ကျင့်သုံးနေပြီဟု ဖော်ပြထားပါသည်။

အထူးသဖြင့် အထက်တွင်တင်ပြခဲ့သည့်အတိုင်း ကျွန်တော်တို့နိုင်ငံတွင် အခြေခံပညာရေးဖွဲ့စည်း တည်ဆောက်မှုကို ပြုပြင်ရန်အကြံပေးထောက်ခံမှု၊ ပြုပြင်ရန်ကြိုးပမ်းမှုများရှိခဲ့သည်နှင့်အညီ ယခုကဲ့သို့ အခါအခွင့်သင့်ချိန်တွင် အသင့်ရှိနေမှုအနေအထား (Readiness Factor)အရ အသင့်မဖြစ်သေးသော အခြေအနေတို့ကို သုတေသနပြုဖော်ထုတ်ပြီး အသင့်ဖြစ်လာအောင် အဆင့်ဆင့် စီမံချက်ချကာ ပြင်ဆင်သည်နှင့်အမျှ အခြေခံပညာဖွဲ့စည်းတည်ဆောက်မှုကိုလည်း နိုင်ငံတကာစံ၊ အာဆီယံစံများနှင့်ညှိကာ KG+12 သို့ ဦးတည်ဆောင်ရွက်ရန် အချိန်တန်ရုံမက အချိန်အတန်ငယ်နှောင်းနေပြီဟုပင် ကျွန်တော်ယူဆမိပါသည်။

-မိဘပြည်သူများစဉ်းစားကြပါကုန်။

လမ်းအလယ်ပလက်ဖောင်းပေါ် ရပ်နေသူ အမျိုးသမီးနှစ်ဦးကို အရှိန်ဖြင့်တိုက်၍ ယာဉ်တိမ်းမှောက်

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း အလက (၅) ကျောင်းရှေ့၌ ဧပြီ ၁၉ ရက် ည ၇ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် ကမ္ဘာအေးဘုရားလမ်းအမှတ် ၂၇ ဘီနေ ယာဉ်မောင်း မျိုးမင်းသွင်(၃၃နှစ်) သည် တိုယိုတာ ဟိုင်းလပ်ဆပ်(ဖ်)၂၈/--- အနက်ရောင် ကိုယ်ပိုင်မော်တော်ယာဉ်ကို ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာစဉ် ကျိုက်ဝိုင်းဘုရား ကားမှတ်တိုင်အနီး လမ်းအလယ်ကျွန်း ပလက်ဖောင်းပေါ်တွင် ရပ်နေသော အမျိုးသမီးနှစ်ဦးကို အရှိန်ဖြင့် ဝင်တိုက်မိပြီး ယာဉ်မှာ တိမ်းမှောက်သွားကြောင်းသိရသည်။

ယာဉ်တိုက်မှုကြောင့် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်မင်္ဂလာ ၂ လမ်းသွယ် (၆) အမှတ်-၈၂၂ နေ မအေးသူဇာဝင်း (၂၉နှစ်) နှင့် တောင်ဥက္ကလာပမြို့နယ် (၇) ရပ်ကွက် ၂၄ လမ်းနေ မဝင်းမြတ်သန္တာမြင့် (၃၁နှစ်) တို့ကို ရန်ကုန်ဆေးရုံကြီး ပြင်ပလူနာဌာန အရေးပေါ်ကုသဆောင်သို့ ပို့ဆောင်ပေးခဲ့စဉ် မအေးသူဇာဝင်းမှာ ယင်းနေ့ည ၉ နာရီခွဲတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယာဉ်မောင်း မျိုးမင်းသွင်ကို အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ဘုရင့်နောင်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၀၁၅)**

သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် ဆောင်ရွက်ပြီးစီးသော ရေတွင်း၊ ရေကန်များကို ဒေသခံတောင်သူများ ဆက်လက်ထိန်းသိမ်းရေး တာဝန်ပေး

မန္တလေး ဧပြီ ၂၂

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြစ်သားမြို့နယ်အတွင်း စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးခဲ့သော စက်ရေတွင်းပေါင်း ၁၄၂၉ တွင်းအား ဒေသခံတောင်သူများသို့ လွှဲပြောင်းပေးပါကြောင်း၊ အဆိုပါ စက်ရေတွင်းများကို စနစ်တကျအသုံးပြုလျက် စိုက်ပျိုးရေလိုအပ်ချိန်တွင် ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ တောင်သူများအတွက် တိုက်ရိုက်အကျိုးပြုခဲ့ခြင်းကြောင့် ရေရှည်အသုံးပြုနိုင်ရန် တောင်သူများကိုယ်တိုင် ထိန်းသိမ်းရမည်ဖြစ်ကြောင်းဖြင့် ဧပြီ ၁၉ ရက် နံနက် ၈ နာရီခွဲတွင် မြစ်သားမြို့နယ် လမ်းခွကျေးရွာ၌ ကျင်းပသော စက်ရေတွင်း လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။ အဆိုပါ လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးတို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ရှိ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်သားမြို့နယ် ရစ်ကန်ကျေးရွာအနီးရှိ သီးပင်ကန်တွင် ကျင်းပပြုလုပ်သော ဆည်/ကန်ငါးကန် လွှဲပြောင်းတာဝန်ပေးအပ်ပွဲသို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့နောက်တစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်သားမြို့ အနီး စမာရေလွှဲဆည် သဲထုတ်ရေတံခါးသို့ရောက်ရှိရာ စမာရေလွှဲဆည်ရေ ပေးဝေနိုင်မှုများကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

တင်မောင်(မန်းကိုယ်ပွား)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဓာတ်ငွေ့ကုန်၍ ဆီထည့်မောင်းရာမှ မီးလောင်မှုဖြစ်

နေပြည်တော် ဧပြီ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၉/၀-၁ ကြားတွင် ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်း သတင်းအရ အမှတ် ၃ လမ်းဆုံ အမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၈ ရက် မွန်းလွဲ ၂ နာရီက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ နေပြည်တော်မှ ရန်ကုန်သို့ မြောက်ဥက္ကလာပမြို့နယ် စက်ကွေ့ ၄ လမ်း (ဈ)ရပ်ကွက်နေ ကျော်လင်း (၄၀ နှစ်)မောင်းနှင်လာသည့် X/--- BM ဖြူစိမ်းကြားမှန်လုံယာဉ်သည် ဓာတ်ငွေ့ကုန်၍ ဓာတ်ဆီဖြင့် မောင်းနှင်လာစဉ် ကာဘရိုက်တာမှ ဆီများလျှံကျသဖြင့် ရပ်တန့်စစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုသို့စစ်ဆေးစဉ် ကာဘရိုက်တာမှ မီးလောင်မှုကြောင့် ယာဉ်မောင်းကျော်လင်း ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်ပေါ်ပါ ပုစွန်တောင်မြို့နယ် ၂ ရပ်ကွက် မြောင်းကြီးလမ်းနေ ဒေါ်ခင်အေးမြင့် (၆၂ နှစ်)သည် ယာဉ်ပေါ်မှ ခုန်ချရာ ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ယာဉ်မောင်းကျော်လင်းကို အမှတ် ၃ လမ်းဆုံ အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီတော်ကြီးဝင်းအတွင်းရှိ မေတ္တာကန်မှ ငါးများ အပူရှိန်ကြောင့်သေဆုံး

စစ်ကိုင်း ဧပြီ ၂၂

စစ်ကိုင်းမြို့ သမိုင်းဝင် ကောင်းမှုတော်စေတီကြီးဝင်းအတွင်းရှိ မေတ္တာကန်မှ ငါးများ အပူဒဏ်ကြောင့် သေဆုံးကြောင်း ဧပြီ ၂၀ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ အကြောင်းကြားချက်အရ စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကြည်မိုး၊ ဒုဦးစီးမှူး ဦးမြင့်လွင်တို့ သွားရောက်စစ်ဆေးကြည့်ရှုကြသည်။

ငါးများသေဆုံးရခြင်းမှာ အောက်ဆီဂျင်ပြတ်လပ်၍ ကန်သည် အောက်ခံမြေသားအမျိုးအစားဖြစ်သော်လည်း ရေသေအမျိုးအစားဖြစ်ခြင်း၊ ယခုရက်ပိုင်းအတွင်း ရာသီဥတုပူပြင်းခြင်း၊ ဘုရားဖူးဧည့်သည်များလာပြီး ငါးစာကျွေးနိုင်သည့် နှုန်းထားထက် ပိုမိုသဖြင့် အစာကြွင်းအစာကျန်များခြင်း၊ ရေထုအတွင်း PH-9 အဆင့်ထိ မြင့်တက်နေခြင်း၊ Chloride 48 mg/l, Carbondioxide 56 mg/l, Alkalinity 156 mg/l, Hardness 240mg/l,Dissolved oxygen နည်းပါးခြင်းများတွေ့ရှိရသည်။ ရေဟောင်းထုတ်၍ ရေသစ်ထည့်ခြင်း၊ ရေပန်းများတပ်ဆင်ပေးခြင်း၊ ပိုလျှံငါးစာများ ဆယ်ထုတ်ပစ်ခြင်းနှင့် ငါးစာကျွေးခြင်း၊ ထိန်းသိမ်းခြင်းတို့ကို ပြုလုပ်သင့်ကြောင်း သိရသည်။ မေတ္တာကန်မှာ သာလွန်မင်းကြီးကောင်းမှုဖြစ်ပြီး ကန်အကျယ်အဝန်းမှာ အလျား ၁၉၉ ပေ ၅ လက်မ၊ အနံ ၁၅၄ ပေ ၆ လက်မ ရှိပြီး ရေကန်၏ အနက်မှာ ၃၁ ပေ ဖြစ်သည်။ ကန်အတွင်းရှိ ငါးအများစုမှာ ရေလွှာအလယ်နှင့် ရေပေါ်လွှာနေ ငါးများဖြစ်နေခြင်းကြောင့် အောက်ဆီဂျင်ပြတ်လပ်သည်ဟု ယူဆသည်။

ခရိုင်ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ရောက်လျှင်ရောက်ချင်း ရေမော်တာနှစ်လုံးဖြင့် အောက်ဆီဂျင်ရရှိရေးအတွက် ရေပန်းချပေးခြင်း၊ စိမ်း/စိုဌာနမှ နှစ်လက်မပိုက်ဖြင့် ရေပန်းချပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ရာ ငါးများ ရေအောက်သို့ ပြန်လည်ငုပ်သွားခဲ့ပြီး ရေပန်းချသောနေရာများတွင် လာရောက်နေကြခြင်းကို တွေ့ရသည်။ ငါးများ သေဆုံးမှုမရှိရေးအတွက် ဂေါပကအဖွဲ့မှ ၂၄ နာရီ စောင့်ရှောက် ကြည့်ရှုလျက်ရှိကြောင်း သိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

Invitation for Expression of Interest (EOI) for Consulting Services for Procurement

Ministry of Communications & Information Technology (MCIT) is going to implement the Telecom Sector Reform Project with the support from World Bank. In this context, the Ministry is looking for the consulting services to support MCIT with all procurement under the project,and other programs being undertaken by the MCIT. The consultant will need to closely work as member of the team in MCIT,and will be responsible for assisting MCIT in all related procurement matters including providing support to help implement the project successfully.

Individual consultants who intend to submit Expression of Interest (EOI) are requested to deliver the documents to the address below (in person, or by mail, or by fax, or by e-mail) by April 30,2014

Ministry of Communications and Information Technology
Post and Telecommunications Department
Attn: Mr. Than Htun Aung, Building Number 2,
Ministry of Communications and Information Technology, Nay Pyi Taw, Myanmar
Tel: [+9567407435]
Fax: [+9567407539]
E-mail:htunaung@mptmail.net.mm, thanhtunaung@mptngw.net.mm

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၄၄၄၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၄၈၆၄၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေ(Euro)တို့ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
(က)	၁၇/မမ/(CME)(Kyat)	Rail Road Diesel Engine Oil, RDO-40 (5527)Drums
(ခ)	၁၈/မမ/(CME)(Kyat)	စက်ဆီ၊ချောဆီ (၈)မျိုး (1155)Drums
(ဂ)	12(T)3/MR(MC)(Euro)	Axle & Roller Bearing (4) Items

တင်ဒါပိတ်မည့် နေ့/အချိန် - ၂၃.၅.၂၀၁၄ (သောကြာနေ့)(၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၃.၄.၂၀၁၄)ရက်နေ့မှ စ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်း နိုင်ပါသည်။

ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း - 294352,291985, 291994

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ/အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

Basic Spoken English
Sat & Sun - 9:00-12:00am 26 Apr
Sat & Sun - 12:30-3:30pm 26 Apr
Sat & Sun - 3:45-6:45pm 26 Apr
Mon to Thurs-7:30-9:30am 28 Apr
Mon to Thurs-10:00-12:00am 28 Apr
Mon to Thurs-1:00-3:00-5:00pm 28 Apr
Mon to Thurs-5:30-7:00pm 28 Apr
Pre-Intermediate English
Mon to Thurs-7:30-9:30am 22 Apr
Mon to Thurs-10:00-12:00am 28 Apr
Intermediate English
Mon to Thurs-1:00-3:00pm 28 Apr
Structure & Written Expression
San & Sun - 4:00 - 7:00 pm 26 Apr
Mon to Thurs - 1:00 - 3:00pm 28 Apr
Vocabulary Enrichment Course
Sat & Sun - 10:00-12:00am 26 Apr
Grammar Foundation Course
Sat & Sun - 9:00-12:00am 26 Apr
Mon to Thurs - 7:30-9:30 am 28 Apr
Mon to Thurs - 1:00 - 2:30pm 28 Apr
Basic Writing Course
San & Sun - 3:45 - 6:15 pm 26 Apr
Mon to Thurs - 3:00 - 5:00pm 28 Apr
Academic Writing Course
San & Sun - 5:00 - 7:00 pm 26 Apr
Academic Preparation For IELTS(API)
Mon to Thurs - 10:30 - 12:30am 28 Apr
IELTS(Test Practice) San&Sun 10:30to12:30am 26 Apr
IELTS(Speaking) San&Sun 1:00to3:30pm 26 Apr
SAT Mon to Thurs -3:30-5:00pm 28 Apr
TOEFL Mon to Thurs-3:30-7:00pm 28 Apr

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 243950, 246910

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သမိုင်းဝင် ဇေယျဝတီမြို့ရိုးဟောင်း အချိန်မီထိန်းသိမ်းရန်လိုအပ်နေ

ဖြူး ဧပြီ ၂၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျဝတီမြို့ အရှေ့ဘက်ငါးမိုင်ခန့် အကွာတွင်ရှိသည့် ဘုရင့်နောင် မင်းတရားကြီးတည်ခဲ့သော ဇေယျဝတီရှေးမြို့ရိုးဟောင်းကို အချိန်မီ ထိန်းသိမ်းရန် လိုအပ်လျက်ရှိသည်ကို မြင်တွေ့ခဲ့ရသည်။ အဆိုပါမြို့ရိုးဟောင်း ဧရိယာအတွင်း၌ မြေဧက ၁၁၀ ခန့်ရှိပြီး ယခင်က တောကြီးများသာရှိခဲ့ရာ ၂၀၀၀ ပြည့်နှစ်ခန့်မှစ၍ ဒေသခံများက စပါးနှင့် ယာသီးနှံများ ဝင်ရောက်စိုက်ပျိုးလျက်ရှိသည်။ နန်းမြို့ရိုးဟောင်းအတွင်း သာသနိက အဆောက်အအုံများ အနေဖြင့် ဓမ္မရွှေမိတ်ဆက်နန်းတွင်း ကမ္မဋ္ဌာန်းကျောင်း၊ ဇေယျသိဒ္ဓိစေတီတော်နှင့် သုဓမ္မာကျောင်းများရှိပြီး သာသနာ့နယ်မြေများနှင့် မြို့ရိုးဟောင်းများကြားတွင် လယ်ပြင်ကြီး ကျေးရွာနေ တောင်သူများက စိုက်ပျိုးမြေများ လာရောက်စိုက်ပျိုးနေကြသည့်အတွက် ရှေးဟောင်းအမွေအနှစ်နေရာများကို ကာကွယ်ထိန်းသိမ်းရန်လိုအပ်ကြောင်း ဒေသခံအချို့က ပြောသည်။ ကြံသီးနှံဈေးနှုန်းမြင့်လာသည်နှင့်အမျှ မြို့ရိုးအတွင်း ကုန်းစောင်းတစ်လျှောက်တွင် ကြံများ စိုက်ပျိုးကြရာ စိုက်ခင်းဧရိယာ တိုးတက်ရရှိရေးအတွက် မြို့ရိုးကိုပါ တဖြည်းဖြည်းချင်း ဖြိုဖျက်လာကြပြီး အုတ်မြို့ရိုး၏ အုတ်အကျိုးအပဲ့များမှာ ကြံခင်းများအတွင်းအထိ ပြန့်ကျဲရောက်ရှိနေသည်။ သက်ဆိုင်ရာမှ အချိန်မီကန့်သတ်တားမြစ် ထိန်းသိမ်းခြင်းမရှိပါက နှစ်အနည်းငယ်အတွင်း မြို့ရိုးဟောင်းကွယ်ပျောက်သွားနိုင်သည့် အခြေအနေတွင်ရှိနေကြောင်းနှင့် ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ တာဝန်ရှိသူများ မကြာခဏလာရောက်ကြည့်ရှု၍ ကန့်သတ်နယ်မြေသတ်မှတ်မည်ဟု ပြောကြားခဲ့သော်လည်း ယနေ့အထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသေးသဖြင့် အချိန်မီဆောင်ရွက်မှသာ သမိုင်းဝင်မြို့ရိုးဟောင်းကို နောင်လာနောက်သားများအတွက် ကြည့်ရှုလေ့လာစရာအဖြစ် ကျန်ရှိမည်ဖြစ်ကြောင်း ဓမ္မရွှေမိတ်ဆက်ကျောင်း ပဓာနနာယကဆရာတော်က ပြောကြားသည်။

သက်ဆိုင်ရာမှ အချိန်မီကန့်သတ်တားမြစ် ထိန်းသိမ်းခြင်း မရှိပါက နှစ်အနည်းငယ်အတွင်း မြို့ရိုးဟောင်းကွယ်ပျောက်သွားနိုင်သည့် အခြေအနေ တွင်ရှိနေ....

ကိုလွင်(ဆွာ)

အရည်အသွေးထိန်းသိမ်းထား၍ မြင်းခြံဖိနပ်များ လူကြိုက်များ

မြင်းခြံ ဧပြီ ၂၂

လက်မှုပညာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုဖြစ်သည့် ဖိနပ်လုပ်ငန်းဖြင့် ကျော်ကြားသည့် မြင်းခြံမြို့မှ ဖိနပ်များကို ယနေ့တိုင် လူကြိုက်များနေခြင်းမှာ အရည်အသွေးကိုထိန်းသိမ်းပြီး ပြုလုပ်ခြင်းကြောင့်ဖြစ်ကြောင်း မြင်းခြံမြို့ စွန်းလွန်းရပ်တွင် ချစ်ချစ်ခင်ခင်ဖိနပ်လုပ်ငန်းလုပ်ကိုင်သူ ကိုသက်ခိုင်က ပြောသည်။

“ဘိုးဘွားတွေ လက်ထက်ကတည်းက မြင်းခြံမှာ ဖိနပ်လုပ်တဲ့သူတွေက ရိုးရိုးရှင်းရှင်းနဲ့ ခိုင်ခိုင်ခံ့ခံ့လုပ်ကြတယ်။ ပုံစံက ရိုးချင်ရိုးမယ် ခိုင်ခံ့မှုအပိုင်းကျတော့ စိတ်ချရအောင်လုပ်ကြတယ်။ ဒီဘက်ခေတ်တော့ တချို့က ပြောင်းလဲသွားပါပြီ။ ဖိနပ်ပုံဆန်းပေမယ့် ခိုင်ခံ့မှုအပိုင်းကိုလည်း ကောင်းမွန်အောင် ဆောင်ရွက်ပေးပါတယ်”ဟု ၎င်းကပြောသည်။

တင်ပို့

မြင်းခြံဒေသဖိနပ်လုပ်ငန်းသည် မန္တလေး၊ ပခုက္ကူဒေသများနှင့်အပြိုင်ကျော်ကြားသည့် အသက်မွေးဝမ်းကျောင်းလက်မှုပညာ လုပ်ငန်းတစ်ခုဖြစ်သကဲ့သို့ ဖိနပ်အမျိုးမျိုးကို ဒေသခံဖိနပ်လုပ်ငန်းရှင်များက လုပ်ကိုင်ကြပြီး မိတ္ထီလာ၊ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ နေပြည်တော်၊ ကျောက်ဆည်၊ မန္တလေး၊ ကျောက်ပန်းတောင်းနှင့် တောင်ကြီးစသည့် မြို့ကြီးများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၄-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၂၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၃၀၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၀၂၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၂၀၀-၄၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၃၀၀၀-၃၂၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ် ၇၀၀၀-၉၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၈၀၀၀-၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၅၀၀၀-၂၀၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ် ၉၀၀၀-၁၄၀၀၀
၈။ ကြက်	တစ်ပိဿာ	ကျပ် ၇၅၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၀။ အမဲ	တစ်ပိဿာ	ကျပ် ၇၅၀၀-၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	ကျပ် ၁၃၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၂-၉၆၉
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၀-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၅-၇၇၈
ထိုင်း	တစ်ဘတ်	ကျပ် ၃၀.၆-၃၀.၇၅
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅.၆-၁၅.၉
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၄
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၉-၃၀၇

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၆၅၀၀
ပေါ်ကြွဲ(အသစ်)	တစ်အိတ်	၁၉၅၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၆၀၅
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၀၀-၄၅၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၅၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၇၅-၁၃၀၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀-၆၇၀
ငရုတ်ရှည်(ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၃၀၀-၂၄၀၀
ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀-၄၈၀၀
သကြား	တစ်ပိဿာ	၈၆၀-၉၀၀

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် စေ့ငုတင်ပြသည်။



(ကချင်ပြည်နယ် သတင်းစာဆရာများအသင်းနှင့် သတင်းမီဒီယာအဖွဲ့သည် ဧပြီ ၂၁ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ လေ့လာရေးခရီးစဉ်မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။) ဧပြီ ၁၆ ရက်တွင် ကမ္ဘာ့အံ့ဖွယ်ရာ တရုတ်မဟာတံတိုင်းကြီးကို တက်ရောက်လေ့လာကြစဉ်။ ဆီမီးခုံ-နန်းရီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဘိလပ်မြေစက်ရုံ(နေပြည်တော်) အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဘိလပ်မြေစက်ရုံ(နေပြည်တော်)၌ အသုံးမလိုတော့သည့် အောက်ဖော်ပြပါ ပစ္စည်းအဟောင်းများကို ထုခွဲရောင်းချလိုပါသဖြင့် တင်ဒါတင်သွင်းလိုသူများသည် တင်ဒါလျှောက်လွှာပုံစံများကို ၂၃-၄-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဆက်သွယ် ထုတ်ယူနိုင်ပါသည်-

(က)	သံထည်ပစ္စည်းအဟောင်း	၅၅.၃၉	တန်ခန့်
(ခ)	စက်ဆီ၊ ချောဆီအပျက်	၁၂၂	ပေပါ
(ဂ)	ဘက်ထရီအဟောင်း	၆၆	လုံး
(ဃ)	တာယာအဟောင်း	၄၅၉	လုံး
(င)	ပီနန်အိတ်ခွံအဟောင်း	၁၇၈၅၁	အိတ်
(စ)	ကြေးဝိုင်ယာအဟောင်း	၁၅၈	ပေါင်

တင်ဒါပိတ်မည့်ရက်၊ အချိန် - ၃၀-၄-၂၀၁၄ ရက် (၁၆း၀၀)နာရီ

ဆက်သွယ်ရန်လိပ်စာ - (၁) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဘိလပ်မြေအရောင်းဌာနခွဲ ဖုန်း-၀၆၇-၄၃၂၃၁၂
(၂) ဘိလပ်မြေစက်ရုံ(နေပြည်တော်) ဖုန်း-၄၉၂၁၀၀၈၆၊ ၅၁၁၀၃၃၁

ပျောက်ဆုံးကြောင်း

ကျွန်မ မနှင်းသန္တာအေး ၇/ရတန(နိုင်)၀၅၀၁၀၇ ၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၂၇၂၇၈

အထက(မလွန်)တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အထက(မလွန်)ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၃-၅-၂၀၁၄ရက် (စနေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။
ဆက်သွယ်ရန်-
ဦးသန်းလှိုင် ဖုန်း-၀၉-၄၂၁၀၈၆၄၂၅ **ဦးစံဇေယျာမြင့်** ဖုန်း-၀၉-၄၂၁၀၂၉၁၂၀
ဦးဇေယျာမင်း ဖုန်း-၀၉-၄၂၁၀၅၇၈၂၁

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စည်းဟောင်ငါးအုပ်စုမှ အောက်ကျင်းရေမြောင်းပြန်လည်ပြုပြင်

ကလေး ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် စည်းဟောင်ကျေးရွာ ငါးအုပ်စုမှ မြောင်းချောင်းရေကို လွှဲယူပြီး စိုက်ပျိုးရေအဖြစ် အသုံးပြုသည်မှာ လွန်ခဲ့သောနှစ်ပေါင်း ၅၀ မှစခဲ့သည်ဟု ဆိုသည်။ ယခုအခါ ယင်းမြောင်းချောင်းမှ လွှဲယူသည့် အောက်ကျင်းမြောင်းမှာ တိမ်ကောလာပြီး ရေအပြည့်အဝမရတော့သဖြင့် အရှည် ၁၀ မိုင်ခန့်ရှိ ရေမြောင်းကို ဒေသအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်နှင့် ကျေးရွာများပူးပေါင်း၍ စက်ယန္တရားများ အသုံးပြုကာ ပြုပြင်ဆောင်ရွက်နေပြီဖြစ်သည်။ **(အောက်ပုံ)**

ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်ချက်နှင့်အညီ ဧပြီ ၂၀ ရက်က အဆိုပါ အောက်ကျင်းမြောင်းပြန်လည်ပြုပြင်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးလျက် လိုအပ်သည်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

စည်းဟောင်ငါးအုပ်စုတွင် ဆည်တော၊ ချင်းကင်း၊ ရွာစီရွာသာ၊ အရှေ့စည်း၊ ကျော်ရွာ၊ မြောက်စည်းရွာမ၊ မြောက်စည်းရွာသစ်၊ ရန်ကြီးအောင်၊ ခုံတိုးမြို့သာ၊ သံဖိုနှင့်ဘိုကုန်းကျေးရွာ ၁၁ ရွာရှိပြီး အောက်ကျင်းမြောင်းနှင့် အထက်မြောင်းနှစ်ခုမှ လယ်မြေဧက ၆၀၀၀ ကျော်ကို အကျိုးပြုသည့် မြောင်းဖြစ်သည်။

တောင်သူ ဦးဆန်းမော်က "ကျွန်တော်အခု အသက်(၆၀)ခန့် ရှိပါပြီ။ အောက်ကျင်းမြောင်းပြုပြင်တာ အခုတစ်ကြိမ်ပဲရှိသေးတယ်။ အောက်ကျင်းရေမြောင်းက လယ်ဧက ၃၀၀၀ ကျော်ကို အကျိုးပြုတယ်။ အထက်မြောင်းနဲ့ပေါင်းရင်တော့ ဧက ၆၀၀၀ ကျော်ပေါ့။ ပြီးတော့ စပါး(နွေ၊ မိုး) ပဲပုပ်၊ နေကြာ၊ ကြက်သွန်၊ မြေပဲစိုက်တာများတယ်။အထက်မြောင်း မပေါ်ခင် လယ်တစ်ဧကကို သုံးသိန်းလောက်နဲ့ပဲရောင်းဝယ်ကြတယ်။ အခုတော့ လယ်တစ်ဧကကို ငွေကျပ်သိန်း ၂၀ နဲ့အထက်မှာ ရောင်းဝယ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်က ရေလုံလုံလောက်လောက်မရဘူး။ အခု နွေ၊ မိုး၊ ဆောင်း ရေရတယ်။ စပါးတစ်ဧကထွက်နှုန်းမှာလည်း အများကြီး ကွာခြားသွားတယ်။ အရင်က တစ်ဧကထွက်နှုန်း တင်း ၃၀၊ ၄၀ ပဲရှိတာ။အခုကျတော့ တစ်ဧက တင်း ၉၀ နဲ့အထက်မှာရှိတယ်။ အဲဒါမြောင်းချောင်းရဲ့ အကျိုးကျေးဇူးပဲပေါ့။ ဒါကြောင့် အခုလိုတောင်သူများ ဝင်ငွေတိုးအောင် လုပ်ပေးနေတဲ့ နိုင်ငံတော်အစိုးရနဲ့ ဒေသအုပ်ချုပ်အဖွဲ့အဆင့်ဆင့်ကိုလည်း အထူးပဲကျေးဇူးတင်မိပါတယ်" ဟု ပြောပြသည်။

ချင်းတွင်းသား(iprd)

မြန်မာတို့၏ ရှင်ပြုအလှူပွဲများတွင် အလှူ့ဝတ်လှည့်ရာ၌ မိန်းမပျိုလေးများက ကွမ်းတောင်၊ ပန်းတောင်များကိုင်၍ လှည့်လည်သည်မှာ ရိုးရာဓလေ့တစ်ခုဖြစ်သော်လည်း သာစည်မြို့ အလှူပွဲတစ်ခုတွင် ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်များအစား ပုသိမ်ထီးလေးများကိုင်၍ လှည့်လည်လာသည်ကို တစ်မူထူးခြားလှပစွာ တွေ့မြင်ရစဉ်။

ထွန်းထွန်း(သာစည်)

လူငယ်ယဉ်ကျေးမှု သင်တန်းဆင်း

ယဉ်ကျေးလိမ္မာသော လူငယ်လူရွယ်များဖြစ်စေရန်၊ နွေရာသီကျောင်းပိတ်ရက်များကို အကျိုးရှိရှိ သုံးစွဲရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော အခြေခံဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှု သင်တန်းဆင်းပွဲကို ဧပြီ ၂၀ ရက်က တန့်ဆည်မြို့နယ် လက်ဆောင်ခံတောရကျောင်း၌ ကျင်းပရာ ဆရာတော် ဦးပညာဒီပ၊ ဆရာတော် ဦးသုဇာတနှင့် ဦးဝဏ္ဏသီရိတို့က ညံသာ၊ သာစည်ကုန်း၊ တုတ္တလုပ်၊ အောင်သုခကျေးရွာများမှ ကျောင်းသား ကျောင်းသူ ၁၅၀ တို့အား အဘိဓမ္မာ၊ယဉ်ကျေးလိမ္မာကျင့်ဝတ်၊ ဗုဒ္ဓဝင်ဖြစ်စဉ်များကို ၂၁ ရက် တိတိပို့ချခဲ့သည်။ သင်တန်းဆင်းပွဲတွင် ကျေးရွာလေးရွာမှ ဒေသခံများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး ထူးချွန်စွာ အောင်မြင်သူ ငါးဦးနှင့် ဂုဏ်ထူးရသူတို့အား ကျောင်းထိုင် ဆရာတော်က ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်သာမြို့နယ် အားကစားခန်းမ ပြုပြင်ပေးစေလို

တောင်သာ ဧပြီ ၂၂

တောင်သာမြို့နယ် ခန်းမကြီးကို ၁၉၇၅ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ယခင်က တောင်သာမြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲအပ်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် မြို့နယ် အားကစားခန်းမအဖြစ် သတ်မှတ်အသုံးပြုလျက်ရှိသည်။

အဆိုပါ ခန်းမကြီးသည် မြို့၏ ဗဟိုအချက်အချာတွင်ရှိနေပြီး မြို့နယ်အဆင့် အခမ်းအနားများ၊ ဟောပြောပွဲများ၊ အားကစားပြိုင်ပွဲများ၊ မင်္ဂလာအခမ်းအနားများနှင့် လူမှုရေးဆိုင်ရာ အခမ်းအနားများကို မကြာခဏ လက်ခံကျင်းပခဲ့ရာ ခန်းမကြေးအနေဖြင့် ရရှိသော ငွေစာရင်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထိန်းသိမ်းလျက် ဘဏ်စာအုပ်ဖွင့်လှစ်၍ ပြုပြင်မွမ်းမံခြင်းများရှိခဲ့ကြောင်း သိရသည်။

ယခုအခါ မျက်နှာကြက်များ ပျက်နေပြီး မြို့နယ်ခန်းမအင်္ဂါရပ်နှင့် ပြည့်စုံမှုမရှိသည့်အတွက် အန္တရာယ်အဆောက်အအုံအဖြစ် သတ်မှတ်ကာ အကြီးစားပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ ၂၀၁၃ ခုနှစ် အောက်တိုဘာ နောက်ပိုင်းမှ ယနေ့အချိန်အထိ ငှားရမ်းအသုံးပြုခွင့် ပိတ်ထားခဲ့ကြောင်း သိရသည်။

ထို့အပြင် ခန်းမရှေ့ ဥပစာကိုပင် အသုံးပြုခွင့်မရ၍ လူဦးရေနှင့် ကျင်းပသည့် အခမ်းအနားအနေအထားများအရ ရွေးချယ်ရန် နေရာအခက်အခဲများရှိလာကြောင်း၊ တောင်သာမြို့ပေါ်တွင် မြို့နယ်အားကစားခန်းမ၊ ပြည်ခိုင်ဖြိုးခန်းမ၊ တိုင်းရင်းသားခန်းမများသာရှိ၍ ကျင်းပရန်မလုံလောက်သည့်အတွက် အမြန်ဆုံးပြုပြင်ပေးဖို့ လိုအပ်နေကြောင်း သိရသည်။

အချို့ ညှော်ခံဖျော်ဖြေပွဲများကို ခန်းမနှင့် မြေနေရာအဆင်မပြေမှုများကြောင့် မြို့နယ်အားကစားပြိုင်ကွင်းသို့ ပြုလုပ်ရန် လျှောက်ထားလာမှုကို မြို့နယ်ထွေ/အုပ်ရုံးမှ ခွင့်ပေးခဲ့သည့်ပွဲများရှိခဲ့ကြောင်း၊ အားကစားပြိုင်ကွင်းအတွင်း၌ အားကစားနှင့် ပတ်သက်သည်မှအပ ခွင့်မပြုရန် တိုင်းဒေသကြီး အား/ကာမှ ညွှန်ကြားထားကြောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ချက်အရ ဆောင်ရွက်နေသည်ဟု ဆိုသော်လည်း မိမိတို့ အား/ကာဦးစီးဌာနနှင့် ပြည်သူများအကြား နားလည်မှုများလွဲမှားပြီး ဒေသခံများ၏ ဝေဖန်မှုများ ရှိလာကြောင်း အားကစားတာဝန်ခံထံမှ သိရသည်။

မြို့နယ်အားကစားခန်းမကြီးကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအစိုးရထံ ပြင်ဆင်ခွင့်လျှောက်ထားခဲ့ရာ အသေးစားပြင်ဆင်ရန် ခွင့်ပြုမိန့်ရထားပြီဖြစ်ကြောင်း၊ အကြီးစားပြင်ဆင်မှုကို ၂၀၁၅-၂၀၁၆ တွင် ခွင့်ပြုချက်နှင့်အညီ ပြင်ဆင်နိုင်မည်ဖြစ်ကြောင်းသိရ၍ အမြန်ဆုံး ပြီးစီးဆောင်ရွက်နိုင်ရန် ပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း(၁)လမ်းနေ
[ဦးချစ် (ဦးချစ်ကဖေး၊ ရန်ကုန်တက္ကသိုလ်)-ဒေါ်အုန်း (စေတနာရှင်ကဖေး)]၊ ဦးအောင်မြင့်-(ဒေါ်စန်းရှင်) တို့၏မြေး၊
ဦးအေးကို(ဌာနခွဲမှူး၊ အင်/ယာဌာန၊ လမ်း/တံတား၊ Y.C.D.C)-ဒေါ်နွယ်နွယ်ဝင်းတို့၏သားကြီး

မောင်လင်းထက်ကို
B.Sc(Maths), I.D.C.S(NCC, UK)
Operation Engineer (Yatanarpon Teleport Public Co.,Ltd.)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ အောင်သပြေအနောက် ၁ လမ်းနေ
ဦးခင်စိုး(ဗဟိုစာရင်းရုံး- ငြိမ်း)-ဒေါ်ငွေတင်တို့၏အတူနေမြေး (ဦးတင်စိုး)-ဒေါ်နီနီစိုးတို့၏သမီး

မစမ်းစိမ့်စိမ့်စိုး
B.Com, LCCI(UK), Dip: in Globle English
(Yatanarpon Teleport Public Co.,Ltd.)

တို့သည် ၆-၄-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် ဗဟန်းမြို့နယ် Golden Butter Fly Hotel ခန်းမ၌ နှစ်ဖက်သောဘိုးဘွားမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောဘိုးဘွားမိဘများနှင့်
မောင်လင်းထက်ကို-မစမ်းစိမ့်စိမ့်စိုး

ကြော်ငြာ

GOLDEN CITY

NATIONAL LANDMARK
EXCLUSIVELY YOURS

လက်လွှတ်မဆုံးရှုံးသင့်သော အခွင့်အရေးကောင်း GOLDEN CITY အားပိုင်ဆိုင်ခွင့်

GOLDEN CITY ကစတင်ခရီးဆက်တော့မည်...

သင့်ရဲ့ ရွေးချယ်မှုကို ချွင်းချက်မရှိ ပြီးပြည့်စုံအောင် ဖြည့်စွက်ပေးနိုင်တဲ့ အခွင့်ကောင်း

ဂယ်လိုအားအဆက်မပြတ် မြင့်မားနေပြီး DISCOUNT ခံစားခွင့်နှုန်းကို တဖြည်းဖြည်းလျှော့ချနေတာကြောင့် လက်လွှတ်မခံသင့်တဲ့ အခွင့်အရေးဖြစ်ပါတယ်။

NATIONAL LANDMARK • EXCLUSIVELY YOURS

•Bringing Global Knowledge Together •Modern Classical Fusion •Comfortable Luxury Living Space
•Royal Treatment At Our Hotel •International Office Building •Premium Luxury Shopping •Elite Community
•Platinum Privilege Club •French Inspired Garden •The World's Most Advanced Security Systems

G O L D E N C I T Y

Hotline:+95(0)1-8605111 +95(0)1-8605222

Golden Land Real Estate Development Co.,Ltd.

Address: Yankin Road,CMA Old Building,Yankin Township,Yangon Myanmar **Http:**//www.glredcl.com

ဆောင်းပါးနှင့် ဆောင်းပါး

ပျူမြို့ဟောင်းဟန်လင်းသို့တစ်ခေါက်

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံရှိ ရှေးပျူလူမျိုးများ၏ မြို့တော်များဖြစ်ခဲ့ကြသည့် ဗိဿနိုး၊ ဟန်လင်းနှင့်သရေခေတ္တရာ သုံးမြို့အား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ခုနှစ်ဇွန်လတွင် ကျင်းပမည့်ကမ္ဘာ့ကုလသမဂ္ဂ၊ပညာရေး၊သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) အစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်တော့မည်ဖြစ်သည်။ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ရန်ကိစ္စများကို ပြည့်စုံစွာဆောင်ရွက်ပြီးဖြစ်သကဲ့သို့ UNESCO နှင့် ICOMOS မှ ပညာရှင်များကလည်း ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပြီးချိန်ဝယ် ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာနမှ ပါမောက္ခ/ဌာနမှူးဒေါက်တာဦးစံရွှေ ဦးဆောင်သော ရှေးဟောင်းသုတေသနပညာမဟာဝိဇ္ဇာနှင့် ဘွဲ့လွန်ဒီပလိုမာကျောင်းသားများပါဝင်သည့် ကွင်းဆင်းလေ့လာရေးအဖွဲ့သည် ဧပြီလပထမပတ်အတွင်းက ပျူတို့၏ ရှေးဟောင်းမြို့တော် ဟန်လင်းသို့သွားရောက်လေ့လာသုတေသနပြုခဲ့ကြရာ ထိုခရီးစဉ်တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ကျွန်တော်လိုက်ပါခွင့်ရရှိခဲ့သည်။

> ## ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ဝင်နိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိ . . .

ဟန်လင်း မြို့ဟောင်းသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတည်ရှိပြီး ဝက်လက်မြို့မှအရှေ့မြောက်သို့ ၆မိုင်နှင့် ရွှေဘိုမြို့မှ အရှေ့တောင်ဘက် ၁၀မိုင် ၅ ဖာလုံခန့်ကွာဝေးသော နေရာတွင်တည်ရှိသည်။ လက်ရှိအချိန်တွင် ဟန်လင်းဒေသတွင် ရပ်ကွက် ပေါင်း ၁၆ ရပ်ကွက်၊ အိမ်ခြေပေါင်း ၁၇၅၀ ခန့်ရှိပြီး လူဦးရေ ရှစ်ထောင်ကျော်ခန့် နေထိုင်လျက်ရှိသည်။ကျေးရွာသားအများစုသည်ယာလုပ်ငန်းနှင့် ဆားချက်လုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး စီးပွားရေးကောင်းမွန်သော ဒေသတစ်ခုလည်းဖြစ်ပေသည်။

ဟန်လင်းဒေသမှ ရှေးဟောင်းစေတီများ

ဟန်လင်း မြို့ဟောင်းသည် တောင်မြောက်နှစ်မိုင်၊ အရှေ့အနောက် တစ်မိုင်ခန့်ကျယ်ဝန်းပြီး ရှေးဟောင်းသုတေသနဦးစီးဌာန၏ တူးဖော်တွေ့ရှိချက်များအရ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှစ၍ ပျူမြို့ပြနိုင်ငံများ တည်ထောင်ခဲ့ချိန်အထိရှေးလူသားများတစ်ဆက်တစ်စပ်တည်း နေထိုင်ခဲ့သောနေရာတစ်ခုရှိကြောင်း တွေ့ရှိရပေသည်။ မြို့ရိုးနှင့်တကွ ယနေ့တိုင် မြင်တွေ့နေရသော ကျောက်စာများ၊ ရွှေထည်ငွေထည်ပစ္စည်းများ၊ အရိုးစုများ၊ ဒင်္ဂါးပြားများ၊ သံလက်နက်၊ ကြေးလက်နက်များ၊ ရှေးဟောင်းအဆောက်အအုံအကြွင်းအကျန်များသည် ဟန်လင်းမြို့ဟောင်း၏ထင်ရှားသော အမှတ်လက္ခဏာများပင်ဖြစ်သည်။

ဟန်လင်းဒေသတွင် အရှေ့မှအနောက် ပေ ၃၅၀၀ နှင့် တောင်မှမြောက် ပေ ၂၅၀၀ အတွင်း သဘာဝရေပူစမ်းများရှိနေသည်။ ရွာမှဒေသခံများသည် ထိုရေပူစမ်းများမှထွက်ရှိသောရေများကို နေ့စဉ် သုံးစွဲကြသည်။ ထိုရေပူစမ်းများမှထွက်ရှိနေသောရေများ၏ အပူချိန်သည် ၃၇ ဒီဂရီနှင့် ၅၂ ဒီဂရီ စင်တီဂရိတ် အကြားရှိသည်။ ဟန်လင်းရွာအဝင်တွင်ရေပူစိမ်ကန်များပြုလုပ်ထားရာ မည်သူမဆို ရေပူကန်အတွင်းအခမဲ့ စိမ်နိုင်ကြသည်။ တွင်းအတွင်းမှ တိုက်ရိုက်ခပ်ချိုးနိုင်သော ရေပူတွင်းများကိုလည်းပြုလုပ်ပေးထားသည်။ တစ်တွင်းနှင့် တစ်တွင်း၊ တစ်ကန်နှင့်တစ်ကန် အပူချိန်များမတူညီကြချေ။ တချို့သောတွင်းများတွင် ကြက်ဥပြုတ်နိုင်သည်အထိ အပူချိန်ရှိကြောင်း လက်တွေ့ သိရှိခဲ့ရသည်။ ဟန်လင်းကျေးရွာမှ ဦးမြင့်စိုးအောင်၏ လေ့လာသုတေသနပြုချက်များအရ ရေပူစမ်းများမှထွက်ရှိလာသောရေများ၏ အပူချိန်သည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းနှင့် ၂၀၁၂ ခုနှစ် သပိတ်ကျင်းငလျင်အပြီးတွင် ၇ ဒီဂရီစင်တီဂရိတ်မျှ လျော့ကျသွားသည်ဟု သိရှိရသည်။

ဟန်လင်းဒေသမှာပင်မြေကြီးမှ ဆားထုတ်လုပ်သောလုပ်ငန်းကိုတွေ့ခဲ့ရသေးသည်။ဆားမြေကိုယူကာဆားချက်လုပ်သော ဆားဖို ၆၄ ဖိုရှိပြီး ဆားမြေဧကပေါင်းမှာ ၄၀၀ ကျော်ရှိသည်ဟုသိရသည်။ဆားမချက်လုပ်မီ ဆားရည်ရရှိရန် ရှေးဦးစွာ ရွှံ့အိုင်ငယ်လေးများကို မြေကြီးပေါ်တွင်အမြင့်နှစ်ပေခန့်ပြုလုပ်ကြရသည်။အောက်ခြေတွင် ရေထွက်နိုင်ရန်အတွက် ဝါးပိုက်တိုတစ်ချောင်းကို အပြင်သို့ထုတ်ထားပြီး ပုံးလွတ်တစ်ပုံးခံထားရသည်။ ထို ရွှံ့အိုင်ငယ်လေးများထဲသို့ ဆားမြေများကိုထည့်ကာ ရေလောင်းပေးထားရသည်။ ဆားမြေကို ဖြတ်ကာကျလာသောဆားငန်ရည်များက ဝါးပိုက်ငယ်မှတစ်ဆင့် ပုံးအတွင်းသို့ ဖြည်းဖြည်းချင်းစီးကျလာသည်။ ထိုဆားရည်များကိုမီးဖြင့်ချက်လိုက်သောအခါတွင် အသင့်စားသုံးနိုင်သော ဆားချောများ ထွက်ရှိလာသည်ကို တွေ့ခဲ့ရသည်။ ဟန်လင်း ဆားခပ်လုပ်ငန်းမှထွက်ရှိသော ဆားများသည် ကမ်းရိုးတန်းဒေသများတွင် ပင်လယ်ရေကို နေလှန်းထုတ်လုပ်လျှင်ရရှိသော ပြန်လည်ကြိတ်ရသည့်ဆားကြမ်းခဲများကဲ့သို့ မဟုတ်ဘဲအသင့်သုံးနိုင်သည့် ဆားအနုများဖြစ်ရာ တစ်ပိဿာလျှင် ကျပ်၃၀၀ နှုန်း ဖြင့် ရွှေဘိုနှင့် ဝက်လက်မြို့များမှ ဆားကုန်သည်များက လာရောက်ဝယ်ယူကြကြောင်းသိရှိရ သည်။

ဟန်လင်းဒေသတွင် ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်းနှင့်ရှေးဟောင်းစေတီပေါင်း ၃၈၀ ကျော်မျှရှိရာ စေတီတော် ၁၈၃ ဆူကိုပြန်လည်ဖော်ထုတ်မွမ်းမံခဲ့ပြီးဖြစ်သည်။ အများစုမှာပြိုပျက်နေကြပြီး ပျူခေတ်စေတီကြီးများ၊ ဗိသုကာလက်ရာ မြောက်ဂူဘုရားများနှင့် ကုန်းဘောင်ခေတ်လက်ရာများဟု သိရှိခဲ့ရသည်။

ဟန်လင်းမြို့ဟောင်း တူးဖော်မှုလုပ်ငန်းများကို ၁၉၀၄ ခုနှစ်ကတည်းက ပြုလုပ်ခဲ့ပြီး ခေတ်အဆက်ဆက်အစိုးရများက ဆက်လက်လုပ်ဆောင်ခဲ့ရာ ယခုအခါတွင် ကုန်းပေါင်း ၃၀ ကျော်ခန့် တူးဖော်နိုင်ခဲ့ပြီးဖြစ်ပေသည်။ တူးဖော်တွေ့ရှိခဲ့ရသော ပျူခေတ်အထောက်အထားများစွာကို စုဆောင်းပြီး ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းထားရှိသည်။ အချို့ကိုပြတိုက်များတွင် ပြသထားခဲ့ရာ ဟန်လင်းဒေသမှာပင် ကျောက်စာရုံနှင့် ရှေးဟောင်းယဉ်ကျေးမှုပြတိုက်တို့ကို ဖွင့်လှစ်ထားပြီးဖြစ်သည်။

ဟန်လင်းကျောက်စာရုံကို ဟန်လင်းဒေသမှာပင် ၁၉၅၇ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီး ဟန်လင်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်မှ ၁၉၀၄ ခုနှစ်မှစ၍ ရရှိထားသောကျောက်စာများကို စုဆောင်းပြသထားသည်။ လက်ရှိဟန်လင်း ကျောက်စာရုံတွင် ကျောက်စာချပ်ပေါင်း ၂၁ ချပ်ပြသထားပြီးပျူကျောက်စာ သုံးချပ်၊ ဘုရားလောင်းဗောဓိသတ္တနှင့် ကြည်ညိုနေကြသောပရိသတ်များ ပုံပါသည့် ကျောက်ရုပ်ကြွတစ်ချပ်နှင့် ရှေးဟောင်းမြန်မာကျောက်စာ ၁၇ ချပ်တို့ကို ခင်းကျင်းပြသထားသည်။ယင်းတို့အနက် ဟန်လင်းနဂါးရုံကန်ပေါင်အနောက်ဘက်မှ တွေ့ရှိခဲ့ရသည့်စာကြောင်းနှစ်ကြောင်းသာ ပါသောကျောက်စာမှာ အေဒီ ၄ ရာစုက ရေးထွင်းထားသော ပျူအက္ခရာများဖြစ်ပြီး အစောဆုံးသော ပျူ ကျောက်စာချပ်ဟု ပညာရှင်တို့ သတ်မှတ်ထားကြသည်။

ရှေးဟောင်းယဉ်ကျေးမှုပြတိုက်တွင်လည်း ပျူခေတ်လက်ရာဒင်္ဂါးများ၊ အိုးများ၊ ပုတီးစေ့များ၊ သံနှင့်ကြေးလက်နက်များ၊ပျူလူမျိုးတို့၏အဆင်တန်ဆာပစ္စည်းများနှင့်ဓာတ်ပုံမှတ်တမ်းများကိုပါ ပြသထားရှိပါသည်။ ထို့အပြင် ဟန်လင်းရှေးဟောင်းမြို့တော်နယ်မြေအတွင်းတွင် ကွယ်လွန်မြှုပ်နှံထားခဲ့သော ရှေးခေတ်လူသားများ၏အရိုးစုများကို တူးဖော်တွေ့ရှိရာနေရာမှာပင် တူးဖော်ရရှိသည့် ပကတိအခြေအနေအတိုင်း (Site Museum) များအဖြစ် ထိန်းသိမ်းပြသထားသည်ကို တွေ့ရှိခဲ့ရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနကဟန်လင်းမြို့ဟောင်း တူးဖော်ရေးလုပ်ငန်းများကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိနေသည်။

(က) ဟန်လင်း မြို့ဟောင်းအား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင်ပါဝင်နိုင်ရေးအတွက် တူးဖော်မှုရလဒ်များမှ အထောက်အပံ့ကောင်းများ ရလာစေရန်၊

(ခ) ကွင်းဆင်းလေ့လာတွေ့ရှိမှုများအရဟန်လင်းမြို့ဟောင်း၏မြို့ပြဖွဲ့စည်းတည်ရှိခဲ့မှု စနစ်ကို ပြန်လည်လေ့လာ သုံးသပ်ရန်၊

(ဂ) ဟန်လင်း မြို့ဟောင်းအတွင်း ရေအသုံးပြုမှုနှင့် စီမံထိန်းချုပ်မှုစနစ်များကိုဖော်ထုတ်ရန်၊

(ဃ) ယဉ်ကျေးမှု အမွေအနှစ်အထောက်အထားများကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန် ဟူသည့် ရည်ရွယ်ချက်များဖြစ်သည်။

သို့ဖြစ်ပေရာ မကြာလှသောကာလများတွင် ဟန်လင်းပျူ မြို့ဟောင်းဒေသသည် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဒေသတစ်ခုဖြစ်လာပြီး နိုင်ငံတကာမှလာရောက်လည်ပတ်ကြည့်ရှု သုတေသနပြုမှုများကြောင့် ဒေသဖွံ့ဖြိုးမှု ဖြစ်ထွန်းလာကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများလည်းတိုးတက်လာနိုင်တော့မည်ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မြင်းကပါရွာရှိ မနူဟာဘုရားကြီး၏ ထီးတော်များနှင့်အရံစေတီများ၏ ရွှေမိုက်ချွတ်လုပ်ငန်းကို အိတ်ဖွင့်တင်ဒါခေါ်ယူပြုလုပ်မည် ဖြစ်ပါသည်။

၂။ လုပ်ငန်းလုပ်ကိုင်လိုသူများ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို မနူဟာဘုရားဂေါပကအဖွဲ့ထံမှ ရယူနိုင်ပါသည်။

(၁) **တင်ဒါလျှောက်လွှာ စတင်လက်ခံမည့်ရက်** - ၂၄-၄-၂၀၁၄ရက်

(၂) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန်** - ၁-၅-၂၀၁၄ရက် ညနေ ၄ နာရီ

(၃) **တင်ဒါဖွင့်မည့်ရက်နှင့် အချိန်** - ၇-၅-၂၀၁၄ရက် မွန်းလွဲ ၁ နာရီ

မနူဟာဘုရားဂေါပကအဖွဲ့
မြင်းကပါရွာ ညောင်ဦးမြို့နယ်
ဖုန်း-၀၆၁-၆၅၄၀၁၊ ၀၉-၆၅၀၂၇၉၅

Animation Contest for ASEAN 2014

ASEAN မှ ဦးဆောင်ကျင်းပသော Animation Contest for ASEAN 2014 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ စိတ်ပါဝင်စားသော Animation ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ကျောင်းသား ကျောင်းသူများနှင့် အပျော်တမ်းပညာရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

ပြည်တွင်းအဆင့် ရွေးချယ်ခံရသည့် ပြိုင်ပွဲဝင်ငါးဦးသည် ၂၀၁၄ခုနှစ် ဇူလိုင် ၁၈-၁၉ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပမည့်အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရမည့် အခွင့်အရေးရရှိမည်ဖြစ်ပါသည်။

(၁) **ပြိုင်ပွဲဝင်ခေါင်းစဉ်** - ASEAN Copyright Awareness

(၂) **ပြိုင်ပွဲအမျိုးအမည်** - Animation

(၃) **ပြိုင်ပွဲဝင်မည့် Entry Works (soft copy) ပေးပို့ရမည့် ရက်စွဲနှင့်နေရာ**
- ၂၅-၅-၂၀၁၄ ရက်မှ ၁၀-၆-၂၀၁၄ ရက်အထိ

www.aseananimationcontest.com /MM@ aseananimationcontest.com

(၄) **ပြိုင်ပွဲဝင်မည့် Entry Works (hard copy) ပေးပို့ရမည့် ရက်စွဲနှင့်နေရာ**
- ၂၅-၅-၂၀၁၄ ရက်မှ ၁၀-၆-၂၀၁၄ ရက်အထိ
- ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (လှော်ကား)

(၅) **ရွေးချယ်ခံရသူစာရင်းထုတ်ပြန်ကြေညာမည့်ရက်-** ၂၀-၆-၂၀၁၄ ရက်

အသေးစိတ်အချက်အလက်များအား

www.aseananimationcontest.com တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

https://www.facebook.com/ip.myanmar တွင်လည်းကောင်း၊

ဖုန်း-၀၆၇-၄၀၄၅၀၇ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား၊ တိုင်းအမှတ်(၇) ရန်ကုန်

ရန်ကုန်ဘူတာကြီး(Car Parking)ယာဉ်ဝင်/ထွက်ခ ကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မြန်မာ့မီးရထား၊ တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး(Car Parking)ယာဉ်ဝင်/ထွက်ခ ကောက်ခံခြင်းလုပ်ငန်း၏ (၁-၆-၂၀၁၄ မှ ၃၁-၅-၂၀၁၅အထိ) (၁)နှစ်သက်တမ်း လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါ (Open Tender)စနစ်ဖြင့် ငှားရမ်းသွားမည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်လုပ်ငန်း**
ရန်ကုန်ဘူတာကြီး(Car Parking) ယာဉ်ဝင်/ထွက်ခ ကောက်ခံခြင်းလုပ်ငန်း

(ခ) **လေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့်စည်းကမ်းချက်များဝယ်ယူနိုင်သောနေရာ**
မန်နေဂျာ (စီးပွားရေး/တိုင်း) တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး(ပထမ)ထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်

(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်း/ဖွင့်လှစ်မည့်ရက်နှင့်အချိန်**
၃၀-၄-၂၀၁၄ (၁၃း၀၀)နာရီတိတိ

(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်း/ဖွင့်လှစ်မည့်နေရာ**
မန်နေဂျာ (စီးပွားရေး/တိုင်း) တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး(ပထမ)ထပ်၊

မှတ်ချက်။ (၁) အထက်အပိုဒ်(ခ)ပါနေရာများတွင် အိတ်ဖွင့်တင်ဒါ၊ လေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့်စည်းကမ်းချက်များကို (၁)စုံလျှင် (၁၀၀၀၀/-)ကျပ်နှုန်းဖြင့် (၂၂-၄-၂၀၁၄)ရက်မှစ၍ နေ့စဉ် (၀၉း၀၀) နာရီမှစ၍ (၁၆း၀၀) နာရီထိ (ရုံးပိတ်ရက်မပါ) (၃၀-၄-၂၀၁၄)ရက် (၁၁း၀၀) နာရီထိ ဝယ်ယူနိုင်ပါသည်။

(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး(ပထမ)ထပ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၁-၃၉၃၄၂၈၊ ၀၁-၇၀၄၇၉၁၊ ၀၉-၄၉၂၁၃၁၃၀ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကြီးကြပ်မှုကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၁၆၈၊ မြေကွက်တည်နေရာအမှတ် ၁၆၈၊ (၂၈)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးလှမြင့် J/RGN-၀၁၈၂၈၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှမြင့်ကွယ်လွန်ပါသဖြင့် ဒေါ်မြင့်မြင့်ဝင်း ၁၂/လကန(နိုင်)၁၁၉၄၈၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကယားပြည်နယ်၏အထင်ကရ ကန္ဒရဝတီသစ်တောဥယျာဉ်ကို ဘက်စုံအလှဆင်ပြုပြင်မွမ်းမံပြုလုပ်

လွိုင်ကော် ဧပြီ ၂၂

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်အတွင်း၌ တည်ရှိသော ကယားပြည်နယ်၏ အထင်ကရ ကန္ဒရဝတီ သစ်တောဥယျာဉ်ကို ပြည်တွင်းပြည်ပခရီးသွားများ အပန်းဖြေ လှေ့လာနိုင်ရန် ဘက်စုံအလှဆင် ပြုပြင်မွမ်းမံမှုများ ပြုလုပ်လျက်ရှိသည်။

ယခုအခါ ကန္ဒရဝတီသစ်တောဥယျာဉ်အတွင်း၌ တောင်ကွဲစေတီ၊ ကန္ဒရဝတီကမ္ဗည်းကျောက်စာတိုင်၊ ငွေတောင်ဆည်၊ ထီးပွင့်ကန်၊ ကြပ်ဂူ၊ မိုးပြဲရေကာတာ၊ လောပိတရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ စသည်တို့၏ပုံစံတူရုပ်တုငယ်များနှင့် တိုင်းရင်းသားရိုးရာ အိမ်ပုံစံငယ်များကို တည်ဆောက်အလှဆင်လျက်ရှိရာ ခရီးသွားများအနေဖြင့် ကယားပြည်နယ်၏ အထင်ကရစေတီပုထိုး၊ သဘာဝရေကန်၊ သဘာဝကျောက်လိုဏ်ဂူ၊ ဆည်များနှင့်စက်ရုံများကို တစ်နေရာတည်းတွင်လှေ့လာနိုင်ကြမည်ဖြစ်ပြီး တိုင်းရင်းသားရိုးရာ ဓလေ့ထုံးစံများကိုလည်း လှေ့လာနိုင်ကြမည်ဖြစ်သည်။ ထို့အပြင် သစ်တောဥယျာဉ်အတွင်း၌ ကလေးကစားကွင်းတစ်ခုကိုလည်း တည်ဆောက်လျက်ရှိရာ အနာဂတ်မျိုးဆက်သစ်များ၏ ကာယဗလကြံ့ခိုင်ရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးရေးနှင့် စိတ်ဓာတ် ကြံ့ခိုင်ရေးတို့ကိုလည်း အထောက်အကူပြုမည်ဖြစ်သည်။ ယင်းအပြင် တိုင်းရင်းသားပြည်သူများ သစ်တော ဗဟုသုတရရှိပြီး သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးတွယ်တာလာတတ်စေရန် သစ်ပင်အမျိုးစုံကိုလည်း ဖြည့်စွက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ကန္ဒရဝတီသစ်တောဥယျာဉ်ကို ၁၉၈၅ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး နောင်ယားကန်သာနှင့်

တောင်ကွဲစေတီ ပုံစံတူ ရုပ်တုငယ်ကို တွေ့ရစဉ်။

နယ်နိမိတ်ချင်းထိစပ်လျက်ရှိကာ လွိုင်ကော်မြို့မှ ပြည်သူများ အပန်းဖြေ လှေ့လာ အနားယူစရာနေရာတစ်ခု ဖြစ်သည်။မကြာသေးမီကာလက နောင်ယားကန်သာကို ကွန်ကရစ်ကန်ပတ်လမ်းဖောက်လုပ်ခြင်း၊ ရေလယ်တံတားပြုပြင်ခြင်း၊ ကန်ပတ်လည်တွင်

ပြည်သူများအပန်းဖြေ လှေ့လာစရာ နေရာတစ်ခု . . .

နားနေဆောင်ဇရပ်များ ဆောက်လုပ်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ လျှပ်စစ်မီးထွန်းညှိခြင်း၊ စားသောက်ဆိုင်များဖွင့်လှစ်ခြင်း၊ ရေကန်သာ အမည်ဆိုင်းဘုတ်စိုက်ထူခြင်းစသည်ဖြင့် ဘက်စုံအလှဆင်ပြုပြင်မွမ်းမံမှုများပြုလုပ်ပြီးနောက် ကန္ဒရဝတီ သစ်တောဥယျာဉ်ကိုလည်း ယခုကဲ့သို့အဆင့်မြှင့်တင်အလှဆင်ပြုပြင်မှုများ ဆက်လက်ဆောင်ရွက်နေခြင်း ဖြစ်သည်။

ကန္ဒရဝတီသစ်တောဥယျာဉ်ကို ဘက်စုံအလှဆင် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများဆောင်ရွက် ပြီးစီးပါက ပြည်သူများအနေဖြင့် သတ်မှတ်ဝင်ကြေးဖြင့် ဝင်ရောက်လှေ့လာနိုင်မည်ဖြစ်၍ ပြည်သူများအပန်းဖြေ လှေ့လာစရာ နေရာတစ်ခု ထပ်မံတိုးပွားလာသည့် အကျိုးကျေးဇူးအပြင် ပြည်နယ်ဖွံ့ဖြိုးရေး ရန်ပုံငွေလည်း အထိုက်အလျောက်ရရှိလာမည် ဖြစ်သည်။

ကယားပြည်နယ်တွင် လုံခြုံရေး စိတ်ချရမှုရှိလာခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း၊ ဘီလူးချောင်းရေဖြင့် သောက်သုံးရေဖူလုံနေခြင်း၊ နှစ်ပေါင်းများစွာကတည်းက မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေခြင်း၊ တယ်လီဖုန်း၊ အင်တာနက်ဆက်သွယ်ရေး ယခင်ကထက်ပိုမိုကောင်းမွန်လာခြင်း၊ အပန်းဖြေလှေ့လာစရာ သဘာဝအရင်းအမြစ်များ တည်ရှိနေခြင်းစသည့် အခြေခံကောင်းများ ရှိနေခြင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရန်အနေအထားများကြောင့် လွိုင်ကော်မြို့သည် စီးပွားရေးမြို့တစ်မြို့အဖြစ်သို့ ပြောင်းလဲရောက်ရှိလာဖွယ်ရာရှိပြီး ခရီးသည်အဝင်အထွက်များပြားလာမည်ဖြစ်ရာ အပန်းဖြေ အနားယူစရာနေရာများ တိုးချဲ့ဖွင့်လှစ်စီစဉ်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း ဒေသခံများက ပြောဆိုကြသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

သထုံမြို့နယ် ဝင်းပကျေးရွာ၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

သထုံ ဧပြီ ၂၂

မွန်ပြည်နယ် သထုံမြို့နယ် ဝင်းပကျေးရွာအုပ်စု ဝင်းပကျေးရွာ ဝင်းပကျောင်းတိုက်၌ အဋ္ဌမအကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းကို ဝင်းပကျောင်းတိုက် ဆရာတော်ဦးပညာကို အမှူးထား၍ တောင်စွန်း ဓမ္မဒူတ ဆရာတော်ကြီး အရှင်ပညာဇောတ၏ တပည့်ဖြစ်တော်မူသော အရှင်စန္ဒောဒယ (ဓမ္မဒူတ)၊ တိုက်အုပ်ဆရာတော်၊ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက် မှော်ဘီမြို့ ရန်ကုန်တိုင်းမှ ဦးစီးဦးဆောင်တရားပြ၍ ဒေသခံဆရာ ဆရာမ ၁၅ဦးတို့က ကျောင်းသား ကျောင်းသူ လူငယ် လူရွယ် ၁၁၅ ဦးကို ဗုဒ္ဓဘာသာ တရားတော်နှင့်အညီ ယဉ်ကျေးလိမ္မာလာစေရန်အတွက် ယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီ ၁၉ ရက်မှ ဧပြီ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

ရေကျော်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားတည်ဆောက်

ရေကြည် ဧပြီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် နတ်စင်ငူကျေးရွာအုပ်စု ရေကျော်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ရေကျော်ချောင်းကူးတံတား ဆောက်လုပ်ရေးလုပ်ငန်းကို မတ် ၂၃ ရက်မှစ၍ ရေကျော်ကျောင်းတိုက်ဆရာတော်နှင့် အလှူရှင်မိသားစုများ လှူဒါန်းငွေ၊ ကျေးရွာသူ ကျေးရွာသားများက စုပေါင်းထည့်ဝင်ငွေဖြင့် မတည်ဆောင်ရွက်လျက်ရှိသည်။

ရေကျော်ချောင်းကူးတံတား အရှည်မှာ ပေ ၁၂၀၊ အနံ ၁၂ ပေ၊ သံကူကွန်ကရစ်သစ်သားကြမ်းခင်းဖြစ်ပြီး ကျပ်သိန်း ၆၀၀ ခန့်ကုန်ကျမည်ဟု သိရသည်။ ရေကျော်ချောင်းကူးတံတားအတွက် ပံ့ပိုးကူညီရန် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ ရေကျော်ချောင်းကူးတံတားဖြစ်မြောက်ရေးကော်မတီအဖွဲ့က ထောက်ပံ့ပေးနိုင်ရန် တင်ပြတောင်းဆိုထားသည်ဟု သိရသည်။ ယင်းတံတားကြီး ပြီးမြောက်လျှင် ရေကြည်မြို့၊ အင်းလျာကုန်း-သံတင်း-ရေကျော်-နတ်စင်ငူ-ကျုံမရမ်း-ဇရပ်လှ ကျေးရွာများသို့ စက်တပ်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ပြီး ထိုဆက်သွယ်ရေးလမ်းမပေါ်ရှိ ကျေးရွာလူထုများ ပညာရေး ကျန်းမာရေး၊ ဒေသထွက်ကုန်များ ရောင်းဝယ်ဖောက်ကားမှုတို့ကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

ရေကျော်ချောင်းကူးတံတား ပြီးမြောက်အောင် လှူဒါန်းလိုပါက ဦးဟန်မြင့် ဖုန်း-၀၉-၂၅၀၅၉၆၃၉၂၊ ဦးမြင့်ဦး ဖုန်း-၀၉-၃၁၉၇၂၅၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၈၁)**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ဘူတာနှင့် အင်းစိန်မီးရထားဘောလုံးကွင်းအနီး ဘူတာရုံလမ်းရှိ မြေနေရာအကျယ်အဝန်း ၁၁သမ ၀၄ဧကပေါ်တွင် ယခင်တိုင်းအမှတ်(၆)ရုံးဟောင်း နှစ်ထပ်အဆောက်အအုံတစ်ခုလုံးကို ရုံးခန်းများ၊ သင်တန်းကျောင်းများဖွင့်လှစ်ရန်အတွက် နှစ်ရှည် ငှားရမ်းလုပ်ကိုင်လိုသည့်

မြန်မာနိုင်ငံသားများအား ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ဘူတာနှင့် အင်းစိန်မီးရထားဘောလုံးကွင်းအနီး ဘူတာရုံလမ်းတွင်တည်ရှိသော မြန်မာ့မီးရထားပိုင် ယခင် တိုင်းအမှတ်(၆)ရုံးဟောင်း အကျယ်အဝန်း (ပေ ၁၈၀×ပေ ၃၀)နှစ်ထပ်၊ ပေ (၁၀၀×၃၀) နှစ်ထပ်အဆောက်အအုံနှင့် မြေလွတ် (အလျား ၂၂၆ပေ×အနံ ၂၀၀ပေ)ကို နှစ်ရှည်ငှားရမ်း၍ ရုံးခန်းများ၊ သင်တန်းကျောင်းများဖွင့်လှစ်ဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားများအား ဖိတ်ခေါ်၍ တင်ဒါစနစ်ဖြင့်ရွေးချယ်ပါမည်။

၂။ အဆိုပါတင်ဒါအတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများအပြည့်အစုံကို ဖော်ပြထားသည့် လျှောက်လွှာပုံစံများကို (ပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀၀/-)နှုန်းဖြင့် ၂၄-၄-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း မန်နေဂျာ (စီးပွားရေး/တိုင်းရုံး)၊ တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး၊ ပထမထပ်၌ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံတွင် ဖော်ပြရမည့်အချက်အလက်များကို ပြည့်စုံစွာဖော်ပြ၍ အဆိုပါတင်ဒါပုံစံကို နေပြည်တော်ဘူတာကြီးရှိ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ/စီမံ)ရုံး၊ ဖုန်း-၀၆၇-၇၇၀၀၅ သို့ ၈-၅-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့သွားရန်ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်နေရာမှာ အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)ရုံး၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့် ရန်ကုန်မြို့ဖြစ်ပြီး တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၄၈၊ ၇၇၀၈၃၊ ၇၇၁၂၃၊ အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)ရုံး၊ ဖုန်း- ၀၁-၂၀၂၄၁၉၊ မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် (၇)ရုံး ဖုန်း-၀၁-၃၉၃၄၂၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

မြန်မာ့မီးရထားပိုင်မြေများအား နှစ်ရှည် ငှားရမ်းလုပ်ကိုင်လိုသည့် နိုင်ငံသားလုပ်ငန်းရှင်/ကုမ္ပဏီများသို့ စိတ်ပါဝင်စားမှုဖော်ပြချက်၊ Expression of Interest (EOI) အဆိုပြုလွှာပေးပို့တင်ပြရန် ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုစေရန် ရထားပြေးဆွဲခြင်းလုပ်ငန်းများနှင့်လွတ်ကင်းပြီး အနာဂတ်စီမံကိန်းလျာထားချက်များတွင် မပါရှိသော အောက်ဖော်ပြပါ မြန်မာ့မီးရထားပိုင်မြေကွက်(၃)ကွက်ကို စီးပွားရေးအရ အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် BOTစနစ်ဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများသို့ စိတ်ပါဝင်စားမှုဖော်ပြချက် Expression of Interest(EOI) အဆိုပြုလွှာများ ပေးပို့တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းနှင့် ဝါးတန်း(၁)လမ်းထောင့်ရှိ မြေကွက်(၁၁၇ ပေ× ၅၀ ပေ)၊ နှစ်(၃၀) လုပ်ကိုင်ခွင့်ပြုပါမည်။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သမိုင်းဘူတာရှေ့၊ ဗဟိုလမ်းမဘေးရှိမြေကွက် (၄၁၆ ပေ×ပေ၄၀)၊ နှစ်(၃၀)လုပ်ကိုင်ခွင့်ပြုပါမည်။

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တောင်-မြောက်လမ်းဆုံအနီး၊ တိုးကြောင်ကလေးဘူတာယာဒ်ဝင်း၊ အမှတ်(၂) လမ်းမကြီးဘေးရှိမြေကွက် (ပေ၃၀၀×ပေ၁၅၀)၊ (၁၅)နှစ် လုပ်ကိုင်ခွင့်ပြုပါမည်။

၂။ အထက်ပါမြန်မာ့မီးရထားပိုင်မြေနေရာအား BOT စနစ်ဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသော ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ စိတ်ပါဝင်စားမှုဖော်ပြချက်၊ Expression of Interest(EOI) (ဆောင်ရွက်လိုသောလုပ်ငန်းဖော်ပြရပါမည်။) အဆိုပြုလွှာများကို ၇-၅-၂၀၁၄ ရက်(ရုံးချိန်အတွင်း) နောက်ဆုံးထား၍ မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၇)ရုံး၊ ရန်ကုန်ဘူတာကြီး(ပထမထပ်)သို့ ပေးပို့သွားရန်ဖြစ်ပါကြောင်းနှင့် နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှပေးပို့လာသည့်(EOI)အဆိုပြုလွှာများအပေါ် အခြေခံ၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ မြေကွက်(၁)ကွက်ချင်းအလိုက် ဆောင်ရွက်သင့်သည့် လုပ်ငန်းအမျိုးအစားရွေးချယ်သတ်မှတ်ပြီး ဒုတိယအဆင့် Open Tender ထပ်မံခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၁-၃၉၃၄၂၈၊ ၀၁-၇၀၄၇၉၁၊ ၀၉-၄၉၂၁၃၁၃၀ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

Htike Sin Co., Ltd
ဝန်ထမ်းအလိုရှိသည်။
အမှတ်(၃)၊ ရတနာမွန်(၄)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၅၁၂၉၈၂၊ ၀၁-၅၃၀၅၃၄၊ ၀၁-၅၃၁၄၉၈၊ ၀၁-၅၃၁၄၀၀၊ ၀၉-၈၅၈၅၃၁၉

(၁) Manager (၂)ဦး
(၂) PRECAST Engineer Civil (၂)ဦး
အထပ်မြင့်အတွေ့အကြုံရှိသူ
(လစာကောင်းကောင်းပေးမည်။)
(၃) Engineer Civil (ကျား/မ) (၂)ဦး
(၄) Marketing အိမ်ယာလုပ်ငန်း (မ) (၃)ဦး
(၅) ရုံးစာရေး (ကျား/မ) (၄)ဦး
(၆) စာရင်းကိုင် (ကျား/မ) (၂)ဦး
(လုပ်သက်အနည်းဆုံး ၂နှစ်ရှိသူ)

အမှတ်စဉ် (၃၊ ၄၊ ၅) အတွက် အတွေ့အကြုံရှိရန် မလိုပါ။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင် အကျဉ်း၊ (၁)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓါတ်ပုံ(၂)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အခြားလက်မှတ်များရှိပါက ဖော်ပြနိုင်ပါသည်။ ကြော်ငြာထည့်နေ့မှစ၍ (၂)ပါတ်အတွင်း အထက်ဖော်ပြပါလိပ်စာအတိုင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဆေးဖက်အသုံးဝင်ရှောက်သီး

လပြည့်သော်တာ

ဟင်းသီးဟင်းရွက်ကုန်စိမ်းဆိုင်ရှေ့တွင် ရပ်လိုက်မိသည့်အိမ်ရှင်မများ၊ ဈေးဝယ်သူအမျိုးသမီးများသည် အစိမ်းတစ်မျိုး အဝါတစ်ဖုံအရောင်စုံ အရွယ်စုံဖြင့် ဆွဲဆောင်မှုအားကောင်းလှသော ရှောက်သီးကိုမျက်စိလွှဲနိုင်ခဲလှသည်။ ပိုက်ဆံအိတ်တပြင်ပြင်နှင့် တစ်လုံးတလေမျှဖြင့် ဝယ်မိတတ်ကြသည်။ ဝယ်ယူလာသည့် ရှောက်သီးကိုလည်း အမျိုးမျိုးအဖုံဖုံ စားဖွယ်စုံဖြစ်စေရန် ဖန်တီးတတ်ကြသေးသည်။

ထိုသို့ဆွဲဆောင်မှုအားကောင်းလှသော ရှောက်သီးကိုအိန္ဒိယပြည် အနောက်မြောက်ပိုင်းဒေသတွင် စတင်တွေ့ရှိခဲ့ကာ ရှေးနှစ်ပေါင်းများစွာကြာပြီးနောက် အရှေ့တောင်အာရှဒေသများတွင် မျိုးပွားစိုက်ပျိုးခဲ့ကြသည်။ အေဒီ ၁၂-၁၃ ရာစုခန့်တွင် ဥရောပနိုင်ငံများ၌ စတင်စိုက်ပျိုးလာခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင်မူ နေရာအနှံ့အပြား၌ပေါက်ရောက်ပြီး စိုက်ပျိုးပင်အဖြစ်လည်းကောင်း၊ မြစ်များ၊ ချောင်းမြောင်းများအနီးတွင် သဘာဝပေါက်ပင်များအဖြစ်လည်းကောင်းတွေ့ရလေ့ရှိပြီး အပူပိုင်းဒေသများ၌ အများဆုံး စိုက်ပျိုးသည်ကိုတွေ့ရသည်။

ဆေးကျမ်းအလို

မြန်မာဆေးကျမ်းများအလိုအရ ရှောက်သီးသည်ချဉ်၏။ နှလုံးကိုကြည်စေတတ်၏။ သွေးသားကိုသန့်ရှင်းစေ၏။ ပေ့ါပါးသောဂုဏ်သတ္တိရှိ၏။ ဝမ်းမီးကိုတောက်စေ၏။ မောပန်းခြင်းကိုပျောက်စေ၏။ ချောင်းဆိုးနာ၊ နှုတ်မမြိန်၊ အော့အန်နာ၊ မွတ်သိပ်နာ၊ အသံပျက်ခြင်း၊ ဝမ်းကြောတင်းခြင်း၊ အဖုအလုံး ပေါက်ခြင်းများကိုနိုင်၏။ သလိပ်ကိုကြေစေပြီး ဆီးကိုများစေသည်ဟု ဖော်ပြထားကြောင်း မှတ်သားမိပါသည်။

ရှောက်ရည်

ရှောက်ရည်တွင် စစ်ထရစ်အက်စစ်၊ ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ ကယ်ဆီယမ်၊ ဖော့စဖရစ်၊ မဂ္ဂနီဆီယမ်၊ ပရိုတင်း၊ ကာဗွန်ဟိုက်ဒရိုက်၊ ဖိုလိတ်၊ အဆီဓာတ်၊ ရှုတင်ဓာတ်ပေါင်းနှင့်အမျှင်ဓာတ်တို့အပြင် လီမွန်နင်ခေါ် ဓာတုဒြပ်စင်တစ်မျိုးလည်းပါဝင်ကြောင်း သိရသည်။ ရှောက်ရည် ၁၀၀ ဂရမ်တွင် ဗီတာမင်စီ ၆၀ ဂရမ်ပါဝင်သောကြောင့် အသီးများထဲတွင် ဗီတာမင်စီ အများဆုံး ပါဝင်သောအသီးဖြစ်သည်။

ရှောက်ရည်ကို နံနက်စောစောတွင် သောက်သုံးခြင်းဖြင့် ကျန်းမာရေးအတွက်အထောက်အကူဖြစ်စေသည်။ ရှောက်ရည်သည် သွေးအတွင်း အညစ်အကြေးများကို သန့်စင်ပေးခြင်း၊ ဝမ်းချုပ်ခြင်းအတွက် အထောက်အကူဖြစ်စေခြင်း၊ အစာချေခြင်းကိုကူညီပေးနိုင်ခြင်း၊ အသားအရေလှပစေခြင်း၊ နုပျိုစေပြီးအရေပြားတွန့်ခြင်းကိုဖယ်ရှားခြင်း၊ ဆံပင်ကိုနက်စေခြင်း၊ မီးလောင်ထားသောနေရာများကို သုတ်လိမ်းပေးခြင်းဖြင့် အမာရွတ်များကို မှေးမှိန်စေခြင်းတို့အတွက် အသုံးဝင်သည်။ သွားရောဂါများကို သက်သာပျောက်ကင်းစေပြီး ခံတွင်းအနံ့ဆိုးခြင်းများကို လျော့နည်းစေသည်။ ရှောက်ရည်နှင့်ရေကိုဆတူရော၍ အာလုတ်ကျင်းပေးခြင်းဖြင့်လည်ချောင်းနာခြင်းကို သက်သာစေနိုင်သည်။ အဝတ်လျှော်သောအခါ ရှောက်ရည်ထည့်၍ လျှော်ဖွပ်ခြင်းဖြင့် အဝတ်များကိုဖြူဖွေးတောက်ပြောင်စေပါသည်။ ကြို့ထိုးလျှင် ရှောက်ရည်ကိုသောက်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။

သက်သာစေမှု

ရှောက်သီးဖျော်ရည်သည် လေချဉ်တက်ခြင်းကို သက်သာစေပြီး အူသိမ်၊ အူမများမှမလိုအပ်သော စွန့်ပစ်ပစ္စည်းများကို ဖယ်ရှားရန်အထောက်အကူဖြစ်စေသည်။ ရှောက်ရည်နှင့်ရေနွေးကိုဆတူရောပြီး ပျားရည်နှင့်သောက်ပါက ခန္ဓာကိုယ်အလေးချိန်ကို ကောင်းစွာလျှော့ချစေနိုင်သည်။ ရှောက်ရည်နှင့် ကြောင်ပန်းရွက်ညှစ်ရည်ရော၍ရှူပေးပါက ဝက်ရူးနာသက်သာပျောက်ကင်း

ကြောင်းသိရသည်။ ပျားရည်၊ ရှောက်ရည်၊ ဇဝက်သာတို့ကိုရော၍သောက်ပါက ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်၊ ပန်းနာစသည့်ရောဂါများပျောက်ကင်းစေပါသည်။

သဘာဝပိုးသတ်ဆေး

ရှောက်သီးသည် သဘာဝပိုးသတ်ဆေးတစ်မျိုးဖြစ်ပြီး အရေပြားနှင့် ပတ်သက်သော ရောဂါများကို ကုသနိုင်သည်။ အရေပြားကို ပွတ်လိမ်းပေးခြင်းဖြင့် အစက်အပြောက်များကို မှေးမှိန်စေနိုင်သည်။ ကိုယ်တွင်းခုခံအားကို ကောင်းစေခြင်း၊ အသည်း၏ အလုပ်လုပ်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း၊ အနာကျက်မြန်စေခြင်း၊ သွေးဖိအားကို လျှော့ချပေးခြင်းတို့အတွက် အသုံးဝင်သည်။

ပျောက်ကင်းစေတတ်

ရှောက်သီးအမြွာများနှင့် သိန္ဓောဆားရော၍ နံနက်၊ ညနေ့စဉ်သောက်သုံးပေးပါက ဆီးအိမ်နှင့်ကျောက်ကပ်တွင်ဖြစ်တတ်သော ကျောက်တည်ရောဂါပျောက်ကင်းသည်။ ရေနွေးဖြင့် ရေချိုးပြီးခဏအကြာတွင် ရှောက်သီးကို လက်ဖက်ရည်ပန်းကန်၌ အတန်အသင့်ညှစ်ထည့်၍ ဆားအနည်းငယ်ထည့်ကာ လက်ဖက်စားဇွန်းဖြင့် တစ်နေ့တစ်ကြိမ်သောက်သုံးပေးခြင်းဖြင့် နှာစေးခြင်းကို ပျောက်ကင်းစေနိုင်သည်။ အုန်းနို့၊ ခေါက်ဆွဲ၊ ဒံပေါက်၊ မုန့်ဟင်းခါးစသည့် သွေးတိုးစေတတ်သော အစာများ မလွှဲမရှောင်သာစားမိသောအခါတွင် ရှောက်ဖျော်ရည်ကို သောက်ပေးခြင်းဖြင့် သွေးတိုး၊ သွေးတက်၊ အစာမကြေခြင်းများမှ ပြေပျောက်စေသည်။ အကြောတက်ခြင်း၊ အကျိတ်အဖုများထွက်ခြင်း၊ ပြင်းထန်စွာ ထိခိုက်လျက် အတွင်းဒဏ်ရာရသော အခါများတွင် ရှောက်ရည်၊ နနွင်းမှုန့်၊ ထုံးတစ်ဆစီကို ဆတူရော၍ နံနက်၊ ညတစ်ကြိမ်စီလိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။ မီးယပ်အဆင်းများ၍ မူးဝေလျှင် ရှောက်သီးနှင့် ထန်းလျက်ရော၍ စားရကြောင်း သိရသည်။ ရှောက်သီးခွံအခြောက်များကို မီးတောက်အရက်ဖြင့် ခုနစ်ရက်စိမ်ကာ နေ့စဉ်နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်လိမ်းပေးခြင်းဖြင့် လေငန်းကြောင့်ဖြစ်တတ်သော ပါးရွဲ့၊ ပါးစပ်ရွဲ့၊ လက်ကပ်၊ လက်မြောက်မရ၊ ခြေတစ်ဖက်ဆွဲခြင်းများကို သက်သာပျောက်ကင်းသည်။

အမြန်ပျောက်

အနာပေါက်လျှင် ရှောက်မြစ်ကို ရေစင်အောင်ဆေးပြီး မကြာခဏလိမ်းပေးခြင်းဖြင့် အမြန်ပျောက်ကင်းစေကြောင်း သိရသည်။ မကြာခဏ အန်လျှင် ရှောက်မြစ်သွေး၍ ပျားရည်ဖြင့် ရောစပ်ကာ ဟင်းစားဇွန်းတစ်ဇွန်းစာ တိုက်ပေးခြင်းဖြင့် သက်သာပျောက်ကင်းနိုင်သည်။ ကလေးများ မကြာခဏနို့အန်လျှင် ရှောက်မြစ်ကိုသွေး၍ ခြောက်လသားအရွယ်အထိ တစ်ပဲခန့်ဖြင့် ကော်ဖီဇွန်းဖြင့် တိုက်ကျွေးနိုင်သည်။ ရှောက်မြစ်သွေးရည် ပျားရည်ဆတူရော၍ ဟင်းစားဇွန်းတစ်ဇွန်းစာကို နံနက်ညတစ်ကြိမ်စီသောက်ခြင်းဖြင့် နှလုံးရောင်၊ လေထိုးလေပွ၊ လက်ပြင်ငုပ်ခြင်းနှင့် နာကျင်ကိုက်ခဲခြင်းများကို သက်သာပျောက်ကင်းစေသည်။

အလှအပအတွက်

ရှောက်သီးကို အလှအပအတွက်သာမက သဘာဝအိမ်သုံးပစ္စည်းအဖြစ် အသုံးပြုနိုင်သည်။ ဆံသားကို တောက်ပြောင်စေခြင်း၊ ဦးရေပြားပေါ်မှ ဗောက်များကို ဖယ်ရှားပေးခြင်း၊ ရှောက်ရည်သည် ချွေးပေါက်များကို ကျုံ့စေသောအာနိသင်ရှိခြင်းတို့ကြောင့် တိုနာအဖြစ်လိမ်းပေးပါက မျက်နှာအဆီပြန်ခြင်းကို သက်သာစေပါသည်။ သနပ်ခါးတွင် ရှောက်ရည်ညှစ်ထည့်၍ နေ့စဉ်လိမ်းပေးခြင်းဖြင့် အသားအရေကို ချောမွေ့စေပြီး ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်များကို ပျောက်ကင်းစေသည်။ ချိုင်းအောက်တွင်သုတ်လိမ်းပေးပါက ချိုင်းချွေးနံ့ ပျောက်ကင်းစေသည်။ အစွန်းအထင်းများကို ဖယ်ရှားပေးခြင်းနိုင်သည့်အပြင် ရှောက်ရည်၊ ဆား၊ သံလွင်ဆီတို့ကိုရောစပ်၍ သဘာဝကြေးချွတ်ဆေးအဖြစ်လည်း သုံးနိုင်ကြောင်း မှတ်သားမိသမျှ ဝေမျှပါသည်။

အသက် (၇၅) နှစ်ပြည့်ဘိုးဘွား ၁၂၀ ကို သက်ကြီးပူဇော်ပွဲကျင်းပ

လွယ်ဂျယ် ဧပြီ ၂၂

ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့နယ်ခွဲ မြို့လယ်ဘုန်းတော်ကြီးကျောင်းတွင် တန်ခူးလပြည့်ကျော် ၃ ရက် (နှစ်ဆန်းတစ်ရက်နေ့) နံနက် ၈ နာရီက အသက် ၇၅ နှစ်နှင့် အထက် ဘိုးဘွားများအား သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့လယ်ကျောင်း သံဃနာယကဆရာတော် ဦးကောဝိဒ အမှူးပြုသော သံဃာတော် အပါး ၅၀အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး အသက် ၇၅ နှစ်နှင့်အထက် ရှမ်း၊ ကချင်၊ လီဆူးဘိုးဘွား ၁၂၀ တို့ကို ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ ဆေးဝါးများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။

သက်ကြီးပူဇော်ပွဲတွင် ငွေကျပ် ၂၅၄၀၀၀ နှင့် ယွမ်ငွေ ၁၂၀၅ ယွမ် လှူဒါန်းနိုင်ခဲ့ပြီး ၆ ရပ်ကွက်မှ ရပ်မိရပ်ဖများ၊ ကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းလှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ ပူဇော်ကန်တော့ပွဲသို့ နယ်မြေခံတပ်ရင်းမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာအရာရှိများနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ NGO အဖွဲ့အစည်းများ စုံညီစွာတက်ရောက် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရှိရသည်။

ရင်ငြိမ်းပန်း(လွယ်ဂျယ်)

အာယုဒီဃကုန်းတော် စာသင်ပျိုကျောင်းတွင် ပဋ္ဌာန်းပွဲကျင်းပ

ပေါက် ဧပြီ ၂၂

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် မုန်ကုန်းကျေးရွာ အာယုဒီဃ ဥယျာဉ်ကုန်းတော်စာသင်ပျိုကျောင်းတွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲကို ဧပြီ ၁၆ ရက် နံနက် ၈ နာရီမှ ဧပြီ ၁၈ ရက်အထိ သုံးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
ဒသမအကြိမ် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒသမအကြိမ် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

ဘွဲ့နှင်းသဘင်ပထမနေ့ ၃၁-၅-၂၀၁၄ ရက် (စနေနေ့)

(က) နံနက်ပိုင်း (နံနက် ၉း၀၀) နာရီ
- မဟာသုတေသနဘွဲ့ (အထူးပြုများအားလုံး)
- မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ (အထူးပြုများအားလုံး)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့ (အင်္ဂလိပ်စာ၊ သမိုင်း၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ဘီတီ)

(ခ) မွန်းလွဲပိုင်း (မွန်းလွဲ ၂း၀၀) နာရီ
- ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့ (အထူးပြုများအားလုံး)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့ (မြန်မာစာ၊ အရှေ့တိုင်းပညာ၊ ရူပဗေဒ၊ ရုက္ခဗေဒ)

ဘွဲ့နှင်းသဘင်ဒုတိယနေ့ ၁-၆-၂၀၁၄ ရက် (တနင်္ဂနွေနေ့)

(က) နံနက်ပိုင်း (နံနက် ၉း၀၀) နာရီ
- မဟာသုတေသနဘွဲ့ (အထူးပြုများအားလုံး) (၂၀၁၃-၂၀၁၄ ပညာသင်နှစ်)
- မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ (အထူးပြုများအားလုံး) (၂၀၁၃-၂၀၁၄ ပညာသင်နှစ်)
- ဝိဇ္ဇာ/သိပ္ပံဘွဲ့ (ပထဝီဝင်၊ ဒဿနိကဗေဒ၊ သင်္ချာ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ)

အစမ်းလေ့ကျင့်ခြင်း - ၂၉-၅-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီ

ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်

၂။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒသမအကြိမ် ဘွဲ့နှင်းသဘင်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ကျင်းပခဲ့သော ဝိဇ္ဇာ၊ သိပ္ပံ(ဘွဲ့)စာမေးပွဲအောင်မြင်သူများ (နောက်ဆက်တွဲအပါအဝင်)၊ ဝိဇ္ဇာ၊ သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ(ဘွဲ့)စာမေးပွဲအောင်မြင်သူများ၊ မဟာသုတေသနဘွဲ့ရရှိသူများနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ရရှိသူများ လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်/အဝေးရောက် လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း+မိတ္တူ)နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြား(မူရင်း+မိတ္တူ)တင်ပြ တောင်းယူလျက် လွန်ခဲ့သော (၃)လအတွင်း ရိုက်ကူးထားသောဓာတ်ပုံ (၂"×၁ ၁/၂")အရွယ် (၃)ပုံပူးတွဲကာ ဘွဲ့တက်ရောက်မည့်သူများသည် ကျပ် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)ကိုလည်းကောင်း၊ အဝေးရောက်ဘွဲ့ယူမည့်သူများသည် ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကိုလည်းကောင်း ငွေလက်ခံဌာနသို့ပေးသွင်းလျှောက်ထားကြရမည်။

၄။ နယ်မှလျှောက်ထားလိုသူများသည် သတ်မှတ်ကြေးများကို ငွေလက်ခံဌာနစိတ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့ပြီး အောက်ခြေတွင် လျှောက်လွှာရှင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဘွဲ့ရစာမေးပွဲအောင်မြင်သည့်ခုနှစ်၊ ခုံအမှတ်၊ အထူးပြုဘာသာစသည်တို့ကို တိကျစွာဖော်ပြရမည်။

၅။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မှတ်ပုံတင်ငွေပို့လွှာဖြင့် လျှောက်ထားလာခြင်းကို လုံးဝခွင့်မပြုပါ။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို ၂၈-၄-၂၀၁၄ ရက်မှ ၁၂-၅-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၇။ တက်ရောက်လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်သည်။

၈။ ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲဝင်ခွင့်လက်မှတ်နှင့် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၂၆-၅-၂၀၁၄ ရက် (တနင်္လာနေ့)မှစတင်၍ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနခွဲတွင် ထုတ်ပေးပါမည်။

၉။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)အနက်မှ မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သောဝတ်စားဆင်ယင်မှုဖြင့် ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၁၀။ အသေးစိတ်သိလိုသော အချက်အလက်များရှိပါက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနခွဲ တယ်လီဖုန်းအမှတ် ၆၁၃၈၃၃၊ ၆၁၃၇၉၉ (လိုင်းခွဲ-၁၁၄)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁၁။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့လျှောက်ထားရန် ပျက်ကွက်ခဲ့သူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထားနိုင်ပါသည်။

(ယဉ်မင်းသန့်)
မော်ကွန်းထိန်း၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မန္တလေးကွန်ပျူတာတက္ကသိုလ်
မန္တလေးကွန်ပျူတာတက္ကသိုလ် အဋ္ဌမအကြိမ်မြောက်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးကွန်ပျူတာတက္ကသိုလ်မှ ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်တွင် အောင်မြင်သော Ph.D (IT) သင်တန်းနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ B.C.Sc (Hons:) / B.C.Tech(Hons:) ဘွဲ့သင်တန်း၊ B.C.Sc/B.C.Tech ဘွဲ့သင်တန်းစာမေးပွဲ အောင်မြင်သူများအတွက် မန္တလေးကွန်ပျူတာတက္ကသိုလ်၏ အဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၁၄ ခုနှစ် မေ ၂၅ ရက်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် (၃)လအတွင်း ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံသုံးပုံပူးတွဲ၍ **ဘွဲ့နှင်းသဘင်တက်ရောက်ရန်** (သို့မဟုတ်) **အဝေးရောက်ဘွဲ့ယူရန်**ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၁၄ ခုနှစ် မေ ၉ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို မန္တလေးကွန်ပျူတာတက္ကသိုလ် ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များမှ ပထမဘွဲ့ယူပြီး ယခုနှစ်အတွက် ဘွဲ့လွန်ယူရန် လျှောက်ထားသူများသည် မူလဘွဲ့လက်မှတ်မိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၅။ ယခင်နှစ်များမှ ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ဘွဲ့လက်မှတ်များကို တစ်နှစ်ကြာမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ရပ်ဝေးမှဘွဲ့နှင်းသဘင်လျှောက်လွှာပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် "**ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း**"ဟုဖော်ပြပြီး မန္တလေးကွန်ပျူတာတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့်ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို မန္တလေးကွန်ပျူတာတက္ကသိုလ်၏ ကျောင်းသားရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

ဒေါက်တာအေးအေးစိမ့်
မော်ကွန်းထိန်းအဆင့်(၁)
မန္တလေးကွန်ပျူတာတက္ကသိုလ်

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ပြည်သူလူထုအား အသိပေးတင်ပြခြင်း

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုရှိပါက ဆောလျင်စွာ ဓာတ်အားပြန်ပေးနိုင်ရေးအတွက် အောက်ပါ ခရိုင်/မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ အုပ်ချုပ်ရေးရုံး တယ်လီဖုန်းများသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါကြောင်း မေတ္တာရပ်ခံ အသိပေးတင်ပြအပ်ပါသည်-

စဉ်	ခရိုင်/မြို့နယ်	တာဝန်ခံ	လက်ကိုင်ဖုန်းနံပါတ်
၄	မြောက်ပိုင်းခရိုင်	ခရိုင်အုပ်ချုပ်ရေးမှူး	၀၉၈၆၀၀၆၉၅၊
			၀၉၅၀၁၄၆၈၁၊
		ခရိုင်လျှပ်စစ်အင်ဂျင်နီယာ	၀၉၈၆၀၀၇၅၅
	အင်းစိန်	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၇၃၀၂၅၅၃၆၊
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၂၁၇၃၉၉၃
	မင်္ဂလာဒုံ	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၅၀၃၄၅၉၉
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၅၄၀၀၈၅၂
	ရွှေပြည်သာ	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၇၃၀၀၅၃၆၄
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၇၃၁၈၄၅၉၁
	လှိုင်သာယာ	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၇၃၁၀၅၂၇၇
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၅၅၄၇၇၂
	ထန်းတပင်	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၅၀၆၅၅၁၉
	မှော်ဘီ	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၅၁၈၉၃၉၁
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၂၅၀၀၇၃၃၈၇
	လှည်းကူး	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၅၁၇၇၄၁၀
	ဖောင်ကြီး	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၄၂၁၀၂၀၆၃၄
	တိုက်ကြီး	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၅၀၇၂၀၀၀
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၄၃၁၆၈၇၃၉
	ထောက်ကြန့်	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၅၄၀၇၇၇၂
	ဥက္ကံ	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၃၁၁၁၈၆၁၄
	ဒါးပိန်	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၇၃၀၇၉၂၇၈
	အဖျောက်	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၅၃၉၄၁၄၂
	အင်းတိုင်	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၄၃၁၃၃၀၁၃

သုံးခွမြို့တွင် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့အမှတ် (၉)ရပ်ကွက် ဝဲပြန်ကျောင်းတိုက် ဗုဒ္ဓရက္ခိတ ဓမ္မာရုံ၌ (၁၅) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်) ညနေ ၆ နာရီက ဝဲပြန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဂုဏာနန္ဒ၏ ဦးဆောင်မှုဖြင့် ရပ်ကွက်သူ ရပ်ကွက်သားများ၊ အလှူရှင်များ စုပေါင်း၍ အသက် ၈၀နှင့်အထက် ဘိုးဘွား ၇၈ ဦးကို ရှိခိုးကန်တော့ပြီး အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

အညာတောင်သူများ လာမည့်စိုက်ပျိုးရာသီအတွက် မျိုးစေ့များ စုဆောင်းလျက်ရှိ

ကျောက်ပန်းတောင်း ဧပြီ ၂၂

မြန်မာတို့၏နှစ်သစ်ကူး သင်္ကြန်ကာလပြီးဆုံးခဲ့ပြီဖြစ်၍ အညာဒေသတစ်ခွင်တွင် မိုးဦးရာသီအချိန်မိ စိုက်ပျိုးရေးလုပ်ငန်းခွင် ဝင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်လျက်ရှိနေကြသည်ကို တွေ့မြင်နေရပေသည်။ အချို့မှာ သင်္ကြန်မတိုင်မီကပင် ထယ်ရေးညက်အောင် ပြင်ဆင်ထားကြပြီး အချို့မှာလည်း မိုးတစ်ပြိုက်နှစ်ပြိုက်ကျမှသာ မြေအစိုဓာတ်ဖြင့် ထယ်ရေးညက်ညက် ထွန်ယက်နိုင်ရေး စောင့်ဆိုင်းလျက်ရှိနေကြပြီး မျိုးစေ့/မျိုးဆန်များကိုမူ အချိန်ရလျှင်ရသလို သိုလှောင်သိမ်းဆည်းလျက်ရှိနေကြရာ ကျောက်ပန်းတောင်းမြို့နယ်ရှိ ကျေးရွာများတွင် မျိုးဆန်အဖြစ် မြေပဲအခွံနွှာခြင်းလုပ်ငန်းကို အမျိုးသမီး အမျိုးသားလူငယ်များသာမကပဲ သက်ကြီးရွယ်အို အမျိုးသမီးကြီးများပါ နေရိပ်ခို အပန်းဖြေရင်းတစ်ဖက် တစ်လမ်းမှ ဝင်ငွေရသည့်လုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိကြသည်ကို စိတ်ဝင်စားဖွယ်တွေ့ရှိရပေသည်။

ကျောက်ပန်းတောင်းမြို့နယ်တလိုင်းကန်ကျေးရွာသို့ရောက်ရှိစဉ် အသက် ၇၀/၈၀အရွယ် အဘွားအိုများ စုဖွဲ့၍ မျိုးမြေပဲများအခွံနွှာနေသည်ကို တွေ့ရသဖြင့် ၎င်းတို့လုပ်ငန်းနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာတွင် "အမေကြီးတို့က ရာသီဥတုပူလွန်းတော့ တစ်ရေးတစ်မောအိပ်ပြီး ဒီလိုပဲ အရိပ်ကောင်းကောင်းထဲဝင်ပြီး တတ်နိုင်သလောက် လုပ်ကြတာပေါ့ကွယ်။ ဆီဖိုးလေးရရ ဆားဖိုးလေးရရ စကားတပြောပြောနဲ့ လုပ်ကြတာပါပဲ" ဟု တလိုင်းကန်ကျေးရွာမှ အသက် ၇၀ အရွယ် အဘွားအိုကပြောသည်။ ယမန်နှစ်မိုးဦးကာလ စိုက်ပျိုးချိန်တွင် မျိုးမြေပဲအဆန်တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀ ကျော်ပေးရကြောင်း သိရပြီး နှမ်းမျိုးစျေးမှာ နှမ်းဖြူ (ဒေသအခေါ် ဘပန်မျိုး)မှာ တစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀ ခန့် ပေးဝယ်ရကြောင်း သိရသည်။ သို့ဖြစ်ရာ ယာကေမားသည့်တောင်သူကြီးများမှာ မိမိတို့စိုက်ပျိုးမည့် မျိုးစေ့/မျိုးဆန်များကို မိမိတို့ကိုယ်တိုင် ကြိုတင်စုဆောင်းကြခြင်းဖြစ်ကြောင်းသိရပြီး မျိုးမြေပဲဆန်အခွံနွှာခြင်းလုပ်ငန်းကို လုပ်အားခအနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၈၀၀ ပေးရကြောင်း သိရပြီး ဒေသခံများအတွက် နွေရာသီ နေရိပ်ခိုရင်း ဝင်ငွေရသည့်လုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိနေကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်ဘူတာကြီးနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖော်ဆောင်မည်

ရန်ကုန် ဧပြီ ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် လိုက်လျောညီထွေဖြစ်စေပြီး စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍကို အထောက်အကူဖြစ်စေရန်အတွက် မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်ဘူတာကြီးဧရိယာ ၂၅ ဒသမ ၃ ဟက်တာ ၆၂ ဒသမ ၄၈၆ ဧက ပေါ်တွင် ရထားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော အထပ်မြင့်အဆောက်အအုံများ၊ ဟိုတယ်များနှင့် စီးပွားရေးလုပ်ငန်းများပါဝင်မည့် စီမံကိန်းတစ်ရပ်ကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ဆောင်ရွက်မည့်စီမံကိန်းနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံလိုသူ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်ကုမ္ပဏီများကို မြန်မာ့မီးရထားနှင့် ပူးပေါင်းဆောင်ရွက်နိုင်ကြရန်အတွက် အသေးစိတ် ရှင်းလင်းတင်ပြခြင်းအစီအစဉ်ကို ဧပြီ ၂၆ရက် ညနေ ၄ နာရီတွင် ရန်ကုန်ဘူတာကြီး စခန်းသာညွှန့်ခန်းမ၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ စုံစမ်းသိရသည်။

စိုးဝင်း(SP)

တူမီးသေနတ်ဖြင့် သေကြောင်းကြံစည်သည့်ဖြစ်ရပ်တစ်ခုဖြစ်ပွား

ကသာ ဧပြီ ၂၂

ဧပြီ ၁၈ ရက် မွန်းတည့် ၁၂ နာရီခန့်က ပင်လည်ဘူးမြို့မ ရဲစခန်း၏ အနောက်ဘက် ၂၅ မိုင်ခန့်အကွာ နောင်တောအုပ်စု တုံးမွန်ကျေးရွာတွင် လူတစ်ဦး မိမိကိုယ်မိမိ တူမီးသေနတ်ဖြင့် ပစ်ခတ်သေကြောင်းကြံစည်ခဲ့ကြောင်း သတင်းအရ ရဲအုပ်မြသောင်းနှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးခဲ့ရာတွင် သေဆုံးသူမှာ စိုးမြင့်ဆိုသူဖြစ်ပြီး ၎င်း၏နေအိမ်အောက်ထပ်တွင် ယာဘက်လက်၌ တူမီးသေနတ် တစ်လက်ကိုကိုင်၍ ဘယ်ဘက်လက်ဖဝါး၊ လက်ကောက်ဝတ်နှင့် မေးစေ့အောက်တွင် ယမ်းခိုးငွေ့များကပ်ညှိနေပြီး လည်ဇလုတ်တွင် နှစ်စင်တီမီတာခန့်ရှိ ကျည်ဝင်ပေါက်ငယ်နှင့် ဦးခေါင်းချိုစောင်းတွင် တစ်လက်မခန့်ရှိ ကျည်ထွက်ပေါက်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသည်။

အဆိုပါ ဖြစ်ရပ်မဖြစ်မီ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် ပြည်သူ့စစ်အဖွဲ့များက သေနတ်အပ်ရန်နှင့်အဖမ်းခံရန် ပြောဆိုဖျောင်းဖျခဲ့သော်လည်း စိုးမြင့်အနေဖြင့် မိမိကိုယ်မိမိ တူမီးသေနတ်ဖြင့် ပစ်ခတ်ပြီး သေကြောင်းကြံစည်သွားခဲ့ကြောင်း သိရသည်။

သေဆုံးသူ စိုးမြင့်(၂၈ နှစ်) တုံးမွန်ကျေးရွာ ပင်လယ်ဘူးမြို့နယ်နေသူနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးသိရှိနိုင်ရန် ရဲအုပ်မြသောင်းက တိုင်တန်းခဲ့ရာ ပင်လည်ဘူးမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)နှင့်
MPDC [Assumption University (ABAC) Myanmar Offshore Office] တို့ ပူးပေါင်း၍ ဖွင့်လှစ်သော
Certificate in Marketing Management(CMM)
အမှတ်စဉ်(၄)သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(NMC)နှင့် Myanmar Professional Development Center-MPDC @Assumption University (ABAC) Myanmar Offshore Officeတို့ ပူးပေါင်း၍ Certificate in Marketing Management (CMM) သင်တန်းအမှတ်စဉ်(၄)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။
၂။ သင်တန်းကာလမှာ ခြောက်လဖြစ်ပြီး ၂၀၁၄ ခုနှစ် မေ ၅ ရက်တွင် စတင်ဖွင့်လှစ်ပါမည်။
၃။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Manager အဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။
၄။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများကို ဆက်လက်သင်ယူနိုင်ပြီး Assumption University of Thailand နှင့်ချိတ်ဆက်ထားသော Bachelor of Business Administration (BBA) ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။
၅။ ပညာအရည်အချင်းအထောက်အထားမူရင်းနှင့်မိတ္တူနှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူနှစ်စုံ၊ လိုင်စင်ဓာတ်ပုံငါးပုံတင်ပြရမည်။

လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက - အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် (လေးထပ်စာသင်ဆောင်၊ MPDC ရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၄၂၀၁၂၅၉၀၀၊ ၀၉-၄၂၁၁၀၄၇၇၁

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အိမ်တွင်းရေး၊ ပညာရေး၊ အချစ်ရေး 'ဘာဘဲ သိချင်သိချင် ဆရာဦးမင်းသိန်းရဲ့ နေ့ဖွားဗေဒင်ရှိတယ်'
တစ်ခါဝယ်ရုံနဲ့ ကိုယ့်ကံတရားကို ၁၃၇၆ ခုနှစ် တစ်နှစ်စာသိနိုင်မယ့်အပြင် မြန်မာ့ရိုးရာမဟာသင်္ကြန်စာ ပါတာကြောင့်
ပြည်တွင်းရေးရာအပြာပြာ၊ ကုန်အပေါ်အရှား၊ ဈေးနှုန်းအတက်အကျနှင့် မိုးလေဝသဟောကိန်းများကိုပါ တစ်ပါတည်းပါတဲ့
ဆရာဦးမင်းသိန်း ၏
၁၃၇၆ ခုနှစ်အတွက် အိတ်ဆောင် မြန်မာ့-ရိုးရာမဟာသင်္ကြန်စာ
နှင့်
နေ့ဖွားဗေဒင်
ဖြန့်ချိရေး > လိုင်စာပေ (မန္တလေး) ဖုန်း- ၀၂ ၇၃၆၈၉ ၀၉ ၉၁၀၂၈၀၇၇၊ ၀၉ ၄၄၄၀၁၅၁၆၉
> ဟိုးရိုးစာပေ (ရန်ကုန်) ဖုန်း- ၀၉ ၇၃၀၅၆၈၇၂၊ ၀၉ ၄၃၀၈၉၈၉၇

ကျန်းမာရွှင်မြူး အစဉ်ရေကူး၊ ရေကူးမတတ်လျှင် ရေကူးသင်
ကုက္ကိုင်းရေကူးအသင်း နွေရာသီရေကူးသင်တန်း
ရေမကူးတတ်သူများနည်းစနစ်မှန်ကန်စွာဖြင့်စနစ်တကျသင်ကြားပေးနေသည့် ကုက္ကိုင်းရေကူးအသင်း၏ နွေရာသီရေကူးသင်တန်းတွင် စနစ်တကျသင်ယူပါ။
■ အိုလံပစ်ရေကူးနည်း (၄)မျိုးအနက် -
+အလွတ်ကူးနည်း
+ရင်ဘောင်ကူးနည်း
+ပက်လက်ကူးနည်း(၃)မျိုးကိုသင်တန်းရက်မှန်ပါက မတတ်မချင်း သင်ပေးမည်။
■ သင်တန်းသားအားလုံး သင်တန်းဆင်းအမှတ်တရဓာတ်ပုံလက်ဆောင်ပေးမည်။
■ သင်တန်းဆင်းလျှင် ရေကူးပြိုင်ပွဲကျင်းပ၍ ထိုက်ထိုက်တန်တန်ဆုချီးမြှင့်မည်။
သင်တန်းကြေး- အသင်းဝင် - ၄၀၀၀၀ ကျပ်
ပြင်ပ - ၅၀၀၀၀ ကျပ်
သင်တန်းအချိန်
(၁) နံနက် (၀၆း၃၀) နာရီမှ (၀၈း၃၀) နာရီထိ
(၂) နံနက် (၀၉း၀၀) နာရီမှ (၁၁း၀၀) နာရီထိ
သင်တန်းစတင်မည့်ရက် သင်တန်းပိတ်မည့်ရက်
၂၉.၄.၂၀၁၄ (အင်္ဂါနေ့) ၃၁.၅.၂၀၁၄ (စနေနေ့)
(တနင်္ဂနွေ၊ တနင်္လာနေ့မှအပ တစ်ပတ်လျှင် ၅ ရက်သင်မည်)
အမှတ်(၃၄)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၅၄၂၇၄၉၊ ၀၁ ၄၀၁၄၆၇၊ ၀၉ ၇၃၂၂၄၀၅၉

ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေဒေသတွင် ဘက်စုံပညာ ထူးချွန်လူငယ် (လူရည်ချွန်) အပန်းဖြေစခန်းဖွင့်လှစ်မည်

ပုသိမ် ဧပြီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေဒေသတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်း ရွေးချယ်ခံထားရသော ဘက်စုံပညာထူးချွန် လူငယ်(လူရည်ချွန်) အပန်းဖြေစခန်းဖွင့်လှစ်ပြီး တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူများကို အပန်းဖြေခြင်းနှင့် လေ့လာရေးခရီးစဉ်များ စေလွှတ်သွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ သိရသည်။

ငွေဆောင် အပန်းဖြေစခန်းသို့ တက္ကသိုလ်ဝင်တန်း ဘက်စုံပညာထူးချွန်လူငယ်ကျောင်းသား ကျောင်းသူ ၁၇၄ ဦးနှင့် ကြီးကြပ်သူ ဆရာ ဆရာမ ၁၈ ဦး စုစုပေါင်း ၁၉၂ ဦးတို့ လာရောက်ကြမည်ဖြစ်ကြောင်း၊ ဧပြီ ၂၈ ရက်မှ မေ ၁ ရက်အထိ စခန်းဖွင့်လှစ်ထားမည်ဖြစ်ပြီး ပုသိမ်မြို့ရှိ အထည်ချုပ်စက်ရုံများ၊ ပုသိမ်ထီးလုပ်ငန်းနှင့် ပုသိမ်ဟာလဝါလုပ်ငန်းများ၊ ငွေဆောင်ကမ်းခြေ သဇင်ကျေးရွာတွင် ရေလုပ်သားများ၏ ငါးဖမ်းငါးလှန်းလုပ်ငန်းများ၊ ပုစွန်မွေးမြူရေးကန်များ၊ ဟိုတယ်/ခရီးလုပ်ငန်းများအား လေ့လာရေးသွားရောက်ကြမည်ဖြစ်ပြီး ၁၉၈၈ ခုနှစ်အထိ ရွေးချယ်ခံခဲ့ကြရသော လူရည်ချွန် ကျောင်းသားဟောင်းကြီးများနှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းသား လူငယ်များ၏အပန်းဖြေလေ့လာရေး ခရီးစဉ်အတွင်း လုံခြုံရေး၊ ကျန်းမာရေးများကို ပံ့ပိုးဆောင်ရွက်ပေးထားသည့်အပြင် ပင်လယ်ပြင်အတွင်းတွင်လည်း တစ်စင်းလျှင် ခြောက်ဦးစီ ပါဝင်သော ရေပြင်လုံခြုံရေး Boat လေးစင်းဖြင့် အချိန်ပြည့် စောင့်ရှောက်မှုပေးသွားမည်ဖြစ်ကြောင်း ငွေဆောင်မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးက ဆိုသည်။

သမီးတို့ကို အခုလိုရွေးချယ်ပြီး အသိအမှတ်ပြုကာ ဝမ်းသာဂုဏ်ယူပါတယ်၊ နောက်နှစ်မှာလည်း သုံးထပ်ကွမ်း ထူးချွန်လူငယ်ဖြစ်အောင် ဆက်ကြိုးစားပါ့မယ်ဟု ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အထကခွဲ (အလက-၁) ကျောင်းမှ နဝမတန်း ဘက်စုံပညာထူးချွန်လူငယ် မယဉ်မျိုးမြတ်ဦးက ပြောကြားသည်။

ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်းများကို ဧပြီ ၂၈ ရက်မှ မေ ၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဋ္ဌမတန်း ကျောင်းသားများအတွက် ပုဂံဒေသ နဝမတန်းကျောင်းသားများအတွက် အင်းလေးဒေသနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသားများအတွက် ငွေဆောင်ဒေသတို့ကို စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုခန့်ငြိမ်း

ရှာအဝင် ချောင်းကူးတံတား တည်ဆောက်ပြီးစီး ကျေးရွာလျှပ်စစ်မီး ရရှိရေးလည်း ဆောင်ရွက်နေ

သထုံ ဧပြီ ၂၂

မွန်ပြည်နယ် သထုံမြို့နယ် ကတိုက်ကြီးကျေးရွာ ရှာအဝင် ချောင်းကူးတံတားတည်ဆောက်နေမှုမှာ ပြီးစီးနေပြီဖြစ်၍ ဧပြီလအကုန်တွင် ပြည်သူများ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"မရမ်းကုန်း၊ ကတိုက်ကြီး၊ ကတိုက်ကလေးစတဲ့ အောက်ကွင်းကျေးရွာတွေကို ဆက်သွယ်ပေးတဲ့အပြင် လယ်မြေဧက ၂၀၀၀၀ ကျော်က လယ်ယာထွက်ကုန်ပစ္စည်းတွေအတွက် အဓိကကျတဲ့ ကုန်ထုတ်တံတားလည်းဖြစ်ပါတယ်" ဟု ကတိုက်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်အေးက ပြောပြသည်။ ယခင်က သစ်သားတံတားမှာ နှစ်ပေါင်း ၆၀ ကျော် အသုံးပြုခဲ့ပြီးဖြစ်သဖြင့် ဟောင်းနွမ်းပျက်စီးနေပြီဖြစ်သောကြောင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် မွန်ပြည်နယ်အစိုးရမှ ပံ့ပိုးငွေ ၂၈၂ သိန်းဖြင့် အလျား ၇၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၆ ပေရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ "ကျွန်တော်တို့ကျေးရွာက လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြတာပါ။ ကျေးရွာအနေနဲ့ ယခုလိုတံတားမျိုး တည်ဆောက်နိုင်ဖို့ အခက်အခဲရှိပါတယ်။ အခုဆိုရင် ကျေးရွာမှာရှိတဲ့ ဒေသခံ ၃၂၇၈ ဦးအပြင် လယ်ယာမြေဧကပေါင်းများစွာမှ ပြည်သူတွေက သူတို့ရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စအဝဝအတွက် တစ်နှစ်ပတ်လုံး အသုံးပြုနိုင်တော့မှာဖြစ်လို့ အလွန်ဝမ်းသာနေကြပါတယ်။ နောက်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးကလည်း အဓိကကျပါတယ်။ ကျွန်တော်တို့ကျေးရွာမှာ အခုဆို လျှပ်စစ်မီးအသုံးပြုနိုင်ဖို့အတွက် အခြားကျေးရွာတွေနဲ့ပေါင်းစပ်ပြီး မီးလင်းရေးကော်မတီဖွဲ့စည်းထားပြီးပါပြီ။ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့လည်း မီးရရှိရေးဆောင်ရွက်နေပါတယ်။ ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်း မြင့်မားလာဖို့အတွက် လျှပ်စစ်မီးရရှိရေးကိုလည်း ဝိုင်းဝန်းကူညီကြစေချင်ပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။

သက်ဦး(သထုံ)

ယာဉ်အန္တရာယ်ကင်းဝေးစေရန် မီးပွိုင့်တပ်ဆင်

မလှိုင် ဧပြီ ၂၂

မလှိုင်မြို့နယ်အတွင်း ဖြတ်သန်းသွားလာနေသော လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန်အတွက် မြို့လယ်လမ်းဆုံတွင် လမ်းအချက်ပြမီးပွိုင့်ကို ဧပြီ ၁၉ ရက်က တပ်ဆင်ပြီးစီးကြောင်း သိရသည်။

အဆိုပါ လမ်းအချက်ပြမီးပွိုင့်ကို မိတ္ထီလာ-မြင်းခြံ မော်တော်ကားလမ်းနှင့်မြို့လယ်လမ်းဆုံရာတွင် တပ်ဆင်ထားရှိပြီး ဒေသခံပြည်သူများ မီးပွိုင့်အသုံးပြု ဖြတ်သန်းသွားလာတတ်စေရန်နှင့် မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ကဦးဆောင်၍ ပညာပေးလမ်းညွှန်ပေးလျက်ရှိသည်။

လမ်းအသုံးပြုသူ အများစုမှာ ကျေးလက်နေပြည်သူများဖြစ်၍ မိမိတို့ဒေသထွက်ကုန်သီးနှံများကို မြို့ပေါ်ရှိပွဲရုံများ၊ ငါးရက်တစ်ဈေးခင်းသည့် မြို့မစည်ပင်သာယာဈေးအတွင်း လာရောက် ရောင်းဝယ်ကြသူများသဖြင့် မီးပွိုင့်တပ်ဆင်ပေးခြင်းဖြင့် ယာဉ်အန္တရာယ် ကင်းဝေးစေသည့်အပြင် မြို့အင်္ဂါရပ်နှင့်ညီညွတ်စေပြီး လမ်းအသုံးပြုသူအများစု စိတ်လက်ချမ်းသာစွာ သွားလာနိုင်သဖြင့် ဒေသခံပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က ရွာကနေလာပြီး မလှိုင်ဈေးကို ငါးရက်တစ်ဈေး လာရောက် ဈေးရောင်း ဈေးဝယ်လုပ်ရတဲ့ ဒေသခံတွေဖြစ်ပါတယ်။ အခုလို မီးပွိုင့်တပ်ဆင်လိုက်တဲ့အတွက် စနစ်ကျသွားတာပေါ့။ အရင်ကတော့ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုနဲ့သွားလာနေကြပြီး ယာဉ်စည်းကမ်းကို သေချာမလိုက်နာကြဘူး။ ဆိုင်ကယ်တွေက များလွန်းလို့ သတိထားသွားလာနေရတယ်၊ အခုတော့ မီးပွိုင့်မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်းသွားလာနိုင်လို့ ယာဉ်အန္တရာယ်ကင်းဝေးပြီး ကျွန်တော်တို့လို ဒေသခံကျေးရွာသားတွေအဖို့ အတော့်ကို အဆင်ပြေပါတယ်"ဟု ဈေးလိုက်လာသူ ငွေ့အိုင်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်။

အောင်ဌေး(မလှိုင်)

ပုလဲရတုမင်္ဂလာ ဆုတောင်းလွှာ

၂၃-၄-၂၀၁၆ ရက်တွင်ကျရောက်သော ဖေဖေဗိုလ်မှူးမြအောင်(ငြိမ်း)နှင့် မေမေ ဒေါ်မာမာသိမ်း (အထပြ-ငြိမ်း)တို့၏ နှစ် (၃၀)မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောသား၊ သမီး၊ မြေးတို့နှင့်အတူ သာယာချမ်းမြေ့သောဘဝကို ကျန်းမာပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

သား- ဗိုလ်ကြီးသိမ်းသူရအောင်-ဒေါက်တာအင်ကြင်းစိုးမိုး
မြေး- မမိုးကုံ့ကော်သိမ်းအောင် (Olympians Learning Hub)
သမီး- မနှင်းဖြူစင်သိမ်းအောင် (Final Part II, UM-1)

YangonTownship Map
Update များအမြဲပြုလုပ်နေသော GIS Map

Tel : 204020

Digital Maps of YANGON MYANMAR
MAPS
Myanmar GIS up to Village Tract Level
- ရန်ကုန်မြေပုံများကို ခရိုင်အလိုက်သော်လည်းကောင်း၊ မြို့နယ်တစ်ခုခြင်း၏အသေးစိတ်အချက်အလက်ဆောင်ရွက်လိုလျှင်လည်းကောင်း။
- မိမိလုပ်ငန်းအတွက်မြေပုံများမှ လိုအပ်သည့် တစ်စိတ်တစ်ဒေသကိုပုံကြီးချဲ့၍ ထုတ်လိုလျှင်လည်းကောင်း။
- မိမိလုပ်ငန်းနှင့်သက်ဆိုင်သော အချက်အလက်လမ်းကြောင်းများကို ထင်ရှားပေါ်လွင်အောင်ပြုလုပ်၍ ထုတ်လိုလျှင်လည်းကောင်း။

ဝန်ဆောင်မှုများကိုအချိန်တိုအတွင်း အမြန်ဆောင်ရွက်ပေးလျက်ရှိပါသည်။

Yangon Map ကို GIS အဖြစ် Soft Copy ဖြင့် ရရှိနိုင်ပါပြီ။ ရန်ကုန်မြို့လမ်းများ မြေပုံ(လမ်းအကျယ်များပါ) အထင်ကရနေရာများ မြစ်ချောင်း ၊ရေကန်များကို GPS နှင့် ထပ်ကြည့်၍ရပါသည်။

Available:
GPS : Garmin, NAVA
GPS ငှားရမ်းပေးသည်၊တစ်ရက် ၉၀၀၀/ကျပ်သာ

165, 35 St (Middle) , KTDA Tsp, Yangon.Tel: 24 52 30, 0950-30177, www.dpsmap.com, Email: admin@dpsmap.com

ပီနံအိတ် မိုးကာထုတ်လုပ်သောစက် (The Hole Line) စက်တစ်ခုလုံး ရောင်းရန်ရှိသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၉၈၄၅၂

ဒေါက်တာ ဆရာမြင့် (စကြာမင်း) ရဲ့
မြင့်မြန်မာ အမှတ်တံဆိပ်
အကြောပြေ ဝမ်းမှန်ဆေး

အပူအပုပ်ကင်းပြီး အကြောတက်သြောင်းညာကင်းဝေး
အဆီကျ၍ကျန်းမာစေတဲ့ ဆေး...၊ ဆေးတစ်မျိုးတည်းနဲ့
အကြောလည်းပြေ ဝမ်းလည်းမှန်တဲ့ မြင့်မြန်မာ အမှတ်တံဆိပ်
အကြောပြေဝမ်းမှန်ဆေး...

ပင်ရင်း စကြာမင်းဆေးတိုက်နှင့် ဆေးကုဌာန - အမှတ်(၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉၇၃၂၃၁၀၆၁။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ယူနီဆက်ဖ်၌ အလုပ်ရမည်ဆိုကာ လူကုန်ကူးခံခဲ့ရသူ အမျိုးသမီး တရုတ်နိုင်ငံ ရဲတပ်ဖွဲ့က ပြန်လည်လွှဲပြောင်းပေး

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်မှ အမျိုးသမီးတစ်ဦးသည် တရုတ်နိုင်ငံတွင် လူကုန်ကူးခံရပြီး ထွက်ပြေးလာကာ တရုတ်နိုင်ငံ မိန်းတိန်မြို့ မိန်းတိန်ရဲစခန်းတွင် ရောက်ရှိနေသဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ရေး မိခင်ဖြစ်သူထံ ဖုန်းဖြင့် အကြောင်းကြားချက်အရ မိခင်ဖြစ်သူသည် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု (ရန်ကုန်)သို့ ဆက်သွယ်အကြောင်းကြားခဲ့ရာ တပ်ဖွဲ့စု(ရန်ကုန်)မှ တပ်ဖွဲ့စိတ် (ချင်းရွှေဟော်)သို့ ဆက်လက်အကြောင်းကြားခဲ့ကြောင်း သိရသည်။

တပ်ဖွဲ့စိတ် (ချင်းရွှေဟော်)မှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၉ ရက် နံနက်တွင် တရုတ်နိုင်ငံ နှစ်နိုင်ငံဆက်ဆံရေးမစ္စတာလီကျင့်မြင်မှတစ်ဆင့် မိန်းတိန်ရဲစခန်းသို့ ဆက်သွယ်အကူအညီတောင်းခံခဲ့ရာ မိန်းတိန်ရဲစခန်းမှ ညနေ ၃ နာရီတွင် အဆိုပါအမျိုးသမီးကို တရုတ်-မြန်မာ နယ်စပ်ဂိတ်သို့ လာရောက်လွှဲပြောင်းပေးသဖြင့် တပ်ဖွဲ့စိတ် (ချင်းရွှေဟော်) မှ လက်ခံခဲ့ပြီး လိုအပ်သည့် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ကာ ဧပြီ ၂၁ ရက် နံနက်တွင် တပ်ဖွဲ့စု(ရန်ကုန်)မှ တစ်ဆင့် မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံ မေးမြန်းချက်များအရ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ၈ ရပ်ကွက် ရာဇမိရာဇ်လမ်းနေ မစိုးစိုးဆိုသူက ၂၀၁၂ ခုနှစ် နိုဝင်ဘာအတွင်းတွင် ကာယကံရှင် အမျိုးသမီးအား ရှမ်းပြည်နယ်ရှိ UNICEF တွင် ဆေးဝါးဖြန့်ဖြူးရသည့် အလုပ်လုပ်ရမည်ဖြစ်ကြောင်း၊ တစ်လလျှင် ငွေကျပ် တစ်သိန်းခွဲ(သို့) နှစ်သိန်းရမည်ဟု စည်းရုံးခဲ့ကြောင်း၊ လားရှိုးသို့ ရောက်ပြီးမှ အလည်သွားမည်ဟုဆိုကာ တရုတ်နိုင်ငံ မိန်းတိန်မြို့သို့ ခေါ်ဆောင်သွားကြောင်း၊ မိန်းတိန်မှ တစ်ဆင့်အမ်းဟွေ့မြို့သို့ ပို့ဆောင်ခဲ့ပြီး တရုတ်အမျိုးသား ချွမ်ချမ်း (Mr. Quig Quan)ထံ တရုတ်ငွေယွမ် ၅၆၀၀၀ ဖြင့် ရောင်းစားခဲ့ကြောင်း၊ အမ်းဟွေးမြို့တွင် သုံးလခန့် နေထိုင်ခဲ့ပြီးနောက် တရုတ်အမျိုးသား အလုပ်လုပ်ကိုင်သော ရှန်ဟိုင်းမြို့သို့ လိုက်ပါနေထိုင်ခဲ့ရာ သမီးတစ်ဦးမွေးဖွားခဲ့ကြောင်း၊ တရုတ်နိုင်ငံသို့ ရောက်ရှိပြီး တစ်နှစ်ကျော်ကြာသည့်အထိ ဘာသာစကား အခက်အခဲကြောင့် မြန်မာနိုင်ငံရှိ မိဘများထံ အဆက်အသွယ် မပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် မတ်လရောက်မှ တရုတ်စကား အနည်းငယ်ပြောတတ်လာပြီး မြန်မာနိုင်ငံသို့ ဖုန်းခေါ်ဆိုသည့်နည်းလမ်းကို သိရှိ၍ မိခင်ဖြစ်သူထံ ဆက်သွယ်ပြီး ၎င်းအား တရုတ်ယောကျ်ားထံရောင်းစားခဲ့သူ မစိုးစိုးအား အမှုဖွင့်တိုင်တန်းပေးရန်နှင့် တရုတ်ပြည်မှ ပြန်လည်ခေါ်ဆောင်နိုင်ရေး ဆောင်ရွက်ပေးရန် ပြောဆိုခဲ့ကြောင်း၊ ယောကျ်ားဖြစ်သူထံ ခွင့်တောင်း၍ဧပြီ ၁၅ ရက်တွင် ပြန်လာခဲ့ရာ ၁၈ ရက် နံနက်တွင် လူကုန်ကူးခံရမှုနှင့် ပတ်သက်၍ မိန်းတိန်ရဲစခန်းသို့ သွားရောက်အကူအညီတောင်းခံခဲ့ပြီး မိခင်ဖြစ်သူထံသို့လည်း မိန်းတိန်ရဲစခန်းတွင် ရောက်ရှိနေကြောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့များနှင့် ကူညီဆောင်ရွက်ပေးရန် ပြောဆိုခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက လူကုန်ကူးခံရသူ၏ မိခင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ရွှေပြည်သာမြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မဖြင့် မစိုးစိုးအား အမှုဖွင့်အရေးယူထားသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

သတင်းတိုများ

နွားဆွဲယူမောင်းနှင်လာစဉ် မသင်္ကာ၍ အမှုဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့မရဲစခန်း၏ အနောက်ဘက် မိုင် ၂၀ ခန့်အကွာ ကြောင်လည်ကျေးရွာအနီး မသင်္ကာဖွယ်ရာ ဆွဲယူမောင်းနှင်လာသည့် နွားထီးတစ်ကောင်ကို စစ်ဆေးတွေ့ရှိခဲ့သည်။ ဖြစ်စဉ်မှာ ဧပြီ ၂၀ ရက် နံနက် ၁ နာရီခွဲက ပင်ပုံရဲကင်းမှူး ရဲတပ်ကြပ်ကြီး မင်းမင်းထွေးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ကြောင်လည်ကျေးရွာအနီး လယ်ကွင်းသွားလမ်းမပေါ်တွင် မောင်ထွားနှင့်မောင်ထွေးဆိုသူတို့နှစ်ဦးအား နွားထီးတစ်ကောင်နှင့်အတူ ဆွဲလာစဉ်တွေ့ရှိရသဖြင့် မသင်္ကာ၍ စစ်ဆေးမေးမြန်းရာ ၎င်းတို့ပိုင်ဆိုင်သည့် နွားဖြစ်ကြောင်း ခိုင်လုံသော သက်သေအထောက်အထားများ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် အခြားတစ်နေရာမှခိုးယူလာသော နွားဖြစ်နိုင်ကြောင်း မသင်္ကာဖွယ်ရာ စစ်ဆေးတွေ့ရှိခဲ့သည်။ ရဲတပ်ကြပ်ကြီး မင်းမင်းထွေးကတိုင်ကြားခဲ့ရာ မောင်ထွေး (၂၉ နှစ်) နန်းညှင်းရွာ ဗန်းမောက်မြို့နယ်နေသူနှင့် မောင်ထွေး (၃၅ နှစ်) ထုံးပုတ်ရွာ ဗန်းမောက်မြို့နယ်နေသူတို့နှစ်ဦးအား မံစီကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

လူစီးရထားတွဲလမ်းချော်

မြင်းမူမြို့နယ်နှင့် စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းကျင်ကျေးရွာအကြား မိုင်တိုင်အမှတ် (၄၁၈/၁၈)နှင့်(၄၁၈/၁၉)အကြားတွင် ဧပြီ ၁၈ ရက် နံနက် ၈ နာရီ ၅ မိနစ်က လူစီးရထားအမှတ် (၁၂၄)အစုန်ရထားသည် တွဲအမှတ် RBE (၂၅၇၁)၏ ဘီးအမှတ် (၅၊၆၊၇၊၈)တို့သည် တွဲချော်ကျသွားသဖြင့် ရထားရပ်တန့်မှုဖြစ်ပေါ်ခဲ့ရာ မြန်မာ့မီးရထားရှာထောင်မှ ပြုပြင်ပေးခဲ့ပြီး မန္တလေးသို့ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ **ကိုကိုနိုင်(မြင်းမူ)**

တစ်ပတ်အတွင်း တရားမဝင်သစ်များ နှစ်ကြိမ်ဖမ်းဆီးရမိ

မြင်းမူ ဧပြီ ၂၂

ဧပြီ ၁၈ ရက် နံနက် ၃ နာရီက သတင်းအရ မြင်းမူမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးတင်စိုး၊ တောအုပ် ဦးလှိုင်လှိုင်ကို၊ တောအုပ် ဦးသီဟဇော်တို့ပါဝင်သော သစ်တောဝန်ထမ်းများနှင့် မြင်းမူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့ ဒုတိယရဲအုပ် ဝင်းကိုကိုတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည်သတင်းအရ ထီးဆောင်းအရာတော် လမ်းမိုင်တိုင်(၆/၁) နှင့်(၆/၂)အကြားတွင် ရပ်တန့်ထားသော ယာဉ်အမှတ် (၉က/----)ဟီးနိုး ခြောက်ဘီး(ပြာ) ယာဉ်ကို မသင်္ကာသဖြင့် စစ်ဆေးရာ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ တွေ့ရှိခြင်းမရှိဘဲ မြေပဲခွံအိတ်များဖြင့် ဖုံးအုပ်၍ တရားမဝင်တမလန်းသစ်များ တင်ဆောင်ထားသည်ကို တွေ့ရှိရသဖြင့် မော်တော်ယာဉ်ကို မြင်းမူမြို့နယ် သစ်တောရုံးဝင်းအတွင်း မောင်းနှင်ခဲ့ပြီး သက်သေများရှေ့တွင် ဖွင့်ဖောက်စစ်ဆေးရာ တရားမဝင်တမလန်းသစ်ခွဲသား ၉၃ ချောင်း၊ ၇ ဒသမ ၂၈၃၂ တန် တမလန်းသစ်(၂ ပေ ဝ လက်မမှ ၂ ပေ ၁၂ လက်မအထိ) နှစ်လုံး၊ ဝ ဒသမ ၁၁၆၀ တန် စုစုပေါင်း ၇ ဒသမ ၃၉၉၂ တန် ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

အမှုနှင့်ပတ်သက်၍ မြင်းမူမြို့မရဲစခန်းက အမှုဖွင့်အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၇၉)**

ကမ္ဘာ့နံပါတ် (၁) အားဖြည့်အချိုရည် RedBull တွင်
တာဝန်ထမ်းဆောင်ပြီး သင့် ဘဝရဲ့
ရည်မှန်းချက်ပန်းတိုင်ကို စွမ်းအားအပြည့်ဖြင့် လျှောက်လှမ်းလိုက်ပါ...

● အရောင်း မန်နေဂျာ ၃၀ ဦး
● အရောင်း ကြီးကြပ်ရေးမှူး ၅၀ ဦး
● စာရင်းကိုင် ၂၀ ဦး
● စာစီစာရိုက် ၅ ဦး
● အရောင်း ဝန်ထမ်း ၃၀၀ ဦး
● ရောင်းမောင်း ၂၀၀ ဦး

စိတ်ပါဝင်စားသူများသည် ဖော်ပြပါလိပ်စာများအတိုင်း ရုံးချိန်အတွင်းပေးပို့လျှောက်ထားနိုင်သည်။

ရန်ကုန် - အမှတ်(15)၊ Junction Square Compound၊ ပြည်လမ်း နှင့် ကျွန်းတောလမ်းကြား၊ စိုက်ပျိုးရေးမှတ်တိုင်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၄၄၈၀၀၇၅၅၉၊ ၀၉ ၅၄၀ ၅၄၅၄
မန္တလေး - အမှတ်(၁၆၅)၊ ၂၉လမ်း၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - (၀၂) ၃၃၈၀၆၊ ၃၆၈၅၅
နေပြည်တော် - ပျဉ်းမနား-လယ်ဝေးလမ်းဟောင်း၊ ပြည်သူ့ဆေးရုံအနီး၊ နယ်မြေ(၇)၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့။ ဖုန်း - (၀၆၇) ၂၂၆၇၃၊ ၀၉ ၈၆၄၀၈၈၈
ပြည် - ပြည်-အောင်လံလမ်း၊ စိုက်ပျိုးရေးဂိုဒေါင်ဝင်း၊ ရန်အောင်မြင်ဘုရားအနီး၊ ပြည်မြို့။ ဖုန်း - (၀၅၃) ၂၈၁၈၅၊ ၀၉ ၅၃၁ ၂၅၁၇
မော်လမြိုင် - အမှတ် (၁၃၇)၊ ကျိုက္ခမီလမ်း၊ ဈေးချိုဆန်တန်းရပ်ကွက်၊ မော်လမြိုင်မြို့။ ဖုန်း - (၀၅၇) ၂၆၇၀၈၊ ၀၉ ၅၃ ၂၃၀၄၄

▲စာတိုက်သေတ္တာအမှတ် - ၈၂၁ ▲Email : vacancy@cg-m.com

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

မင်္ဂလာပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးသိန်းအောင် [ဒု-အထွေထွေမန်နေဂျာ(ငြိမ်း) မြန်မာ့သစ်လုပ်ငန်း] + (ဒေါ်ခင်အုန်းမြင့်) [အ.ထ.ပြ(ငြိမ်း)]
တို့၏သား

မောင်ဆန်းလွင်အောင်

B.Sc (Maths), IDCS (NCC), DCS
Diploma in Electronic Technology (YTU)
Service Advisor (T.T.A.S. CO., LTD)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ
(ဦးမော်ကြီး) [လ/ထမန်နေဂျာ၊မြန်မာ့သစ်လုပ်ငန်း] +ဒေါ်ချိုချို
တို့၏ သမီးကြီး

ဒေါက်တာရီရီဝင်း

B.Sc (Hons;), M.Sc (Credit), PhD(Maths) YU

ပါမောက္ခချုပ်၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)

တို့၏ (၁၈.၄.၂၀၁၄)ရက်၊ သောကြာနေ့တွင် ပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးသည့်အခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်းအားလည်းကောင်း၊ (၂၀.၄.၂၀၁၄)ရက် စနေနေ့တွင် Yuzana Graden Hotel၌ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ကုံးများ ချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း နှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော သဒ္ဓမ္မဇောတိကဓဇအဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့် ဇနီးအဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ဆရာကြီး၊ဆရာမကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ချစ်သူငယ်ချင်းများနှင့် ချစ်တပည့်များအားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးချုပ်လုပ်ပေးပါသော Designer မျိုးမင်းစိုး၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးပါသော လင်းလင်း(Make-up Artist) တို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော် အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေး သံရှင် အကယ်ဒမီငြိမ်းငြိမ်းအိ၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဧည့်ခံပေးပါသော The Aces တေးဂီတအဖွဲ့၊မင်္ဂလာပန်းကြဲ မဖူးဖူးအောင်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင် မမေဘရဏီကျော်၊မင်္ဂလာသတို့သားအရံ မောင်သန်းဆွေထွန်းနှင့် မောင်မြတ်ကိုကိုဝင်း၊ မင်္ဂလာသတို့သမီးအရံ မရွှေဝါအောင် နှင့် မမြတ်သီတာကျော်၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော မအိအိခိုင်နှင့် 7 Picture အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်းမင်္ဂလာလက်ဖွဲ့များပေးပို့ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊Yuzana Graden Hotel မှဝန်ထမ်းများနှင့် ဤမင်္ဂလာပွဲအား အစစအရာအဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ဆန်းလွင်အောင် + ဒေါက်တာရီရီဝင်း

ထိမ်းမြားမင်္ဂလာဆုမွန်လွှာ

ကိုပေါ်နှင့် ရီဝင်း ချစ်သူငယ်ချင်းနှစ်ဦးတို့၏ ၂၀-၄-၂၀၁၄ ရက်တွင် ကျင်းပသော ထိမ်းမြားမင်္ဂလာပွဲမှသည် နှစ်ပေါင်းတစ်ရာတိုင် မင်္ဂလာရှေ့လက်တွဲ၍ ပျော်ရွှင်အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သူငယ်ချင်းများ-

နိုင်ဝင်း-နီလာ
မောင်စိုး-နုခိုင်
သာကြီး-သင်းသင်း

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ် ၁၆၉၊ မြေကွက်တည်နေရာအမှတ် ၁၆၉၊ (၃၀)ရပ်ကွက်၊ ဒဂုံမြောက် ဦးစိန်ရွှေ CF-၁၄၁၅၄၈ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးစိန်ရွှေ ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းနွဲ့ ၁၂/ဗတထ(နိုင်)၀၁၄၇၅၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Probox Taxi
ငှားရန်အလိုရှိသည်

(7.F) (1.3) တစ်လက်ကိုင်၊ နေ့မောင်းနံနက် ၆ နာရီ၊ ည ၈ နာရီ၊
စပေါ် ၂၀၀၀၀၀၊ တစ်နေ့ ၁၀၀၀၀။
ဖုန်း-၂၅၀၆၅၀၁၀၂၊ ၄၂၀၂၈၀၅၃၉

မွေးနေ့မင်္ဂလာဆုမွန်တောင်းလွှာ

* ဇနီးမယားအပေါ် အေးချမ်းမှု၊ လုံခြုံမှု၊ နွေးထွေးမှုကိုပေးသော
* သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားဆိုသကဲ့သို့ နားခိုရာ အရိပ်အာဝါသအပြည့်အဝပေးသော
* ဖခင်တစ်ယောက်ကဲ့သို့ ဆုံးမသွန်သင်လမ်းပြသော
* လင်ယောကျ်ားကောင်းပီသစွာ ချင်ခင်ကြင်နာသော၊ အလိုလိုက်အကြိုက်ဆောင်သော
* အဆွေခင်ပွန်းကောင်းတစ်ယောက်ကဲ့သို့ အရာရာကိုနားလည်ပေးသော ခင်ပွန်းဖြစ်သူ ဦးသက်ဆွေ၏ ၁၅-၄-၂၀၁၄ ရက်တွင် ကျရောက်သော

မွေးနေ့ မင်္ဂလာမှသည် ဆံဖြူသွားကျိုးတဲ့အထိ ယမင်းနှင့်အတူယှဉ်တွဲ၍ ဘဝ၏ အနိမ့်အမြင့်လောကဓံများကို အောင်မြင်ပျော်ရွှင်စွာ ကျော်ဖြတ်နိုင်ပါစေ-

ချစ်တဲ့
ယမင်း

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးရုံးချုပ်
ရုံးအမှတ်(၅၁)၊ နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(Open Tender)

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများနှင့် ဆေးခန်းများအတွက် လိုအပ်သောဆေးဝါးများကို အပ်ကုန်စနစ်ဖြင့်ဖြစ်စေ၊ ဆေးဆိုင်များဖွင့်လှစ်၍ တာဝန်ယူရောင်းချခြင်းဖြင့်ဖြစ်စေ၊ ရောင်းချပေးသွင်းနိုင်သော ဆေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။ အသေးစိတ်စုံစမ်းလိုပါက လူမှုဖူလုံရေးရုံးချုပ်၊ ဆေးဌာန ဖုန်း-၀၆၇-၄၃၀၂၈၁၊ ၀၆၇-၄၃၀၃၈၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၀-၄-၂၀၁၄
တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၉-၅-၂၀၁၄

လူမှုဖူလုံရေးအဖွဲ့
လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်

မြန်မာ့မီးရထားပိုင်မြေများအား နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့

အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် အထောက်အကူဖြစ်စေရေး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြန်မာ့မီးရထားပိုင်မြေနေရာများတွင် လုပ်ငန်းလုပ်ကိုင်လိုသည့် ပြည်တွင်း(ပုဂ္ဂိုလ်) အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ တင်ဒါအဆိုပြုတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

(က) ဖြူးဘူတာအနီး၊ စည်ပင်ပန်းခြံ အလျား ၃၃၀ပေ× အနံပေ ၉၀=၂၉၇၀၀ စတုရန်းပေ၊ ခန့်မှန်း ၀ ဒသမ ၆၈၂ ဧက၊

(ခ) ဖြူးဘူတာအနီး အလျား ၃၈ ပေ×အနံ ပေ၃၀= ၁၁၄၀ စတုရန်းပေ၊ ခန့်မှန်း ၀ ဒသမ ၀၂၆ ဧက၊

၂။ အဆိုပါတင်ဒါအတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အချက်အလက်များ ဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀ ဖြင့် ၂၈-၄-၂၀၁၄ ရက်မှ ၂၃-၅-၂၀၁၄ ရက်အထိ မန်နေဂျာ (သွားလာရေး/တိုင်း) တိုင်းအမှတ်(၆)ရန်ကုန်ရုံး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အထက်ဖော်ပြပါ မြေနေရာများကို နှစ်ရှည်ငှားရမ်းသွားမည်ဖြစ်ပြီး ဆောင်ရွက်လိုသည့် လုပ်ငန်းအမျိုးအစားအလိုက်ဖော်ပြလျက် တင်ဒါအဆိုပြုလွှာများကို ၃၀-၅-၂၀၁၄ရက် နောက်ဆုံးထား၍ တင်ဒါယှဉ်ပြိုင်ကြေးနှင့်အတူ ပေးပို့သွားရန် ဖြစ်ပါသည်။ နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၁-၂၉၉၇၇၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

မွေးနေ့မင်္ဂလာဆုမွန်တောင်းလွှာ

ဦးသက်ဆွေ(ဥက္ကဋ္ဌ)

T & Y Group of Companies

မိသားစုအပေါ်တွင် စေတနာ၊ မေတ္တာ၊ ကရုဏာများစွာဖြင့် အစစအရာရာလိုလေသေးမရှိအောင် စွမ်းဆောင်ပေးသော မောင်သက်ဆွေ၏ ၂၀၁၄ခုနှစ် ဧပြီလတွင်ကျရောက်သော မွေးနေ့ရက်မှသည် အသက်(၁၂၀)တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် ဘာသာသာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေ။ ရှေ့ဆက်ပြီး မိသားစုကို ချစ်ခင်နွေးထွေးစွာဖြင့် လိုရာဆန္ဒများကိုဖြည့်ဆည်းပေးနိုင်သောသူဖြစ်ပါစေ။ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျပြီး ချစ်ဇနီး ယမင်းနှင့်အတူယှဉ်တွဲပြီး သာသနာအကျိုးကို သယ်ပိုးနိုင်သူများဖြစ်ပါစေလို့ ဆုမွန်တောင်းလျက်-

ချစ်မိသားစု
ဒေါ်နုနုသိန်း
ချစ်သမီးများ-မိုမိုကို၊ ဖြူဖြူကို

မွေးနေ့မင်္ဂလာဆုမွန်တောင်းလွှာ

ဦးသက်ဆွေ(ဥက္ကဋ္ဌ)

T & Y Group of Companies

T & Y Group of Companies ဥက္ကဋ္ဌ ဦးသက်ဆွေ၏ ဧပြီလတွင်ကျရောက်မည့် မွေးနေ့မှစ၍ ပျော်ရွှင်အောင်မြင်စွာဖြင့် ဘဝခရီးလမ်းကိုဖြတ်သန်းနိုင်ပါစေ။ ကုမ္ပဏီကို တိုးတက်အောင်မြင်အောင် ဦးဆောင်မှုပြုနိုင်ပါစေ။ မွေးနေ့ပေါင်းများစွာကို ချစ်တဲ့ မိသားစုနှင့်အတူ ဆင်နွှဲနိုင်ပါစေ-

ဆုမွန်ကောင်းတောင်းလျက်-

T & Y Group of Companies
မှဝန်ထမ်းများ

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်သိန်းထိုက်ဇော် ၁၂/သလန(နိုင်)၁၁၆၄၂၀သည် မိဘ၏ ဆုံးမမှုကို မနာခံခြင်း၊ မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုသွားပါသဖြင့် သားအဖြစ်မှ ရာသက်ပန် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ လုံး၀(လုံး၀)တာဝန်ယူမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ဦးတင်ထွန်း ၁၂/သလန(နိုင်)၀၆၉၁၆၆

လူမှုရေးကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး

ဒေါ်ခင်စိန် (ငါးသိုင်းချောင်း)

အသက်(၉၁)နှစ်

